


ရွှေပဒေသာစာပေ

# ကြယ်စင်မှူးမေ

မာယာပင်လယ်ပြာ

(အချစ်လုံးချင်းဝတ္ထုသစ်)

## ပုံနှိပ်မှတ်တမ်း

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
**'ရွှေပဒေသာအော့ဖ်ဆက်'**
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၉၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

မာယာပင်လယ်ပြာ
ကြယ်စင်မှူးဝေ
ရွှေပဒေသာစာပေ၊ ၂၀၁၈၊ ရန်ကုန်။
၂၄၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မာယာပင်လယ်ပြာ

# မာယာပင်လယ်ပြာ

## ကြယ်စင်မှူးဝေ

မာယာတွေ ပင်လယ်လို ကြွေတယ်…
နှင်းမှုန်ကလေးတွေ တအေးအေး
အသည်းထဲထိ ဆွေးတယ်…
သက်ထားဝါဆို





ဆွေးတယ်…
ပြန်မရနိုင်တော့တဲ့ ဘဝတွေ
ခါးအက်ရင့်သေး…
ပင်လယ်ကို တကယ်ကြွေယ်တယ်…
ရဲဒီပါ

# အခန်း (၁)

ရဲဒီပါ...

ကျောင်းပြီးသွားပြီမို့ လူက လွတ်လပ်ပေါ့ပါးနေသည်။

ခေတ်စနစ်အရ ကျူရှင်၊ ဂိုက်၊ ကျောင်းဆိုပြီး သုံးနားညီ တြိဂံထဲမှာ ပိတ်မိနေရသည့် ပညာရေးကြီးထဲမှ သူ လွတ်လပ်ခွင့် ရပါပြီ။

တော်ပြီ။ ပညာနဲ့ လုပ်စားရတဲ့အလုပ်၊ စာကျက်ရတဲ့အလုပ် ဆို တော်တော် အော်ဂလီဆန်ပါပြီ။

ဘာပဲပြောပြော ဘီအီးဘွဲ့တစ်ခုတော့ လူရှိသေ ရှင်ရှိသေ ရသွားပြီ။

"ဟင်း...အချိန်တွေ နှမြောစရာ"





အသက်ကလည်း (၂၄) နှစ်ပြည့်ပြီလေ။ လူက လူပုံ ချောချော၊ အရပ်ဖြောင့်ဖြောင့်၊ ဗလဖြောင့်ဖြောင့်၊ ဘောလုံးသမား ဂိုက်နှင့် လက်ဝှေ့သမားဆိုဒ်။ အောင်လနှင့် နင်လား၊ ငါလားပေါ့။ အောင်လကတော့ ထွားလွန်းပါတယ်။

သူ့ရဲ့ ပရော်ဖက်ရှင်နယ်အလုပ်က လက်ဝှေ့သမားမို့ အောင်လခမျာ တောင့်အောင်၊ ဖြောင့်အောင်၊ ခံနိုင်ရည်ရှိအောင် လုပ်ထားရတာပါ။

ရဲဒီပါကတော့ လှရုံ၊ ဖြောင့်ရုံ။ အရပ်က (၆)ပေနီးပါး။ ရုပ်ကအလန်းစား။ ကောင်မလေးတွေ ကြွေကြွ၊ ခိုက်ကြပေမယ့် သူကတော့ ဟေးလားဝါးလား။

ဂျီတီစီက ကောင်တွေ ပွေတယ်၊ လေတယ်လို့ နာမည်ပျက် ရှိကြတာမို့ သူကတော့ ကောင်းအောင်နေသည်။

ပုပ်နေသည့် ငါးခုံးမ လှေထဲမှာ သူကတော့ ကောင်းအောင် နေသည်။ သူငယ်ချင်းတွေ ဘယ်လို ဟားဟား...

ငတုံးလို့ပဲပြောပြော၊ နွားလို့ပဲပြောပြော၊ တော်ကီကြွယ် ကြွယ်နှင့် ကောင်မလေးတွေရဲ့ အသည်းကို၊ ဘော်ဒီကို အသားစား ဘီလူးတွေလို ထွေခင်းကစားနေကြသည့်အထဲမှာ ရဲဒီပါ မပါ။

ဝေရာမဏီပဲ။ ကိုယ့်မှာလည်း အစ်မ (၃)ယောက်နှင့်။

အစ်မတွေကလည်း အချောစား၊ အလန်းစားတွေ။

သူ့ထက်တောင် ချောသေး။ သူကမှ ယောကျ်ားလေးမို့ အလှမပြင်။ သဘာဝအတိုင်း။

သူ့မမတွေကတော့ အိမ်ထောင်တွေကျနေလည်း အလှပြင်ဆိုင်မှ မဆင်း။ သူ အပြစ်ပြောတော့ သူတို့ဆင်ခြေနှင့်သူတို့။

"အစ်မတို့ကလည်း အိမ်ထောင်ကျနေတာတောင် လှချင်ကြတုန်း။ နောက်တစ်ယောက်ရမှာ ကျနေတာပဲ"

"ဟဲ့...ငဒီ...နင် မသိရင် အသာနေ၊ အိမ်ထောင်သည်ဆိုတာ အပျိုထက် ပိုပြင်ရတယ်ဟဲ့။ အပျိုက မပြင်..ပြင်..ပြင် ပြဿနာ မရှိဘူး။ အိမ်ထောင်သည် မပြင်တော့၊ မလှတော့ ကိုယ့်ယောကျ်ား သူများနောက် ပါသွားမှာပေါ့"

"ဟား...မလွယ်ပါလား၊ အစ်မတို့ကလည်း ဥစ္စာခြောက်နေလိုက်ရတာ။ ဒီလောက်တောင် မျက်နှာမလွှဲရ၊ သစ္စာမရှိကြရင်လည်း သွားပေါ့၊ ဂျောင်းပေါ့ဗျ...ဘာခက်တာလိုက်လို့"

အစ်မ (၃) ယောက်ကို ကားမောင်းပို့နေရတာ မအားမလပ်ရတာမို့ မောင်အငယ်ဆုံးလေးပီပီ ရဲဒီပါကလည်း အပေါက်ဆိုးဆိုး။

အစ်မတွေကလည်း သူတို့ရုပ်ကလေးတွေမှ အားမနာ။ ပါးစပ်ထွက်ကတော့ မသက်သာ။

"ဟဲ့...နောလေး...နင်က ကိုယ့်အစ်မတွေကို တစ်ခုလပ်၊





တစ်လင်ကွာ ဘဝတွေနဲ့ မိဘအိမ်ပြန် သောင်တင်စေချင်လို့လား။ နင့်ယောက်ဖတွေကို လွှတ်ထားလို့ကတော့ ဒီခေတ်မိန်းမတွေကလည်း စနိုက်ကြော်မတွေက ခပ်များများ။ ရယ်ဒီမိတ်ကြီးဆိုပြီး ကောက်စွပ်သွားမှာချည်းပဲ"

"ဟာဗျာ..."

"ငါက ရိုးရိုးပြောတာ။ ဒီတော့ ငါတို့အိမ်ထောင်သည်တွေဆိုတာ အပျိုတွေထက် ကိုယ့်ကိုယ်ကိုယ် ပိုပြင်ရ၊ သ,ရတယ်။ ရုပ်ရှင်မင်းသမီးတွေ ကြည့်ပါလား။ အိန္ဒြာကျော်ဇင်ဆို...ကြည့်၊ အသက်က (၄၀) နား ကပ်နေပေမယ့် ပြင်ထားလိုက်တာ။ နုဥနေတော့ ပြေတီဦးခများ မလှုပ်နိုင်တော့ဘူးလေ"

"ဟိုက မင်းသမီး... လှလည်းလှတယ်။ မမတို့လို ခင်သန္တာ သက်ချိုပြုံးတွေ မဟုတ်ဘူး"

"အေး...ငါတို့ ဂျင်ကစားမလို့၊ အားကစားလုပ်ကြမလို့။ လိုက်ပို့ပေး...ဒါပဲ"

"သေပြီ ဆရာ၊ ရဲဒီပါဆိုတဲ့ မောင်အကောင်းစားလေးတော့ အစ်မ (၃) ယောက်ကို အလှပြင်ဆိုင်ပို့၊ ဈေးပို့၊ အားကစားရုံပို့နဲ့ ဘယ်လိုလုပ်အားပြီး ဘယ်တော့ မိန်းမ ရပါတော့မလဲ ခင်ဗျ"

"ငါတို့ကြည့်ပြီး စိတ်ကုန်လိုက်စမ်းပါ...ငဒီရာ၊ မိန်းမ

ယူတာ မကောင်းပါဘူး။ လူပျိုကြီးလုပ်…တူ၊ တူမတွေ ထိန်း။ ဘယ်လောက် အေးချမ်းလိုက်သလဲ။ ဖေဖေနဲ့မေမေ့ဆီက အမွေကို နင်တစ်ယောက်တည်းယူ…ငါတို့ မယူဘူး”

ရဲဒီပါ၏ အစ်မ (၃)ယောက်မှာ ကြည်သာချို၊ သန္တာချို၊ နန္ဒချို…တဲ့။ သူတို့ယောက်ျားတွေကလည်း ဆရာဝန်၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ နောက်တစ်ယောက်က လုပ်ငန်းရှင်။

သူနှင့် အတည့်ဆုံးကတော့ မမကြည်သာရဲ့ခင်ပွန်း ဒေါက်တာနိုင်စွမ်းပါ။ ဒေါက်တာက ပျော်ပျော်နေတတ်ပြီး သဘောလည်းကောင်းသည်။

သူတို့မိသားစုတွေဟာ တစ်အိမ်တည်း စုနေကြတာမျိုးတော့ မဟုတ်။ အဲ…တစ်ရပ်ကွက်တည်းမှာပဲ တိုက်လုံးချင်းတွေနှင့် နေကြပါသည်။

မမကြည်သာတို့ကတော့ မိဘခြံဝင်းထဲမှာပဲ တိုက်ဆောက်နေကြသည်။

ဒေါက်တာနိုင်စွမ်းက သွားဆရာဝန်ပါ။ သူက တော်လည်းတော်၊ နာမည်လည်းရတာမို့ သူ့ဆေးခန်းက ဝင်ငွေတော်တော်ကောင်းပါသည်။

ရဲဒီပါနှင့် အပေါင်းမိဆုံး ယောက်ဖ။

❀





## အခန်း (၁)

“အိုတော်…ပေးမလွှတ်နိုင်ပါဘူး။ တစ်နေ့ကို အနည်းဆုံး သိန်းချီဝင်နေတဲ့ ဝင်ငွေကို ပစ်ပြီး ဆရာကန်တော့ပွဲ သွားရမယ်လို့၊ ဆရာကန်တော့တာပဲ…လှမ်းပြီး ငွေထည့်လိုက်ပေါ့။ ရှင်နော် ရှင်…ဘာအချိတ်အဆက်တွေ ရှိသလဲ…မှန်မှန်ပြော”

မမကြည်သာနှင့် အစ်ကိုနိုင်စွမ်း…သူတို့အိမ်မှာ ရန်မဖြစ်ဘဲ ကိုယ့်အိမ် ဧည့်ခန်းထဲမှာ လာပြီးစကားများနေကြတာပါ။

သူတို့မှာ ကလေး (၂)ယောက်ရသည်ထိ စကားကတော့ အမြဲများနေရ၏။ ရဲဒီပါအမြင်တော့ ကိုယ့်အစ်မ လွန်တာ။

အကိုနိုင်စွမ်းခမျာ မိုးလင်းမှ မိုးချုပ်ထိ ဆေးခန်းပြေး၊ ဆေးရုံပြေးနှင့် အားရနားရသည် မရှိ။ ပြေးစက်ပေါ်က အပြေးသမားလို၊ ငွေပြီးရင်ငွေ ရှာနေရသည်။

"မိန်းမရာ…တစ်နေ့တစ်နေ့ အလုပ်တွေပဲ လုပ်နေရတာ။ ကြာတော့ ငြီးငွေ့လာပြီ။ မိသားစုလိုက် အပန်းဖြေခရီးထွက်မယ် ဆိုတော့လည်း မင်းပဲ အမြဲကတ်ဖွဲ့လုပ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်…ငါ ကိုယ့်ဇာတိမြို့ကိုလည်း ပြန်ရင်း ဆရာကန်တော့ပွဲလည်း ကိုယ်ထိလက်ရောက် ကန်တော့ပါရစေ"

ကိုနိုင်စွမ်းအသံက ညှောင်နာနာ။

သားနှင့်သမီးက ကျူရှင်အိမ်မှာ။ သားက (၅) တန်း၊ သမီးက (၂) တန်း။ ခေတ်ကြီးက ကျူရှင်တွေ၊ ဂိုက်တွေနှင့်မှ အဆင်ပြေပြေ။

"ရှင်…ဆရာကန်တော့ပွဲ အကြောင်းပြပြီး ငယ်ရည်းစားနဲ့ သွားတော့တာ မဟုတ်လား။ မသိရင်ခက်မယ်"

"မဟုတ်ပါဘူး…မိန်းမရာ…အသက်တွေလည်း ကြီးကုန်ပါပြီ။ သားတွေသမီးတွေနဲ့ ပွားစီးကြတဲ့ အရွယ်တွေပါကွာ။ မင်းလည်း အသက် (၃၅)၊ ကိုယ်လည်း အသက် (၃၆) ရှိပါပြီ။ ရိုးရိုးသားသား အနားယူချင်…ဆရာကန်တော့ချင်တာပါ"

"ရှင်…သေချာလား"

"သေချာပါတယ်ကွာ"

"ဘာဘာညာညာအသံတွေ မကြားချင်ဘူးနော်"

"အေးပါကွာ"





"အို…ရှင်တစ်ယောက်တည်း စိတ်မချပါဘူး။ ဒီပါ့ကို ထည့်လိုက်မှာ…ဒါပဲ"

"အင်"

ဒါကတော့ ရဲဒီပါရဲ့ 'အင်'လုံးပါ။ သို့သော် ခဏပါပဲ။

ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုး၊ ကိုယ်ကလည်း ပျင်းလို့ ခရီးထွက်ချင်နေသူ။

ဟန်ကိုယ့်ဖို့ လုပ်လိုက်တာပါ။ လူကတော့ လိုက်ချင်လိုက်သမှ တစ်ပိုင်းကိုသေလို့။ အစ်မ (၃)ယောက်၏ ခိုင်းဖတ်ဘဝမှ ခေတ္တလွတ်မြောက်ရလည်း နည်းသလား။

"မအင်နဲ့…နင်ပါမှ ငါ့ယောကျ်ားကို လွှတ်မှာ။ ချစ်လို့သာ ယူထားရတယ်။ ဘယ်တော့ ငါ့ပစ္စည်း သူများအလစ်သုတ်မလဲလို့…နေ့တိုင်း တထိတ်ထိတ်နေရတာ…မလွယ်ဘူး"

"မမချိုကိုက ဥစ္စာခြောက်ပါတယ်ဗျာ…ကလေးပဲ (၂) ယောက်ရနေပြီ၊ ဒီလောက်ဆို အိမ်ထောင်ခိုင်မြဲပါပြီဗျာ"

"အို…နင် မသိပါဘူး။ သူတို့ယောကျ်ားတွေဆိုတာ ကလေး တစ်ဒါဇင်ရှိလည်း ငဲ့ကွက်ချင်မှငဲ့ကွက်တာ။ (၂)ယောက်လောက်များ စကားထဲထည့်ပြောမနေနဲ့"

"ကဲ… ဒေါ်ကြည်သာချို၊ ကိုယ့်ယောကျ်ား ကိုယ်ဒီလောက် အပုပ်ချရရင်လည်း တော်လောက်ပါပြီ။ ကိုယ်လုပ်စရာ

ရှိတဲ့အလုပ်တွေသာ သွားလုပ်ချည်ပါ။ ကိုယ် တောင်းပန်ပါတယ်။ ဒီပါကလည်း အကို့နောက်လိုက်ပြီး ပါရမီဖြည့်ပါကွာနော်… မင်းလည်း အနားယူဖို့ လိုအပ်နေပါပြီ။ အကိုနဲ့အတူ ခရီးထွက်ကြရအောင်ပါ''

''ရှင်…ရှင်နော်…ဆရာကန်တော့ပွဲ သွားမယ်ဆိုပြီး ခရီးထွက်မလေး…ဘာလေးနဲ့၊ ပြော…ပြော…ဘာတွေ ကလီကမာလုပ်ဦးမလို့လဲ''

''မလုပ်ပါဘူး…ကိုယ့်ဇာတိမြေကို မပြန်စဖူး ပြန်ရလို့ ခရီးထွက်တယ်လို့ ပြောမိတာပါကွာ။ မင်းကလဲ‥ကဲ‥ကိုယ့်ညီ၊ မနက်ဖြန်မနက် ခရီးစမယ်။ အသင့်ပြင်ထားနော်…ဒီခရီးစဉ်တစ်ခုလုံး အကို စပွန်ဆာပေးပါတယ်…အိုကေ''

''အိုကေ''

သမီးယောက်ဖ (၂)ယောက် လက်မတွေ ထောင်ပြလိုက်ကြပြီး ဝမ်းသာအားရတွေဖြစ်နေတော့ မမကြည်သာချိုက သူတို့ (၂)ယောက်လုံးကို မျက်စောင်းအကြီးကြီး ထိုးလိုက်လေသည်။





# အခန်း (၃)

''အကို့သူငယ်ချင်း ခင်ဇော်မင်းအိမ်မှာ တည်းမယ်။ သူက မြို့မှာ အဆင်ပြေနေတယ်။ အကိုနဲ့တော့ ဖုန်းအဆက်အသွယ်ရှိပါတယ်''

ခရီးလမ်းပန်းကတော့ သာတောင့်သာယာ။ (၂)ယောက်တည်းမို့ ချောင်ချောင်ချိချိ။ လမ်းတလျှောက် ဒီပါ ကားမောင်းပြီး အကိုက သူ့ငယ်ဘဝတစ်လျှောက်ကို ပြန်ပြီး ပြောပြနေခဲ့သည်။

''အကိုငယ်ငယ်က ဆင်းဆင်းရဲရဲ ကြီးပြင်းခဲ့ရတယ်။ ဟိုခေတ်က ဒီလိုပါပဲကွာ။ ငါတို့သူငယ်ချင်းတွေအားလုံး ဒီလိုပါပဲ။ ခေတ်စနစ်အရ လူတွေလည်း စီးပွားရေး မဖွံ့ဖြိုးကြဘူး။

လယ်လုပ်၊ ကိုင်းလုပ်၊ ဝက်မွေး၊ ကြက်မွေး…ဒီလိုပဲ လုပ်ကိုင်စားသောက်ခဲ့ကြရတယ်။ နွားတွေလည်း မွေးရတယ်”

“ပျော်စရာကြီးနော်…စိုက်ကြပျိုးကြ၊ မွေးကြနဲ့”

“အင်း…ကိုယ့်ဘဝနဲ့ကိုယ်တော့ ပျော်ခဲ့ကြတာပါပဲ။ ကျောင်းတက်ရင်လည်း စက်ဘီးနဲ့ လာနိုင်သူက အကောင်ပဲ။ အားလုံး ခြေလျင်တက်ကြတာ များပါတယ်ကွာ။ ဘယ်သူ့ရွေးသားမှ မပါဘူး။ အားလုံး သူလိုကိုယ်လိုချည်းပါပဲ”

“စော်တွေဘာတွေရော ကြည်ရဲ့လား…အကို”

“စာတွေနဲ့ချည်း နပန်းလုံးနေရတယ်လို့တော့ မညာချင်ပါဘူးကွာ…ဒီလိုပဲ…စာလည်းစာ၊ ရည်းစားလေးဘာလေးလည်း ထားကြတာပေါ့ကွာ။ ဆရာ၊ ဆရာမတွေ မသိအောင်…”

“ဒါကြောင့် မမချိုက စိတ်မချတာ။ အကို့ပုံစံက စွံမယ့်ပုံကြီး”

“မင်းလောက် စတိုင်မလန်းပါဘူးကွာ…ငါတို့ငယ်ငယ်က ဆရာ၊ ဆရာမတွေကလည်း အရမ်းတော်တာ။ ကျူရှင်တွေ၊ ဂိုက်တွေ ခေတ်မစားသေးတဲ့အချိန်၊ တောမှာဆိုတော့ ကိုယ့်အားကိုယ်ကိုးပြီး ဆရာတွေခေါ်တဲ့ အပိုချိန်နဲ့ပဲ ပညာရေးခရီးကို ဖြတ်သန်းခဲ့ကြတာ”

“ကောင်းတာပေါ့…အချိန်တွေ အများကြီးပိုတာပေါ့”





“ကောင်မလေးတွေကလည်း စာတော်တဲ့သူဆို ဦးစားပေးတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြကြိုက်ကြတယ်ဆိုပေမယ့် ခုခေတ်လောက်လည်း ကဲသဲမနေပါဘူးကွာ။ ချိန်းတွေ့တယ် ဘာညာဆိုတာလည်း မရှိကြပါဘူး။ တချို့လည်း ရှိချင်ရှိမှာပေါ့ကွာ…အကိုတို့ကတော့ သန့်သန့်ရှင်းရှင်းပါပဲ”

“ကျောင်းတက်ရင်း အခန်းထဲမှာ မြင်ကြ၊ ကြည့်ကြ၊ ခိုးကြည့်ကြ…အခွင့်သာရင် စကားလေးဘာလေးပြော··ဒါပါပဲ”

“ပျင်းစရာကြီး…အကိုရာ၊ တည်းခိုခန်းတွေ၊ ပန်းခြံတွေ ခေါ်မသွားကြဘူးလား”

“ကြံကြံဖန်ဖန်…အဲဒီတုန်းက ငါတို့မြို့မှာ တည်းခိုခန်းတွေ မရှိသေးဘူး။ အခုလည်း (၂)ခုပဲ ရှိတယ်။ အဲလို မဖွယ်မရာ လုပ်လို့ မရဘူး။ အားလုံးက စောင့်ကြည့်၊ စောင့်ရှောက်နေကြတာ။ တောဆိုတော့ မြို့လို မပျက်စီးသေးဘူးပေါ့ကွာ”

“အင်း…ထားပါတော့၊ အခြေအနေမပေးဘူးလို့ပဲ… အခု အကိုတို့ရဲ့ ဆရာကန်တော့ပွဲမှာ အကို့သူငယ်ချင်းတွေ၊ ငယ်ရည်းစားတွေ ပါလာကြမှာပေါ့…ဟုတ်လား”

ရဲဒီပါ မေးလိုက်လျှင် နိုင်စွမ်း ရယ်မောမိသည်။ သူ့အစ်မရဲ့အထူးစပိုင်။

“ငယ်ရည်းစားဆိုတာ ရည်းစားဟောင်းဆိုတာ အိပ်မက်ပါ

ပဲ ညီရ…ပြီးဆုံးသွားတဲ့ ဇာတ်လမ်းတစ်ခုဟာ ကြွေသွားတဲ့ သစ်ရွက်တစ်ရွက်ပါပဲ။ ပြန်ပြီး တမ်းတလွမ်းမောချိန်လည်း မရတော့ပါဘူး။ လက်တွေ့ဘဝထဲမှာပဲ ကျင်လည်စီးမျောကြရင်း သူလည်း နောက်ပြန်မကြည့်အား၊ ကိုယ်လည်း နောက်ပြန်မကြည့်အားကြပါဘူး"

"အင်း…လွမ်းမောစရာလေးတွေပါပဲ"

"ညီရာ…ရည်းစားတွေ ဘယ်နှယောက်ထားခဲ့ဖူးသလဲ"

"အဟဲ…အပီအပြင်တော့ (၂)ယောက် ရှိခဲ့ဖူးတယ်။ အလကားပါ အကိုရာ၊ ကျွန်တော် ကံမကောင်းပါဘူး။ ကျွန်တော့် ကောင်မလေးတွေက ဆိုးတယ်ဗျ။ ချစ်ဖို့လည်း မကောင်းဘူး။ တစ်နေ့…တစ်နေ့ ရန်ဖြစ်ရ၊ စိတ်ကောက်ရ၊ တော်တော် ရစ်တယ်။ ကျွန်တော် သူတို့ဒဏ်မခံနိုင်ဘူး။ ဟိုဟာဝယ်ပေးရ၊ ဒီဟာဝယ်ပေးရက တစ်မျိုး။ ကျွန်တော့်အတွက်ကျ သုံးဖို့မရှိတော့ဘူး။ အစ်မတွေဆီတောင်း။ ယောက်ဖတွေဆီတောင်းပြီး သူတို့ကို ဖြည့်ဆည်းရတာ။ လူလည်း သူတောင်းစားကိုဖြစ်လို့"

"ဟား…ဟား…ဟား"

ယောက်ျားချင်းမို့ စကားပြောရတာ အားပါးတရနှင့် ပွင့်ပွင့်လင်းလင်း။ အိမ်မှာတုန်းက ယခုလို တဆွေးတနွေးလည်း စကားမပြောအားခဲ့ကြ။ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေခဲ့ကြတာ။





ရဲဒီပါ၏ မျက်နှာချောချောလေးကို ကြည့်ပြီး နိုင်စွမ်းရယ်နေရပါသည်။

"ညီလေးရ…တချို့ကောင်လေးတွေကျ လည်တယ်လေ။ ကိုယ့်ကို ပေးနိုင်ကျွေးနိုင်မယ့် သူဌေးမတွေနဲ့ တွဲပြီး အောင်ပွဲခံနေကြတယ်"

"ဟာ…အကိုရာ၊ အဲလိုတော့ မလုပ်ချင်ပါဘူး။ စပွန်ဆာမမတွေ ရှာပြီး ဘာလုပ်ဖို့ လူညွန့်တုံးလို့။ ကျွန်တော်ကတော့ သန့်သန့်စင်စင်လေးပဲ ချစ်ချင်ပါတယ်။ ချစ်သူကို တကယ်ချစ်မှ ထားမယ်။ တကယ်ချစ်မှ၊ မြတ်နိုးမှ လက်ထပ်ဖို့ထိ စဉ်းစားမယ်။ အိမ်ထောင်ရေးဆိုတာ လွယ်တာမှတ်လို့။ အစ်မ (၃)ယောက်ကို ကြည့်ပြီး တော်တော် အော်ဂလီဆန်နေပါပြီဗျာ"

"ဟား…ဟား…ဟား…မင်းက အပြင်ပန်းကြည့်ပြီး လုံ့ဖျား ပုစဉ်း နားတာနဲ့ ကျီးကန်း ချေးပါနေတာကိုး။ ငါတို့မှာ အိမ်ထောင်ရေးသုခတွေ၊ မိသားစုရဲ့ နွေးထွေးမှု၊ ကောင်းကွက်ဆိုးကွက်တွေလည်း ပြည့်လို့ပါကွာ။ အကောင်းတွေလည်း ရှိပါတယ်"

"တော်ပါပြီ‥တော်ပါပြီ၊ လူငယ်သဘာဝ ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင်လေးပဲ ကောင်းပါတယ်။ အပူရေစာတွေ မတွေ့ချင်၊ မကြုံချင်ပါဘူး"

ရဲဒီပါ၏ ခြေကာကာ၊ လက်ကာကာ၊ ခေါင်းတခါခါ၊ လည်တခါခါ အပြောကို နိုင်စွမ်း အူတက်မတတ် ရယ်နေမိတာ။

သူကိုယ်တိုင်လည်း ပေါ့ပါးပျော်ရွှင်နေလို့ပါပင်။





## အခန်း (၄)

အကိုနိုင်စွမ်းတို့သူငယ်ချင်းတွေ ကားတဝီဝီနှင့် သွားလာလှုပ်ရှား ရယ်မောပျော်ရွှင် ငယ်မူပြန်နေကြတာကို ကြည့်ပြီး ရဲဒီပါ,ပါ အချောင်ပျော်နေမိသည်။

ကိုယ့်မှာရှိသည့် ရာထူး၊ ဂုဏ်ထူးတွေကို ဘေးချိတ်ပြီး အားလုံးပင် ငယ်စဉ်အခါ အထက်တန်းကျောင်းသားလေးများဘဝကို ပြန်ရောက်နေကြလေ၏။

ဆရာကြီး၊ ဆရာမကြီးများကို သွားပြီးတွေ့ကြ၊ အဝေးမှရောက်လာသည့် သူငယ်ချင်းများကို အချင်းချင်း အားရပါးရ နှုတ်ဆက်ကြ။

နယ်ခံကျောင်းသားဟောင်းများကလည်း ဆရာ၊ ဆရာမတွေကိုသာမက ဧည့်သည်တော် ကျောင်းသားဟောင်းများအားလုံးကို ကျွေးကြမွေးကြ၊ ဧည့်ခံပြုစုကြ။

စားသောက်ဆိုင်၊ ဘီယာဆိုင်တွေမှာလည်း အချင်းချင်းဆုံကြ၊ အိမ်တွေမှာ ဆုံကြ။

ရဲဒီပါကတော့ သူတည်းခိုရာ အကိုခင်ဇော်မင်းအိမ်မှာ ကျန်ခဲ့တာ များပါသည်။ မြို့ကလေးရှိ ဘုရား (၂)ဆူ၊ (၃)ဆူကို လှည့်ပတ်ဖူးပြီးတော့ ကိုယ်တည်းသည့် အိမ်အပေါ်ထပ်မှာ နှပ်နေလိုက်သည်။

အရွယ်မတူသည့် လူကြီးသူမတွေကြား ဟေးလားဝါးလားလည်း မနေတတ်ပါဘူး။

မနက်ဖြန်ည အာစရိယပူဇော်ပွဲ အကြိုညမှာတော့ အ.ထ.က မြက်ခင်းပြင်ကို လိုက်သွားမည်။ ဖျော်ဖြေရေးအကတွေ၊ အဆိုတွေရှိတာမို့ ကိုယ်လည်း သွားနားထောင်မှာပေါ့။

မမကြည်သာက သူ့ခင်ပွန်းကို ထိန်းရကျောင်းရအောင် စပိုင်အဖြစ် ထည့်လိုက်သော်လည်း ရဲဒီပါ လွှတ်ထားလိုက်သည်။

ဘယ်သူ ဘယ်လောက်ကဲကဲ အချိန်တန်တော့လည်း ချည်တိုင်ရှိရာသာ ပြန်ကြတာပါ။ ဘာစိတ်ပူစရာလိုတုန်း။ မမကိုက ကဲပါသည်။





ရဲဒီပါကတော့ အေးဆေး။

နိုင်စွမ်း...

အသက် (၃၆) နှစ်ရှိပြီဆိုပေမယ့် ငယ်သူငယ်ချင်းတွေနှင့် ပြန်ဆုံကြတော့ နှလုံးသားလေးက ပူနွေးလတ်ဆတ် အသက်ဝင်လာသလိုလို။

သွားအထူးကုဆရာဝန်ကြီးပေမို့ ခန့်ခန့်ထည်ထည်၊ တည်တည်ငြိမ်ငြိမ်နှင့် လူက ခပ်ဖိုင့်ဖိုင့်။

ဟိုး...ငယ်စဉ် လယ်သမား သားလေးဘဝတုန်းကတော့ လူကြိုက်များတဲ့ကောင် မဟုတ်ဘူးပေါ့။

အင်း...ပြောသာပြောရပါတယ်။ ရုပ်ကလေးက မဆိုး။ စာကတော်ဆိုတော့ သူ့အထာနဲ့သူ အတန်းထဲမှာ စတားတော့ ဖြစ်ခဲ့တာပါပဲလေ။

ငယ်ဆရာ၊ ငယ်ပေါင်း၊ ငယ်က အကြောင်းတွေကို ပြောကြဆိုကြ၊ စမြုံ့ပြန်ကြရတော့ လူက ငယ်မူငယ်သွေးနှင့် ငယ်ရုပ်ဆင်လျက် အလွန်ပျော်စရာ ကောင်းနေသလိုလို။

စိတ်ပျိုတော့ ကိုယ်နုဆိုသလိုပဲ အသက်တွေ အနှစ် (၂၀) လောက် ပြန်ငယ်သွားကြရပါ၏။

ဆရာကန်တော့ပွဲလုပ်တာ (၅)ကြိမ်တောင်ရှိပေမယ့် သူ့မှာ တစ်ခါမှ ပြန်လာခွင့် မကြုံခဲ့ရ။ အဝေးမှပဲ ငွေလှမ်းပြီး ပို့ရ

တာမျိုး။

သည်နှစ်တော့ သူတို့ငယ်သူငယ်ချင်းတွေ တော်တော်များများ ဆုံဖြစ်ကြတော့မည်။ နယ်ခွဲသူငယ်ချင်းတွေထဲမှာ ယဉ်သူဇာ တစ်ယောက်ကတော့ ဝဝလှလှနှင့် အပူအပင်ကင်းသည့် ကျောင်းဆရာမ အပျိုကြီးတစ်ယောက်ပါ။

သားအမိ (၂)ယောက် ခြံနှင့်ဝင်းနှင့်၊ သစ်သားအိမ်လေးနှင့်။

ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို ဆရာကန်တော့ပွဲ မတိုင်မီ သည်နေ့ထဲက ကျောင်းမှာရော၊ မြို့ကလေးထဲမှာပါ ရုတ်ရုတ်သဲသဲနှင့် စည်ကားသိုက်မြိုက်နေပါသည်။

ရွှေယောက်ဖက ငှားသည့်အိမ်မှာ ကျန်ခဲ့သော သူ··· ပိုပြီး စိတ်လွတ်လပ်နေမိသည်။ ကိုယ့်ကိုယ်ကိုယ် အ·ထ·က ကျောင်းသားလေး ပြန်ဖြစ်သွားသည် ထင်မိ၏။

လေလေးတချွန်ချွန်နှင့် ကားကို ဖြည်းဖြည်းမောင်းရင်း တွေ့သမျှ သူငယ်ချင်းတွေကို အော်ဟစ်နှုတ်ဆက်ရင်း သူ ယဉ်သူဇာတို့အိမ်သို့ ရောက်ရှိခဲ့ပေပြီ။

သူတို့အိမ်ထဲမှာလည်း သူငယ်ချင်းတွေ ၄-၅ ယောက်နှင့် စိုပြည်ဆူညံလျက်။ သူ့ကား အိမ်ရှေ့မှ ဟွန်းသံပေးလိုက်တော့ ယဉ်သူဇာ အသံကျယ်ကျယ်နှင့် အော်ဟစ်ခေါ်ပြီး ပဋိသန္ဓာရ





ပြုသည်။

"လာဟေ့···နိုင်စွမ်း၊ နင်က ကားလာကြွားတာပေါ့လေ။ ငါ့သူငယ်ချင်း···တိုက်နဲ့ကားနဲ့ ခုလို ကြီးပွားနေတာ မြင်ရတော့ အရမ်းဝမ်းသာတာပဲဟာ။ ဟိုတုန်းကတော့ တို့တွေ··စက်ဘီး အစုတ်ကလေးတစ်စီးတောင် မပိုင်ခဲ့ကြဘူးနော်။ လာ···လာ··· နင်လာမှ ပွဲက ပိုစည်သွားမှာ"

လက်ဖက်သုတ် တစ်ပန်းကန်ကြီးကို အလယ်မှာချပြီး ရေနွေးကြမ်းတွေနှင့်။ ထမင်းဖြူက (၂)ပန်းကန်၊ လူတွေက ၄-၅ ယောက်။

သူ့ကို ဝိုင်းပြီး ရိုက်ပုတ်နှုတ်ဆက်လိုက်ကြတာ လူတစ်ကိုယ်လုံး ငါးဖယ် ဖြစ်သွားလေ၏။

"ဟဲ့···အောင်မယ်···သွားဆရာဝန်ကြီး၊ ငါ့ကို သွားတစ်ချောင်းလောက် နုတ်ပေးခဲ့ဦး"

"စိတ်ချ···မယဉ်အေး၊ ငါ တစ်ပါးစပ်လုံး နုတ်ပေးခဲ့မယ်၊ အံပုံကတော့ နင့်ယောက်ျား တပ်ခိုင်း"

"ငါ့မှာဖြင့် တစ်နေ့···တစ်နေ့ ဆိုက်ကားနင်းလိုက်ရတာ ကွာ၊ ဟိုတုန်းက ရုပ်ချောချောလေးခမျာ ခုကျ ငကျိုးခြောက် ဖြစ်လို့။ မင်းတို့ပဲ အေးတယ်"

"မင်းက ငယ်ငယ်က စာကျက်ပျင်းတာကိုး ခင်မောင်အေး

ရဲ့…ဆရာပြောတဲ့ ကျပ်ချောင်နဲ့ ချောင်ကျပ် ပုံပြင်လေ။ ငယ်ငယ်က ကြိုးစားခဲ့၊ ကျပ်တည်းခဲ့တဲ့လူက ကြီးတော့ ချောင်ချောင်နေရမယ်။ ငယ်ငယ်က အချောင်နေခဲ့တဲ့သူက ကြီးတော့ ကျပ်တည်းဆင်းရဲတယ်ဆိုတာ”

“အေးပါကွာ…ငါကတော့ နောင်တရရုံပါပဲ။ ငါ့သားသမီးတွေ ငါ့လို မဖြစ်ရအောင် စာကြိုးစားခိုင်းနေပါတယ်”

နိုင်စွမ်း ကိုယ့်ကို ထုရိုက်ပြီး စကားပြောနေသည့် (၃)ယောက်ကို ဝမ်းပန်းတသာ ပြန်ပြောပြီး ယခုထိ ခပ်လှမ်းလှမ်းမှနေပြီး အရုပ်ကလေးလို ငြိမ်နေသည့် တစ်ယောက်အား လှမ်းကြည့်မိသောအခါ…

“ခိုင်”

ခိုင်နွဲ့ဝါ…သူ့ရဲ့ငယ်ကျွမ်းဆွေ။ ဟိုခေတ်က ဖုန်းတွေဘာတွေ မရှိတာမို့ အဆက်အသွယ်တွေ ပြန့်ပြီး သူလည်း ဘယ်ဘဝရောက်မှန်းမသိ။ ကိုယ်လည်း ဖြစ်လေရာဘဝမှာ ကြိုးစားရုန်းကန်ရင်း ရွက်ကျပင်တစ်ပင်လို အရွက်ကျရာမှာ ရှင်သန်ခဲ့လေပြီ။

သူက ခပ်ဖိုင့်ဖိုင့်၊ ခပ်ထည်ထည် ကိုယ်လုံးနှင့် ဆရာဝန်ပီပီ ရှင်းသန့်ခန့်ထည်နေပေမယ့်…

ခိုင်နွဲ့ဝါကတော့ ပိန်ပိန်ပါးပါး၊ ငါးရံ့ကိုယ်လုံးလေးနှင့်





လှဆဲပဆဲ၊ နုဆဲ။

မဟုတ်သေးပါဘူး။ သူလည်း အိမ်ထောင်ကျပြီလို့ ကြားမိပါတယ်။ ကလေးပင် (၂)ယောက်လား၊ (၃)ယောက်လား။

သို့သော် ကလေးအမေနှင့် မတူအောင် ချောမောသေသပ်နေသည့် သူမအား နိုင်စွမ်း တဒင်္ဂ အသက်ရှူရပ်မတတ် ငေးမောကြည့်ရှုမိပါပြီ။

နှစ်ပေါင်း (၂၀) လောက် တစ်ခါမှ မတွေ့ခဲ့ကြရသော ငယ်ကျွမ်းဆွေ။

သဇင်ခက်လေးလို လှပနေသေးပေမယ့် သူမပုံစံက နွမ်းနွမ်းဖတ်ဖတ်။ စီးပွားရေးအဆင်မပြေကြတာလား။ လူမှုရေးအဆင်မပြေကြတာလား။

အိမ်ကလေးထဲမှာ အသံတိတ်သွားခဲ့ကြပြီးမှ ယဉ်သူဇာကပင် စတင်ပြီး ရွှန်းရွှန်းဝေလေ၏။ အခြေအနေတွေကို ထိန်းပေးတာပေါ့။

“ဟဲ့…နိုင်စွမ်း…နင့်မိန်းမ…မပါဘူးလား။ ငါ ရန်ကုန်လာတုန်းက ဂရုစိုက်တာ…မမေ့ပါဘူးဟယ်။ ကလေးတွေရောနေကောင်းကြရဲ့လား။ နင်ကလည်း ခေါ်လာခဲ့ပြီးရော”

ကိုယ့်မှာ သား၊ မယားတွေရှိကြောင်း သတိပေးပြောကြားသည့်နှယ် ယဉ်သူဇာနှင့် သူတို့ (၂)ယောက်လုံးဟာ ငယ်သူငယ်

ချင်းတွေပါ။

သူငယ်ချင်းတို့၏ ဝတ္တရားထဲမှာ မဖြစ်သင့်တာ မဖြစ်စေရန် ကာကွယ်ရမှာလည်း ပါသည်မဟုတ်ပါလား။

အခြေအနေတွေက အလွမ်းငွေ့တွေနှင့် မှိုင်းမှုန်ဆွေးမြည့်သွားပြီမို့ အိမ်ကလေးက စောစောကလို မပေါ့ပါးတော့ဘဲ လေးတွဲ့သွားသလို။

"ခိုင်…နင်ရော ကလေးတွေ မပါဘူးလား"

"သမီးပါတယ်‥ဒေါ်ဒေါ်နဲ့ ဈေးလိုက်သွားတယ်။ ငါ ယဉ်သူဇာ့အိမ်မှာ တည်းတာ"

"ဪ"

သူ့မှာလည်း ကလေးတွေနဲ့။ ကိုယ့်မှာလည်း ကလေးတွေနဲ့။ တွံတေးသိန်းတန်ရဲ့ လေးဆယ်ကျော်အချစ်ထဲက စာသားတွေလို။

သူငယ်ချင်းအားလုံးပင် စကားတွေ လှိုင်ပေါလယ်အောင် ပြောကြပြီး သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေ ပြောကြရယ်မောကြနှင့် အခြေအနေကို စိုပြည်အောင် ထိန်းလိုက်ကြပေမယ့်…

နိုင်စွမ်းနှင့် ခိုင်နွဲ့ဝါကတော့ အသက်မဝင်တော့သည့် အရုပ်တွေနှယ်။

မြင်ရုံနှင့်ပင် ခိုင်နွဲ့ဝါက ဆင်းရဲနွမ်းပါးမှန်း သိသာမြင်သာသည့် အခြေအနေ။





သူကတော့ တိုက်နှင့်၊ ကားနှင့်၊ အခြေအနေက အလျှံပယ်။ ယောက္ခမ ခြံဝိုင်းထဲ တိုက်ဆောက်နေရသည်ဆိုပေမယ့် သီးသန့်လည်း နှစ်ထပ်တိုက်တစ်လုံးဝယ်ပြီး ဆေးခန်းဖွင့်၊ အပေါ်ထပ်လူငှားတင်ထားနိုင်ပြီ။

နောက်ထပ်လည်း တိုက်ခန်းတွေ ထပ်ထပ်ဝယ်လိုက်၊ ငှားလိုက်နှင့်။

ယဉ်သူဇာ သုတ်ပေးသည့် လက်ဖက်သုတ်က ခရမ်းချဉ်သီးတွေ၊ ဂေါ်ဖီတွေ၊ ငရုတ်စိမ်း၊ ပုစွန်ခြောက်တွေနှင့် စားချင်စဖွယ်ရှိပေမယ့် သူတို့ (၂)ယောက် မစားနိုင်ကြပါ။

ဘယ်အရာတွေကများ တို့နှစ်ယောက်ကို လွဲချော်စေခဲ့၊ ရင်ပြည့်စေခဲ့သလဲကွယ်။

ခိုင်နွဲ့ဝါ ဆင်းရဲနွမ်းပါးနေတာ သူ့ပယောဂ မကင်းသလိုလို ခံစားနေရပါ၏။

သူငယ်ချင်းများ တစ်ယောက်အကြောင်း တစ်ယောက်ပြောကြရင်း ခိုင်နွဲ့ဝါအကြောင်းလည်း ရောက်သွားကြပြန်သည်။

"နင့်ယောကျ်ားက လုပ်မကျွေးဘူးလား။ သူက ဘာလုပ်သလဲ။ ကလေးတွေကရော မလိမ္မာကြဘူးလား"

ဆိုက်ကားနင်းသည့် ခင်မောင်အေးက ဘွင်းဘွင်းကြီး မေးချလိုက်တော့ နိုင်စွမ်း ခိုင့်ကို အားနာလိုက်တာ။

ခိုင်နှင့်ဝါဆိုတာလည်း တစ်ချိန်က သူတို့ကျောင်းမှာ စကား။ ယခုလည်း ကျောင်းဆရာမတစ်ယောက်ပါ။

"ငါ့ယောက်ျားက ဒုရဲအုပ်တစ်ယောက်ပါ။ အခု နေပြည် တော်မှာ တာဝန်ကျနေတယ်။ သူ ရတာနဲ့ သူ သောက်တာ၊ သုံးတာ ကုန်တာပါပဲဟာ။ ကလေးတွေက လိမ္မာပါတယ်။ အကြီးမက ဒီနှစ် (၁၀) တန်း၊ အငယ်ကောင်လေးက (၅)တန်း"

"နင့်လုပ်စာ တစ်ခုတည်းနဲ့ အိမ်ထောင်ကို ထိန်းနေရတယ်ပေါ့။ ကျူရှင်တွေ၊ ဘာတွေ မပြရဘူးလား။ နင်တို့နေရာက ကျူရှင် အဆင်မပြေဘူးလား"

"ပြလို့မရပါဘူးဟာ…ငါ့ယောက္ခမကြီးက မကျန်းမာ တော့ သူ့ကို ပြုစုရတာတစ်ဖက်၊ အချိန်မအားရပါဘူး"

ကြားရသည့် ခိုင့်အဖြစ်က တစ်စက်မှ စိတ်ချမ်းသာစရာ မရှိ။ ယောက်ျားဆိုးနှင့်ရပြီး ယောက္ခမဝန်ပိ၊ အိမ်ထောင့်တာဝန် ပိနေသည့် မိန်းမတစ်ယောက်။

ငယ်ကချစ်ခဲ့သည့် ချစ်သူမို့…နိုင်စွမ်း အသည်းခိုက်လု မတတ် ရင်နာရပါသည်။

ငါ ဘလေဘဇာလုပ်လို့။ ကိုယ့်ချစ်သူ ကိုယ်ပြန်မရှာဘဲ ကြံ့သလိုနေ၊ ကြံ့သလိုယူခဲ့လို့ သူ့ခမျာ ခုလို ဒုက္ခရောက်နေရရှာ တာ။





ဘာစကားမှ မပြောနိုင်ကြတော့ဘဲ သူတို့အားလုံး တဒင်္ဂ တိတ်ဆိတ်သွားကြစဉ် ယဉ်သူဇာကပင် အားလုံး စိတ်ချမ်းသာ အောင် ဖန်တီးလိုက်သည်။

"ကဲဟေ့…ကဲဟေ့…နင်တို့အထဲမှာ သနားစရာအကောင်း ဆုံးက ငါပဲ။ မူလတန်း ကျောင်းအုပ်ဆရာမကြီးအဖြစ်နဲ့ ကိုယ့် ဘာသာ ရှာဖွေစားရ၊ မေမေ့ဆေးကုရ၊ ကျန်းမာအောင် ပြုစုရနဲ့ သားမရှိ၊ သမီးမရှိ…ငါ သေရင် တစ်ယောက်တည်း အိမ်ထဲမှာ လူမသိ၊ သူမသိ သေနေရမယ့်ဘဝ။ ရေဆာလို့မှ ရေပေးမယ့်လူ မရှိ။ ထမင်းစားချင်လို့မှ ချက်ကျွေးမယ့်လူ မရှိ။ အမယ်မင်း… တွေးရင်းတွေးရင်း ငါ့ကိုယ်ငါ သနားလိုက်ပါဘိ"

ယဉ်သူဇာ ငိုချင်းချဟန်လုပ်လိုက်တော့မှ အားလုံးပင် ရယ်နိုင်ပြုံးနိုင်လာကြပြီး အိမ်ကလေးထဲ စိုပြည်နွေးထွေးလာတော့ သည်။

"ညကျမှ ကျောင်းမှာ ဆုံကြမယ်ဟေ့။ သီချင်းတွေလည်း ဆိုမယ်။ ဆရာကြီး၊ ဆရာမကြီးတွေကို နှုတ်ဆက်ကြမယ်။ ငါတို့ ခုတော့ ပြန်ကြဦးမယ်နော်"

မယဉ်အေးက သူ့ကလေးတွေကို သတိရသွားသလို ခင်မောင်အေးကလည်း မိန်းမကြောက်ရသည့်သူပီပီ နှုတ်ဆက်ပြီး ပြန်သွားကြတော့ အိမ်ပေါ်မှာ နိုင်စွမ်းနှင့် ခိုင်၊ ယဉ်သူဇာတို့ပဲ

ကျန်ခဲ့သည်။

"နိုင်စွမ်း… ခုညစာ နင်ပါ ဒီမှာစား၊ မေမေတို့ ဈေးသွားဝယ်နေပြီ"

"ငါ အားနာ…"

"အောင်မယ်…ဘာနာစရာရှိသလဲ။ ငါကလည်း ရွှေဟင်း၊ ရွှေထမင်းတွေ ကျွေးနေမှာမှ မဟုတ်ဘဲ။ ငါတို့စားတဲ့ ဆင်းရဲသားဟင်း၊ ဆင်းရဲသားထမင်းပဲ ကျွေးမှာပါ"

"ငါလည်း တစ်ခါက ဆင်းရဲသား နင်းပြားတစ်ယောက်ပါ။ ငါ အမေတို့ဆီ ခဏပြန်လိုက်ဦးမယ်။ ဒါကြောင့် မစားတာပါ"

"ဒါဆို နင် ညကျ မလာဘူးလား။ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ တွေ့ဆုံနှုတ်ဆက်ပွဲကို မလာဘူးလား…နိုင်စွမ်းနော်"

"လာမှာပါ…ခုမှ နေ့လယ် (၁)နာရီ ရှိသေး။ ပွဲက ညနေ (၆)နာရီမှ စမှာ။ ငါ့ရွာက အသွားနာရီဝက်၊ အပြန်နာရီဝက်ဆို ရောက်ပါတယ်"

"အေး…နင် မလာလို့ကတော့ နင်နဲ့ငါ သေခန်းပြတ်၊ ရှင်ခန်းပြတ်ပဲ"

ယဉ်သူဇာနှင့်က ပြောမနော၊ ဆိုမနာ သူငယ်ချင်းတွေ။ နိုင်စွမ်း ခိုင့်ကို လှမ်းကြည့်လိုက်တော့ မျက်ဝန်းထဲမှာ





မျက်ရည်တွေ ပြည့်အိုင်နေသည့် ခိုင့်အသွင်ကြောင့် သူ့ရင်ဘတ်တစ်ခုလုံး ကျိုးကြေသွားသလားလို့ပင် ထင်မိသည်။

# အခန်း (၅)

ခိုင်နွဲ့ဝါ...

အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်၊ စုတ်ထိုးတဲ့။

ခင်ပွန်းဖြစ်သူ ကိုအောင်သွင်ကို သူ ဘယ်လိုမျက်စိနှင့် ယူခဲ့မိပါလိမ့်။ ဘဝက တစ်ခါမှ မသာယာခဲ့ဘူးရယ်လို့ပင် ပြောရလေမလား။

မူလတန်းပြ ဆရာမလေးတစ်ယောက်မို့ အလေးမထား၊ အရေးမစိုက်ခဲ့သည့် ကိုအောင်သွင်။

မရခင်ကတော့ ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ခဲ့တာပါပဲ။ ထိပ်ပေါ်တင်ခဲ့သည့်ကာလက နည်းနည်းလေး။ ဖျာလိုခင်းပြီး နင်းချေခဲ့တာက တစ်သက်လုံးပါ။





အစကတည်းက အထက်စီးမှ ဆက်ဆံရသည့်ကြားထဲ ယခုကျ မောင်တစ်ရွာ၊ မယ်တစ်မြို့မို့ သူ့လစာကိုပါ စားရသည် မရှိ။ တစ်ဦးတည်းကျန်နေသည့် ယောက္ခမကြီးနှင့်အတူ ကလေး (၂)ယောက်ကိုပါ ရှာဖွေကျွေးမွေး ရုန်းကန်ရင်း ခိုင်နွဲ့ဝါ၏ဘဝက မလှမပ။

ကိုယ့်ဘာသာ တစ်ယောက်တည်း မလှမပရတာ ကိစ္စမရှိပေမယ့် သားသမီးလေးတွေပါ ချို့ငဲ့ရသည့်အခါများမှာ သူမ ခင်ပွန်းသည်ကို စိတ်နာမိသည်။

လင်ကို ဘုရား၊ သားကို သခင်လည်း လုပ်မနေချင်တော့။ သူလည်း ပြန်လာချင်လာ၊ မလာလည်း အေးသည်ဟုသာ ခိုင်နွဲ့ဝါ သဘောထားလိုက်သည်။

သူများတွေ မိသားစုလိုက် ဘုရားဖူးတွေ ထွက်ကြ၊ ခရီးတွေ သွားကြ၊ ကိုယ့်ဘဝမှာတော့ စားရေးသောက်ရေး၊ ကလေးတွေရဲ့ ပညာရေး၊ လူမှုရေးတွေ ကျော်ဖြတ်ဖို့တောင် အနိုင်နိုင်မို့ မိသားစု အပျော်ခရီးဆိုတာလည်း မထွက်နိုင်။

ယခုလည်း ဇာတိမြို့ ဆရာကန်တော့ပွဲ၊ အာစရိယပူဇော်ပွဲကို လာချင်လွန်းလို့သာ အားခဲပြီး လာခဲ့ရသည်။ ငွေရေးကြေးရေးကတော့ ချို့ချို့ငဲ့ငဲ့။

သားက ဖခင်နှင့် ပါသွားသဖြင့် သမီးနှင့်သူမ လာလို့

ရတာ။ ယောက္ခမကြီးကလည်း သူ့သမီးဆီ တစ်လှည့်သွားနေလို့ပါ။

ကိုယ့်သမီးကိုတော့ ကိုယ့်လိုဖြစ်မှာစိုးလို့ အစစအရာရာ ကိုယ်နှင့် နမူနာပြပြီး ဗိုင်းကောင်းကျောက်ဖိမလေးဖြစ်အောင် ဆုံးမသွန်သင်ပေးရပါသည်။

"ယောကျာ်းတွေကို မယုံနဲ့။ လျှော့မတွက်နဲ့...သမီး၊ အချစ်ကိုလည်း ပုံပြီးမယုံနဲ့။ အချစ်မပါဘဲလည်း အိမ်ထောင်ရေးကို စီးပွားတွက်၊တွက်ပြီး မယူနဲ့"

"ဟင်...မေမေကလည်း ဘာတွေမှန်းလည်း မသိဘူး။ သမီးက ခုမှ ငယ်ငယ်လေးရယ်။ ရည်းစားလည်းမထားပါဘူး။ ယောကျာ်းလည်း မယူဘူး။ မေမေ့ကို လုပ်ကျွေးမှာ"

"ကြို့ပြောထားရတာ သမီးရဲ့...ယောကျာ်းတွေက လွယ်တာမဟုတ်ဘူး။ မေမေ့ကို ကြည့်...မရခင် ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားတော့ အဟုတ်မှတ်ပြီး ယူမိတာ။ အခုကျ ဒူးနဲ့ မျက်ရည် သုတ်နေရတယ်"

"မေမေကလည်း ဖေဖေက ကောင်းပါတယ်။ လစာပြန်မပေးတာကတော့ သူလည်း ဟိုမှာ အပေါင်းနဲ့အသင်းနဲ့ သောက်ရစားရတော့ ကုန်တာပေါ့လို့"

"နင့်ဖအေဘက်က မကာနဲ့။ ကိုယ့်မှာ မအေ ရှိတယ်။





သား၊ သမီး၊ မိန်းမရှိတယ်ဆိုတာ သတိတောင်ရရဲ့လား မသိဘူး။ ရသမျှ လခ...ကိုယ်တစ်ယောက်တည်း သောက်စားမူးရူးနေတာကိုး...ကုန်မှာပေါ့"

သမီးလေး သက်ထားဝါဆိုကတော့ သူမ ဘယ်လိုပြောပြော ဖအေဘက်က ရှေ့နေလိုက်မြဲ။

"ဖေဖေက အရာရှိလေ၊ ဒုရဲအုပ်ဆိုတော့ လက်အောက်ငယ်သားလည်း ပေးရ၊ သာရေးနာရေးတွေနဲ့၊ ကိုယ့်အထက်က လူတွေကိုလည်း ကျွေးရမွေးရဆိုတော့ သူ့လစာ ဘယ်ပို့ပါ့မလဲ မေမေရယ်"

"အေး...ဒါဆိုလည်း ညည်းတို့ ဘယ်တော့မှ ဒုရဲအုပ်ကို မယူနဲ့။ သူ့လို အမူးသမား၊ သားမှန်း၊ သမီးမှန်း မသိတဲ့လူကို ဘယ်တော့မှ မယူနဲ့"

သားအမိတွေ စကားများနေရပေမယ့် တိုးတိုးတိုးတိုးနှင့်ပါ။ သည်နေ့ည...အာစရိယပူဇော်ပွဲ အကြိုညမို့ မေမေနှင့်အတူ သက်ထားဝါဆိုလည်း လိုက်မည်။

ဒေါ်လေးယဉ်သူဇာကတော့ သက်ထားကို လှမ်းနောက်နေလေ၏။

"သက်ထားရေ...ဒီနေ့ပွဲမှာ နင့်အမေရဲ့ ငယ်ရည်းစား အချစ်ဦးပါ...လာမှာ။ သူက ငါတို့အားလုံးရဲ့ သူငယ်ချင်း"

"ဟင်...ဟုတ်လား၊ ဒါကြောင့် မေမေ ဖေဖေ့ကို အကောင်းမမြင် ဖြစ်နေတာကိုး"

"ညည်းအဖေက ကောင်းမှမကောင်းတာ။ ငါ နောင်တ ရပါတယ်။ ဟင်း...သားသမီးမျက်နှာ ထောက်နေလို့သာ"

"မေမေနော်...ဟင်း...သမီးတောင် အပျိုဖြစ်နေခါမှ စိတ်မကစားနေနဲ့တော့။ ရှက်ဖို့ကောင်းပါတယ်"

"အောင်မာ...ငါက ဘာဖြစ်နေလို့တုံး။ ငယ်ရည်းစား ဆိုပေမယ့် ခုချိန်မှာ သူလည်း မိသားစုနဲ့၊ ကိုယ်လည်း မိသားစုနဲ့။ ဘာမှမဆိုင်ကြတော့ပါဘူး။ သူငယ်ချင်းတွေလိုပဲ ဆက်ပြီး ခင်ကြ မင်ကြရုံပါ"

"ဒါပဲလေ...မေမေရဲ့၊ အို ရှေးသီချင်းထဲကလို နင့်မှာ လည်း သားတွေ၊ သမီးတွေနဲ့။ ငါ့မှာလည်း သားတွေ၊ သမီးတွေ နဲ့...အဲ...အဲ...လေးဆယ်ကျော်အချစ်လိုလေ။ ရှေ့ဆက်ရန်မရှိ တဲ့ ဇာတ်လမ်းကြီးပေါ့"

ယဉ်သူဇာရော ခိုင်နွဲ့ဝါပါ ညဘက် ကျင်းပမည့် ဆရာ ကန်တော့ပွဲအတွက် ညနေ (၅) နာရီကပင် စတင်ပြီး အလှတွေ ပြင်နေကြ၏။

ယဉ်သူဇာက ဝဝဖိုင့်ဖိုင့်၊ ရုပ်ကလေး မဆိုးပေမယ့် လူက ဝတော့ ဖိုးဝရုပ်အသေးစားလေးတော့ပေါ့။ ချစ်စရာတော့ ကောင်းပါ





သည်။

အဲ...ခိုင်နွဲ့ဝါကတော့ အသက်သုံးဆယ်ကျော်ပေမယ့် အစိတ်လောက်ထင်ရအောင် အရွယ်တင်သည်။ လူက ခပ်ပါးပါး ဆိုတော့ လှတုန်းပါပဲ။

သက်ထားဝါဆို ကိုယ့်အမေကိုယ် ကြည့်ပြီး စိတ်မချ၊ လက်မချတွေ ဖြစ်နေရ၏။ မေမေဟာ ယခုထိ လှနေဆဲပါပဲ။

သက်ထားဝါဆိုထက်တောင် လှသည်ထင်မိ၏။ သက်ထား ဝါဆိုက (၁၆)နှစ်သာသာ။ စာမေးပွဲဖြေပြီးစမို့ လူက ခပ်ပိန်ပိန်။ မေမေ့လို တင်တွေ၊ ရင်တွေ မဖွံ့ဖြိုး။

နှင်းဆီဖူးလေးလိုပေါ့။ အစွမ်းကုန်ပွင့်ဖို့အတွက် အားယူနေ ဆဲ ပန်းဖူးလေး။

အသားအရေကတော့ ပြောစရာမရှိ။ သက်ထားအသားက ဖြူစင်ဝင်းနှစ်နေပါ၏။ အရပ်ကလေးရှည်ရှည်၊ ရုပ်ကလေးက မအေနှင့် ဖအေ၏ အလှတွေကို ပေါင်းစပ်ထားတာမို့ ချောမှချော။

သို့သော် အလှလည်းမပြင်၊ လှအောင်လည်း မနေတတ်တာ မို့ သက်ထားဝါဆိုအလှက ရှုံးကွေ့ထဲမှာ အလှပြထားသလိုတော့ မပေါ်လွင်ရှာ။

သေချာကြည့်မှ သတိထားမိကြမည့်အလှ။ မြင်တတ်သူ တွေကတော့ သက်ထားလှတာ မြင်နေကြတာပါပဲ။

လောလောဆယ် သက်ထား မေမေ့ကို စိတ်မချ။ သည်ပွဲမှာ မေမေ့ငယ်ရည်စားကြီး လာတယ်၊ ပါတယ်ဆိုပဲ။

ငယ်ကချစ် အနှစ်တစ်ရာတဲ့၊ ငယ်ကပေါင်း အနှစ်တစ်သောင်းတဲ့ဆိုပြီး မခွဲနိုင် မခွာရက်တွေ ဖြစ်ကုန်ကြလျှင် မလွယ်။

ထိန်းရသိမ်းရမှာက သူ့တာဝန်။

သည်တော့ သက်ထားဝါဆိုလည်း မေမေ့အနားမှာ တကပ်ကပ်နှင့် သတင်းထောက်ဖို့ရာ သည်ပွဲကို လိုက်ကိုလိုက်ရမည်။

သူမကတော့ အလှပြင်လေ့ပြင်ထ မရှိ။ သနပ်ခါးလေးလိမ်း၊ ခါးထိရှည်သည့် ဆံပင်ကို ကျစ်ဆံမြီး (၂)ဖက်ခွဲထိုး၊ တီရှပ်အဖြူလက်ရှည်လေးနှင့် ဘောင်းဘီရှည်အနက်ပွင့်လေး ဝတ်လိုက်၏။ ပြီးပြီ။

ဘောင်းဘီနှင့်အင်္ကျီကတော့ အပျော့သားလေးတွေမို့ သူမ၏ကိုယ်လုံးလှလှလေးက ရီးတီးရိတ်တိတ် ပေါ်နေသလားမသိ။

မေမေနှင့် အန်တီယဉ်သူဇာကတော့ ယခုထိ အလှပြင်လို့ မပြီး။ သက်ထား အမြင်ကပ်လာ၏။

“ဘယ်လောက်ပြင်ပြင် မေမေတို့ မငယ်တော့ဘူးနော်။ လှလည်း မလှဘဲနဲ့…ဟင်း…သက်ထားက အလှမပြင်ရဘဲ





အဘွားကြီးတွေက အလှပြင်နေကြတယ်”

“ဟဲ့…နင်က ဘာပြင်စရာလိုသလဲ။ နင်တို့အရွယ်က သွေးစုန်းတဲ့အရွယ်…ဒီအရွယ်ဆိုတာ ဘီလူးမတောင် လှတယ်။ ငါတို့တွေသာ ပြင်ရဆင်ရတာ”

“အိမ်အိုတော့ ကျားကန်၊ လူအိုတော့ ပန်းပန်ပေါ့…ဟီဟိ”

မေမေနှင့် အန်တီယဉ်သူဇာတို့နှစ်ယောက် အလှပြင်လို့၊ ပန်းပန်လို့ မပြီးသမျှ သက်ထားဝါဆို အိမ်ရှေ့မှာထိုင်ပြီး စောင့်နေရပါ၏။ အန်တီမေမေ၊ ဘွားဘွားကတော့ ဘုရားခန်းမှာ ပရိတ်တွေ ရွတ်ဖတ်နေရင်းမှ သူ့သမီးကို လှမ်းသတိပေးသည်။

“ညည်းတို့ စောစောပြန်လာကြနော်။ ညဉ့်မနက်စေနဲ့”

“မေမေကလည်း သူ့သမီးများ ဆယ်တန်းကျောင်းသူလေး မှတ်နေသလား မသိ။ ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ…မေမေရဲ့”

“ညည်းဘာသာ ဘာကောင်ကြီးဖြစ်ဖြစ်၊ ငါ့အိမ်မှာတော့ ငါ့သမီးပဲ…ကလေးပဲ”

“နိုင်စွမ်းတို့ကားနဲ့ လာကြိုပြန်ပို့ပေးမှာပါ မေမေရဲ့။ မပူပါနဲ့…ဆရာကန်တော့ပွဲ အကြိုညမှာ အတီးအမှုတ်၊ အဆိုအကတွေနဲ့ ပျော်ကြမှာ။ ဘာမှ စိုးရိမ်စရာမရှိပါဘူး”

“အေး…အေး…ဒါဆိုလည်း ပြီးရောအေ”

ဘွားဘွားက ပရိတ်တွေ ဆက်ရွတ်နေဆဲ အိမ်ရှေ့သို့ ကားရောက်လာပြီး မွန်ရည်ချောမောသော လူကြီးတစ်ယောက် ဆင်းလာသည်။ သူက အိမ်ပေါ်သို့တက်လာရင်း မေမေနှင့် အန်တီကို ရင်းရင်းနှီးနှီး နှုတ်ဆက်နေခဲ့သည်။

"အပျိုကြီးရေ…လိမ့်ပိမ့်အလှတွေ ပြင်မနေနဲ့တော့။ ငယ်ငယ်တုန်းက မူနေတဲ့အကျိုးတွေ ခုမှ ဒုက္ခလှလှ တွေ့နေပြီ မဟုတ်လား"

"ငါ့ဒုက္ခက နင်တို့ မမီပါဘူး။ ရင်ထဲမှာ နောင်တတွေ တအုံတမနဲ့ ဗျာပါဒတွေ၊ သောကတွေ၊ နောင်တတွေ ရနေတာ ငါ မသိဘူးမှတ်လို့လား"

"ဘဝဆိုတာ ရှေ့သို့ပါပဲဟာ။ နောက်ပြန်လှည့်ချင်လို့ မရတော့ပါဘူး။ ကဲ…ပြီးရင်လည်း လာ…ဒံပေါက်ကျွေးတာဟ၊ တော်ကြာ ကုန်နေဦးမယ်"

"မကုန်လောက်ပါဘူး၊ နင်ကလည်း…ဟော…ဒါ… နင့်သားလား…သားက လူချောပဲ"

ယဉ်သူဇာ ကားထဲသို့ လှမ်းကြည့်လိုက်တော့ ကားမောင်းသည့် လူငယ်ချောချောလေးကို မြင်လိုက်ရ၏။

"ယောက်ဖဟ…ငါ့အမျိုးသမီးရဲ့မောင်၊ ငါက ဘယ်လို လုပ်ပြီး ဒီအရွယ်သားကို ရနေမလဲ။ ယဉ်သူဇာရယ်…နင် ဒါ





ကြောင့် အပျိုကြီးဖြစ်တာ။ ခေါင်းလေးဘာလေးလည်း သုံးပါဦး"

"သြော်…ကောင်လေးက နုဖတ်နေတော့ (၁၆)နှစ် လောက် အောက်မေ့လို့ပါ…တကတဲ"

"နင် မျက်မှန်လိုပြီ ယဉ်သူဇာရေ"

ကားပေါ်သို့ ခိုင်နွဲ့ဝါတို့သားအမိပါ တက်လာခဲ့တော့ ရဲဒီပါ သက်ထားဝါဆိုကို မြင်လိုက်ရ၏။

ရဲဒီပါဟာ မိန်းမ ခရေစီတစ်ယောက် မဟုတ်ပေမယ့် သည်လောက် ချစ်စရာကောင်းပြီး ဖြူစင်နုသစ်သည့် ကောင်မလေးမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့တာတော့ အမှန်။

ကားလေးထွက်ခဲ့တော့ ကားထဲမှာ အသံတွေ တိတ်နေခဲ့သည်။ ယဉ်သူဇာ့အသံပဲ တစ်ခါတစ်ခါ ကြားရသည်။ ဘယ်လို ကြောင့် ခြောက်ကပ်နေရပါလိမ့်။

❀

## အခန်း (၆)

အာစရိယပူဇော်ပွဲ (သို့မဟုတ်) ဆရာကန်တော့ပွဲမှာ ဦးစီးလုပ်ကိုင်ကြသူတွေ၊ ပါဝင်ဆင်နွှဲကြသူတွေဟာ လူကြီးသူမတွေချည်းပါပဲ။

စင်ပေါ်မှာ သီချင်းဆိုကြသူတွေကအစ သုံးဆယ်ကျော်၊ လေးဆယ်ကျော်၊ ငါးဆယ်ကျော်တွေ။ ဩော်…လူကြီးများပျော်တဲ့ပွဲပေပ။

ရဲဒီပါ စားပွဲတစ်လုံးမှာ နေရာယူထားရင်း သက်ထားဝါဆိုဆိုသည့် ကောင်မလေးကို ခေါ်လိုက်သည်။

"ရွှတ်…ရွှတ်… ချာတိတ်… လာ… နင့်အမေနဲ့ ငါ့ယောက်ဖက မင်္ဂလာဆောင်သလိုမျိုး သူငယ်ချင်းတွေကို လိုက်





နှုတ်ဆက်ကြ၊ ညှော့ခံကြဦးမှာ။ နင်က ကန့်လန့်ကန့်လန့် လုပ်မနေနဲ့။ ကိုယ့်အလှည့်ကျတော့ ဝင်မွှေလိုက်လိမ့်မယ်"

သူ ဝါဆိုကို လက်ဖျားလေးလှမ်းဆွဲပြီး သူ့ဝိုင်းမှာ ထိုင်ခိုင်းလိုက်သည်။

ဒန်ပေါက်ကတော့ ညှော့ခံသည့်နေရာမှာ အုပ်စုလိုက်သွားစားပြီးကြပါပြီ။

ယခု မြက်ခင်းပြင်ရှိ ညှော့ခံပွဲ၊ မိတ်ဆုံပွဲသို့ ပြန်လာကြခြင်းပါ။

ငယ်သူငယ်ချင်းတွေ ပြန်လည် ဆုံတွေ့ကြသည့်ပွဲ၊ ငယ်ဆရာများနှင့် ပြန်ဆုံတွေ့ကြသည့်ပွဲမို့ ပွဲခင်းထဲမှာ အားရဝမ်းသာ အသံတွေသာ ကျွက်ကျွက်ညံနေကြပါ၏။

"တော်တော်ပျော်စရာကောင်းတယ်နော်"

ရဲဒီပါ ပြောတော့ သက်ထားဝါဆိုက ခေါင်းလေးညိတ်သည်။

"ကျွန်မတို့ ကြီးရင်လည်း သူတို့လိုပဲ ဆရာကန်တော့ပွဲတွေမှာ အလွမ်းပြေ တွေ့ဆုံကြရမှာပေါ့"

"ချာတိတ်က လွမ်းစရာတွေ ရှိနေလို့လား"

"အို…မရှိပါဘူး။ ဝါဆိုပြောတဲ့ လွမ်းစရာဆိုတာ အတိတ်ကာလကို ပြောတာ။ အတိတ်ဟောင်းဆိုတာ ပြန်ပြောင်းသတိရ

စရာပေါ့။ အခုကတော့ ငယ်သေးတော့ ဘယ်တန်ဖိုးရှိဦးမလဲ''

''ဟုတ်ပါတယ်လေ… ရွှေးဟောင်း ပစ္စည်းဆိုတာ ဟောင်းလေး တန်ဖိုးရှိလေ မဟုတ်လား''

မြက်ခင်းပြင်မှာ စားပွဲဝိုင်းတွေ အများကြီးချထားပြီး ထပ်မံ ညှော့ခံတာက ကော်ဖီ၊ မုန့်နှင့် ချင်းသုပ်၊ လက်ဖက်ရည်ကြမ်း။

ဒီပါရော ဝါဆိုပါ ချင်းသုတ်ကို အားပါးတရ စားနေမိကြ သည်။ စကားနိုင်လည်း လုရင်းပေါ့။

''ဒါထက် သူတို့လူကြီးတွေ ကြည့်ရတာ ငယ်မူပြန်သွား ကြသလိုပဲနော်။ တစ်ယောက်နဲ့တစ်ယောက် နောက်လိုက်ကြ၊ ပြောင်လိုက်ကြနဲ့ ပြောမနာ၊ ဆိုမနာ ရှိလိုက်ကြတာ။ ဝါဆိုမှာရော အဲလိုသူငယ်ချင်းမျိုး ရှိသလား''

''ယောကျ်ားလေးသူငယ်ချင်းလား''

''အင်းပေါ့''

''မရှိဘူး…ဝါဆိုတို့အဖွဲ့က မိန်းကလေးတွေချည်းပဲ''

''သူတို့ဘဲတွေရော ဝါဆိုတို့အဖွဲ့ထဲ ပါမလာကြဘူးလား''

''ပါလာပေမယ့် အသည်းလှိုက်အူလှိုက်ကြီး ပေါင်းမနေပါ ဘူး။ ခပ်တန်းတန်းပါပဲ''

''ဒါဖြင့် ပျင်းစရာကြီးပေါ့။ ငယ်ကျွမ်းဆွေတွေ ဘာတွေ မရှိရင် နောင်…ဆရာကန်တော့ပွဲတွေ လာရတော့ ဘယ်အသက်





ဝင်တော့မလဲ''

''မဝင်လည်းနေပစေ…တဆွေးဆွေး တငေးငေးတွေ လုပ်မနေနိုင်ပါဘူး''

''ပြောသေးတာပဲ၊တကယ်လည်း ချစ်မိလာရော မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေမှာ မြင်ယောင်သေးရဲ့''

''ဟာ…ဒီလူကြီး၊ လူကို ဘာတွေ ကျိန်စာတိုက်နေတယ် မသိပါဘူး''

သူတို့ (၂)ယောက် သက်ကြီးဝါကြီးတွေ ကဲသဲနေကြတာ ကို ကြည့်ရင်း အစားတွေစားရင်းမှ သီချင်းတွေလည်း နားထောင် ကြရသည်။

သီချင်းတွေကလည်း ခေတ်သီချင်းမပါ။ ရှေးသီချင်းတွေ။ အဲ…ဟစ်ဟော့တွေ မဟုတ်တာပါ။ ရော့ခ်တွေ ဘာတွေရော ဆိုနေလိုက်ကြတာ။

ဒေါက်တာနိုင်စွမ်းက 'ငယ်သူမို့ မသိတတ်ခဲ့ပါ' သီချင်းကို ဆို၏။

ဟိုးအချိန်ခါ လွမ်းစရာ×××ငယ်သူမို့ မသိတတ်ခဲ့ပါ××× တို့နှစ်ယောက်ရဲ့အချစ်ဟာ လမ်းခွဲခဲ့×××ပင်ညောင်ညိုအောက် မှာ×××တဲ့။

စိုးလွင်လွင်ဆိုတာလား မသိ။ ဒေါက်တာနိုင်စွမ်းဆိုတော့

သူငယ်ချင်းတွေက အားပေးကြပြီး ခိုင်နွဲ့ဝါက မျက်ရည်ဝဲနေရသည်။

ရင်ထဲမှာနာ…

ငယ်ချစ်နှင့် မဆုံဆည်းခဲ့တဲ့ ဖျတ်ခနဲ ကြိုက်၊ ဖျတ်ခနဲ ယူမိသူကြီးက သူမကို တစ်ဘဝလုံး နှိပ်စက်နေပါချေပြီကော။

ချောမောရှင်းသန့်ပြီး ဆွေးညို့နေသည့် ဒေါက်တာနိုင်စွမ်းကို လွမ်းဆွတ်စွာ ကြည့်ငေးရင်း ဘဝခြားခဲ့လေသည့် ချစ်သူကို နောက်ဆုံးအဖြစ် ရင်ဘတ်ထဲ ထည့်နေမိခဲ့သည်။

တကယ့်တကယ်ကျ သူမ၏ ရင်ဘတ်ထဲမှာ သမီးနှင့်သားက နေရာအပြည့် ယူထားခဲ့ပြီးသားပါ။ နိုင်စွမ်းကတော့ သူ့ရဲ့ အသည်းထောင့်မှာ တစ်နေရာပေါ့။ အမြစ်တွယ်နေခဲ့တာ။

နိုင်စွမ်းကလည်း ပွဲတောင်းသည့် သူငယ်ချင်းတွေကြောင့် သည်သီချင်းကို (၂)ကြိမ်တောင် ပြန်ဆိုပေးနေရပါ၏။

စင်ပေါ်မှဆင်းလာတော့ သူငယ်ချင်းတွေ၏ဝိုင်းမှာ ဆူဆူညံညံ၊ စည်စည်ဝေဝေ။

ငယ်ဆရာ၊ ဆရာမတွေကို နှုတ်ဆက်ပြီးပြီမို့ သူတို့တာဝန်က ဆိုကြမယ်။ စကားတွေ ပြောကြမယ်။ အတိတ်ကို ပြန်လွမ်းကြမယ်။

သံယောဇဉ်အမျှင်တန်းကြမယ်။ ဒါပါပဲ။





သူတို့သူငယ်ချင်းအဖွဲ့က (၁၀) ယောက်လောက်။ စားပွဲ (၂) ဝိုင်းမှာ ဝိုင်းထိုင်ကြပြီး စကားတွေက အော်ကြီးဟစ်ကျယ်။

သူငယ်ချင်းတွေကလည်း သိသည်လေ။ နှစ်ပေါင်း (၂၀) လောက် ကွဲကွာပြီးကတည်းက ယခုမှ တစ်ဖန် ပြန်တွေ့ကြသည့် ငယ်ကျွမ်းဆွေ (၂)ယောက်…

ရင်ထဲမှာ အလွမ်းအဆွေးတွေ သက်သာတန်သရွေ့ သက်သာပါစေရယ်လို့ ဟာသတွေ၊ အရွှန်းတွေ ဖောက်နေကြတာ။

"သူ့မှာလည်း ကလေးတွေနဲ့၊ ငါ့မှာလည်း ကလေးတွေနဲ့၊ အကြွေးတွေကလည်း မနည်းမနော။ မိခိုင်ရယ်…နင့်ယောကျ်ားက နင့်ကို လစာပြန်မပေးဘူးဆိုပေမယ့် နင်က သူ့အရိပ်၊ သူ့ဂုဏ်ကိုတော့ ခိုရပါသေးတယ်။ ငါ့လို ဆိုက်ကားသမား၊ အရက်သမားသာ ယူရရင် ဂုဏ်လည်းမရှိ၊ ငွေလည်းမရှိ…ဘာဆိုဘာမှမရှိ…နတ္ထိ…အဟေး…ဟေး"

ဒါက ဆိုက်ကားနင်းတဲ့ ခင်မောင်အေးရဲ့ လောကစံကို မမှုသည့်လေသံ။ သူတို့ကတော့ ပျော်ပျော်ပါပဲ။ လူရယ်လို့ဖြစ်လာလျှင် ဖြစ်ရာဘဝမှာ ရင်ဆိုင်ရဲရမည်။ ပျော်အောင်နေရမည်။

ယဉ်သူဇာက တစ်မျိုး။ သူ့စကားတွေက ရောက်တတ်ရာရာ။

"နိုင်စွမ်းရယ်…နင် လိုင်းပေါ်မှာ တင်ထားတဲ့ ခရီးသွားပုံတွေ၊ မိသားစုလိုက် ပျော်ပျော်ရွှင်ရွှင် သွားနေတဲ့ပုံတွေ ကြည့်ပြီး ငါ့မှာ အားတွေကျလိုက်ရတာ။ ငါတို့မှာတော့ ခရီးသွားဖို့ နေနေသာသာ စားဖို့ဝတ်ဖို့၊ အမေ၊ အဖေ ဆေးကုဖို့တောင် မနည်းအလျှဉ်မီအောင် လုပ်နေရတာ။ နင့်ကုသိုလ်ကံက ကောင်းပါတယ်။ နင့်မိန်းမလည်း ကံကောင်းတယ်"

"ဟင်…နင်က ဘယ်မှမရောက်ဖူးဘူးလား"

"ငါတို့အားလုံးနီးပါး ဘယ်မှမသွားနိုင်ကြပါဘူး။ ကျောင်းဆရာမ လစာလေးနဲ့ ဘယ်လိုလုပ် ခရီးထွက်နိုင်မလဲဟ…ခိုင်နင်ရော ဘယ်တွေ ရောက်ဖူးသလဲ"

အုပ်စုထဲမှာ တစ်ယောက်တည်း ငြိမ်ပြီး ဆွေးနေပုံရသည့် ခိုင်နွဲ့ဝါကို ယဉ်သူဇာက လှုပ်လှုပ်နှိုးပါ၏။

"ဘယ်မှမရောက်ပါဘူး"

"နင့်ယောကျ်ားက ဘယ်မှပို့မပေးဘူးလား"

"သူ့ခေါင်းထဲမှာ သူ့ကိစ္စပဲ ရှိတာပါ။ ငါတို့သားအမိတွေ သူ့ခေါင်းထဲ မရှိပါဘူး"

"သြော်…ဟယ်"

ပေါ့စေချင်လို့ ကြောင်ရုပ်ထိုးခါမှ ဆေးအတွက် လေးနေရပေပြီ။ ယဉ်သူဇာ ကိုယ့်ဆေးကိုယ် မစားနိုင်ဖြစ်ရတော့မလို။





နိုင်စွမ်းက အလိုက်အထိုက် ပြောရသည်။

"ယဉ်သူဇာ…ငါ ဘယ်လိုက်ပို့ရမလဲ…ပြော။ နင်တို့သူငယ်ချင်းတွေအပေါ် ငါ တာဝန်မကျေရဘူး။ ငါနဲ့ ငါ့မိသားစုကတော့ တစ်နှစ်တစ်ခါ လျှောက်သွားတာ၊ ရှမ်းပြည်၊ ကျိုက်ထီးရိုး၊ ပုဂံ၊ ငပလီ…နဲ့နေတာပဲ။ ငါ စိတ်မကောင်းဘူးဟာ…ငါ လိုက်ပို့မယ်၊ ပြော…ဘယ်သွားကြမလဲ"

ပြောရင်းမှ နိုင်စွမ်း တကယ်စိတ်ပါလာပါသည်။ သူငယ်ချင်းတွေခမျာ စားဖို့တောင် အနိုင်နိုင်။ အပျော်ခရီး၊ ဒေသန္တရဗဟုသုတခရီးတွေ…ဘာတွေ လုံးဝ မသွားနိုင်ရှာပါလား။

ယဉ်သူဇာခမျာ ဝမ်းသာအားရ…

"နင်…နင် တကယ်ပို့ပေးမှာလား…နိုင်စွမ်း"

"အေး…ပို့မယ်…နင်တို့သာ လူစုလိုက်၊ ငါ့ကားက (၆) ယောက်၊ (၇) ယောက်လောက် ကာတယ်"

"ဟုတ်မှလည်း လုပ်ပါ…နင်တို့လို ဆရာဝန်တွေက တစ်နေ့…တစ်နေ့ သိန်းချီပြီး ငွေဝင်တာ။ အချိန်က ငွေ၊ အချိန်ဟာ ရွှေပဲ။ နင့်မိန်းမကရော ခွင့်ပြုပါ့မလား"

"ဒါ…ငါ့ကိစ္စပါ။ ဘယ့်နှယ်…လူက ငွေရှာတဲ့ စက်ရုပ်ဖြစ်နေပြီ။ သေရင် ထားခဲ့ရမယ့် အလုပ်တွေ၊ ငွေတွေ ခုကတည်းက ခဏစွန့်ခဲ့မယ်။ (၃) ရက်လောက် ငါ အချိန်ပေးမယ်။

ရတယ်''

အတက်ကြွဆုံးက ယဉ်သူဇာ။ ဖခင်က နာတာရှည် မကျန်းမာသူ။ ဆုံးပါးသွားတာ (၆) လလောက် ရှိပါပြီ။ ယခု လောလောဆယ် မိခင်ကျန်းမာနေသည်မို့ သူ့သားမှ မွေးသည့် မြေးတစ်ယောက်လောက် ခေါ်ထားခဲ့လျှင် အဆင်ပြေသည်။

''နှင့်မိန်းမ…လှမ်းမေးပါဦးဟယ်။ သူ ခွင့်ပြုပြီဆိုတော့မှ ငါတို့ လူစုပါ့မယ်။ ဘယ်သွားချင်တယ်ဆိုတာထက် နင် ပို့တဲ့ နေရာ လိုက်မှာပေါ့။ ငါတို့မှ ဘယ်မှမရောက်ဖူးသေးတာ''

''သြော်…အေးပါ…ဒါဆိုလည်း ငါ လှမ်းပြောလိုက်ဦး မယ်''

နိုင်စွမ်း ခပ်လှမ်းလှမ်းသို့သွားရင်း သူ့ယောက်ဖတော်လေး ကို အရင်ညှိရသည်။

''ညီ…ခဏ''

ရဲဒီပါ နိုင်စွမ်းအနားသို့ ကပ်သွားရသည်။ မြက်ခင်းပြင်မှာ တော့ လူတွေ၊ စားပွဲဝိုင်းတွေက အပြည့်။

''အကို့သူငယ်ချင်းတွေက ဆင်းရဲတယ်။ ကျောင်းဆရာမ တွေ များတယ်။ သူတို့ခမျာ တစ်ခါမှ ခရီးတွေ၊ ဘာတွေ မသွား ဘူးတော့ အကို လိုက်ပို့ချင်တယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ညီလည်း စိတ်ပါတဲ့နေရာကို လိုက်ပို့ကြရအောင်''





သူ…သူခိုးသေဖော် ညှိရတာပါ။ အိမ်ထောင်ရှင်ဘဝဆိုတာ မလွယ်။ မိန်းမ ကြည်ဖြူအောင် ပြောရလုပ်ရဦးမည်။ လူပျို လူလွတ်တစ်ယောက်လို ကျင့်ကြံလို့ရတာ မဟုတ်။

''ရပါတယ် အကိုရဲ့၊ ကျွန်တော်က အားနေတာပဲ။ ပို့ဆို လည်း ပို့လိုက်ရုံပေါ့။ မမဆီ အကြောင်းကြားပြီးပလား''

''ကြားမလို့…သူက သဘောထားကြီးမှာမဟုတ်လို့… အကိုက သူ ခွင့်ပြုအောင် ဘယ်လိုပြောရပါ့မလဲလို့ ညီ့ဆီ လာပြီး အကြံယူတာ။ ညီက လူငယ်ဆိုတော့ ဒါမျိုးတွေ တတ်တယ် လေ''

''ဆရာတင်တယ်ဆိုပါတော့''

''အေး…လုပ်ပါဦး…ညီရယ်''

နိုင်စွမ်းတစ်ယောက် သူ့လူ ကိုယ့်ဘက်သား လုပ်နေရ သည်။ ယောက်ဖတစ်ယောက်လုံး အိတ်ထဲထည့်ထားနိုင်မှ မိန်းမ ကို ထုချေလွှာတင်နိုင်မည် မဟုတ်ပါလား။

''သြော်…အကိုတို့ သူငယ်ချင်းတွေစုပြီး ခရီးထွက်ကြ တယ်ပေါ့။ ဆရာကန်တော့ပွဲမှာ သူငယ်ချင်းတွေ ဆုံကြလို့ အကို့ ကားကို ချော့ဆွဲကြတယ်ပေါ့''

''ဖြစ်ပါ့မလား…ရပါ့မလားကွာ''

''ကြောက်နေရင်လည်း နေလိုက်တော့…အကို''

"အေး…ချမယ်ကွာ"

"ချဗျာ…ဒါထက် အကို ဘယ်သွားကြမှာလဲ"

"ညီ ပြောလေ၊ ကျိုက်ထီးရိုး…ဘယ့်နှယ်"

"ရိုးပါတယ်ဗျာ…ငပလီထိ တက်မယ်"

"ငပလီ…ကားနဲ့ဆို ဝေးမယ်"

"ကျွန်တော့်သူငယ်ချင်းတွေကားနဲ့ သွားဖူးတယ်။ အရမ်းပျော်စရာကောင်းတာ အကိုရ၊ ကျွန်တော် အရမ်းသွားချင်နေတာ"

"ရက်ကြာနေမလား"

"မကြာပါဘူး၊ သေိုင်းချောင်း၊ ဇွလမ်းဘက်က သွားမယ်။ ဝိုး…ပြောရင်းတောင် ပျော်လာပြီ။ အကို…ဝါဆိုတို့သားအမိပါပစေနော်"

"ဝါဆို့အမေက ငါ့ငယ်ရည်းစားကွ"

"လုပ်မနေနဲ့…သူ့မှာလည်း ကလေး (၂)ယောက်နဲ့။ အကို့မှာလည်း ကလေး (၂)ယောက်နဲ့။ ရိုက်ပေးစားတောင် ပြန်ယူလို့မရတော့ဘူး။ ချည်တိုင်ကိုယ်စီနဲ့ကို"

"ညီ့အစ်မက အဲလိုထင်ပါ့မလားကွာ။ တော်ကြာ ပြဿနာတွေ တက်နေရင်"

"အ…ပါ့၊ ရိုးပါ့…အကိုရာ၊ ဘာဖြစ်လို့ သူ့ကို အလုံးစုံသံတော်ဦးတင်နေရမလဲဗျ၊ ခပ်ပါးပါးပေါ့…သူငယ်ချင်းတွေ





ချောဆွဲလို့…အတင်းခေါ်လို့ ပါသွားရတယ်ပေါ့။ ဖြောင့်ကွယ်လေး"

"အေး…ပြီးရော၊ ညီ့ကို မေးရင်လည်း ကြည့်သာဖြေ၊ ကြည့်သာရှိုး"

"အိုကေ"

နိုင်စွမ်း မိန်းမဆီ ရဲဒီပါ သင်ပေးသည့်အတိုင်း ရှိုးတာတောင် ကြည်သာချိုတို့က ရစ်နေလိုက်တာ မပြီးနိုင်၊ မစီးနိုင်။

နာရီဝက်လောက်ကြာမှ သူ့မှာ ချွေးဒီးဒီးကျတော့မှ ဖုန်းပြောလို့ ပြီးခဲ့သည်။ သူငယ်ချင်းတွေကို သူ လက်မထောင်ပြလိုက်တော့ အားလုံးပင် ပျော်ရွှင်သွားကြသည်။

အကဲဆုံးက ယဉ်သူဇာ။ ဒါရိုက်တာမကြီး။

"နင့်ကားက ဘယ်လောက်ကာတယ်ဟဲ့…(၆)ယောက်လား…(၇)ယောက်လား"

"(၇)ယောက်ကာတယ်…ငါနဲ့ ရဲဒီပါက ရှေ့ကမှာ တစ်လှည့်စီ မောင်းမှာ။ နောက်က (၇) ယောက် လိုက်လို့ရတယ်"

"ဟိုကျ…တည်းခိုဖို့တွေရော…နေစမ်းပါဦး၊ ဘယ်ကိုသွားကြမှာလဲ"

"ငပလီ"

"ဘာ"

"ပေလီလေ…မကြားဖူးဘူးလား"

"အမလေး…ငါတို့အရွယ်ကြီးတွေနဲ့ ပေလီသွားတော့ သူများ ကဲ့ရဲ့မှာပေါ့။ ကျိုက်ထီးရိုးလေး ဘာလေးဆို…ဟုတ်တုတ်တုတ်"

"ဟော့…အလကားရတဲ့နွား သွားဖြဲကြည့်မနေနဲ့။ ပေလီသွားရင်းနဲ့လည်း သံတွဲမှာ ဘုရားဖူးလို့ရတယ်။ ဆံတော်၊ အံတော်နဲ့ နံတော်ဆိုပြီး တန်ခိုးကြီးဘုရား (၃) ဆူရှိတယ်။ ဘုရားလည်းဖူးရမယ်"

"လိပ်ဥလည်း တူးရမယ်ပေါ့…ဟုတ်လား၊ ငါတို့အရွယ်ကြီးတွေနဲ့ မကြုံကောင်းမစည်ရာ အသက်တွေပဲ သုံးဆယ်ကျော် လေးဆယ် ရောက်တော့မယ်"

"ကဲ…ကဲ…အပိုစကားတွေ ရပ်ထား၊ လိုက်မယ့်လူတွေ စာရင်းပေး၊ အနည်းဆုံး (၆) ယောက်ရှိမှ ငါက ပို့ပေးမှာနော်။ ငါ့မိန်းမကို မနည်းခွင့်တောင်းထားရတာ"

"အေးပါ…အေးပါ…ဟဲ့…ခိုင်နွဲ့ဝါ…နင်တို့သားအမိရယ်၊ ငါရယ်ဆိုတော့ (၃)ယောက်၊ ဟိုဆိုက်ကားသမား၊ အရက်သမားရော လိုက်ဦးမလား"

သူငယ်ချင်းအချင်းချင်းမို့ ပြောမနာဆိုမနာ ခင်မောင်အေးက





ရှုံ့မဲ့ပြီး လက်ခါပြသည်။

"ငါနဲ့ ပေလီ ဘာမှမဆိုင်ဘူး။ ငါ့တာဝန်က မိန်းမကို တစ်နေ့ နှစ်ထောင် ပိုက်ဆံအပ်မယ်။ ငါ့အရက်ဖိုးကလေး နည်းနည်းကျန်ရင် တော်ပြီ။ ကျန်တာ ဘာမှစိတ်မဝင်စားဘူး။ ပြီးတော့ နင်တို့လို အကြင်နာတရားမရှိတဲ့ အပျိုကြီးတွေကြားထဲလည်း ငါ ဘယ်တော့မှ မလိုက်ဘူး"

"မလိုက်လည်းနေပေါ့… နင့်ကိုလည်း ဘယ်သူမှ ခခယယ မခေါ်ဘူး။ မယဉ်အေး…နင်ရော နင့်ယောကျ်ားက ထည့်ပါ့မလား"

"ငါက ကလေးတွေနဲ့ဟ။ အနည်းဆုံး အငယ်ဆုံးမတော့ ခေါ်မှဖြစ်မှာ"

"နင့်သမီးက ဘယ်အရွယ်လဲ"

"(၇)နှစ်ရှိပြီ၊ ဒုတိယတန်း တက်နေတယ်လေ"

"ခေါ်ခဲ့…ဒါဆို (၅)ယောက်ရှိပြီ။ နောက်တစ်ယောက် ဘယ်သူလိုက်မလဲ"

သည်အခါ ယဉ်သူဇာကပင်…

"ဟဲ့…ခိုင်စွမ်း…နင့်ညီမတစ်ယောက်လောက်၊ တူမ တစ်ယောက်လောက်ဖြစ်ဖြစ် ခေါ်လိုက်လေ၊ လူပြည့်ရင် ပြီးရောပေါ့"

"အေး…ဟုတ်တယ်၊ ငါ့အစ်မ အပျိုကြီးတစ်ယောက်ကို ခေါ်မယ်"

"အိုကေ…လူပြည့်ပြီ"

ယဉ်သူဇာ တက်ကြွပျော်ရွှင်နေသလောက် ခိုင်နွဲ့ဝါကတော့ မျက်ရည်အဝဲသား။ လူက ငေးငေးငိုင်ငိုင်။

"ဟဲ့…မခိုင်…နင် ဘယ်လိုဖြစ်နေသလဲ။ နင့်ဘဝ တစ်လျှောက် တစ်ခါမှလည်း ခရီးမထွက်ခဲ့ရဘူးလေ။ ဒီယောကျ်ား နဲ့ ရပါပြီလေး ဆိုကတည်းက အိမ်ထောင့်တာဝန်၊ ဝန်ထုပ်ဝန်ပိုး ကြီးကို ခေါင်းပေါ်ရွက်ပြီး ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းပဲ သံသရာလည်နေရတာ။ တစ်ခါတလေလည်း ပို့မယ့်သူရှိတုန်း လူသားဆန်ဆန်လေး နေကြည့်ပါဦး"

ခိုင်နွဲ့ဝါ ခေါင်းလေးငုံ့လျက် မပွင့်တပွင့်နှင့်…

"ငါ ကြောက်တယ်။ သူနဲ့ငါက ငယ်ငယ်က ချစ်ခဲ့ကြဖူး သူတွေဆိုတော့ လူမြင်သူမြင် မတင့်တယ်မှာစိုးတယ်။ နောက်ပြီး သူ့အိမ်ထောင်ရေးလည်း ငါ့ကြောင့် အဖုအထစ်ဖြစ်မှာ စိုးတယ်"

"ခိုင်ရယ်…နင်နဲ့သူ (၂)ယောက်တည်း သွားကြတာမှ မဟုတ်ဘဲ။ သူ့ဘက်ကလည်း သူ့ယောက်ဖ ပါတယ်။ နင့်ဘက် ကလည်း နင့်သမီး ပါတယ်။ ငါတို့လို သူငယ်ချင်းတွေလည်း ပါတယ်။ သူ့အစ်မလည်း ပါမယ်။ နင် ဘာကို အတွေးခေါင်နေ





တာလဲ။ ရိုးရိုးလေးပဲ တွေးစမ်းပါဟာ"

"အေးလေ…ငါက ပြဿနာတွေ ဖြစ်လာမှာစိုးလို့ပါ"

"မဖြစ်ဘူး…စိတ်ချ၊ မနက်ဖြန် ဆရာတွေ ကန်တော့ပြီး ရင် မနက် (၁၁) နာရီလောက် ငါတို့ ထွက်ကြမယ်။ ဝိုး… ငါတော့ ပျော်လိုက်တာဟယ်။ ရခိုင်ရိုးမကို ကားနဲ့ ဖြတ်ကျော် ရမှာ။ ပင်လယ်ပြာကြီးကို သာသာယာယာ မြင်ရမှာ။ တွေးကြည့် ရုံနဲ့တင် ပျော်လှပြီ"

ထိုညက ည (၁၀) နာရီလောက်ကျမှ သူတို့အဖွဲ့တွေ တည်းအိမ်အသီးသီးသို့ ပြန်လာဖြစ်ကြသည်။

မနက်ကို သွားဖို့လာဖို့အတွက် ယဉ်သူဇာက စီစဉ်သည်။

"ငပလီမှာ အစားအသောက်တွေ ဈေးကြီးမှာဟ။ ငါတို့ ငံပြာရည်ကြော်နဲ့ ငါးရံ့ခြောက်ဖုတ်လောက်၊ လက်ဖက်လောက် တော့ ယူသွားကြမယ်"

အိမ်မှာရှိသည့် ပုစွန်ခြောက်၊ ငါးခြောက်တို့နှင့် စားသောက် ဖွယ်ရာများ မနက်စောစောထပြီး ချိုင့်ကြီးများနှင့် ချက်ပြုတ် ယူသွားဖို့ ပြင်ဆင်ကြသည်။

တသိုက်သိုက်နှင့် လုပ်ကိုင်နေကြရတာကို့က ပျော်စရာ။

## အခန်း (၇)

အာစရိယပူဇော်ပွဲပြီးတော့ နံနက် (၁၀) နာရီကျော်ပြီ။ ခိုင်နွဲ့ဝါမှာ ယခုထိ ချီတုံချတုံ။ ပေလီထိ နိုင်စွမ်းနှင့်အတူ ခရီးသွားလို့ တော်ပါ့မလား။

ကျောင်းပိတ်ရက်တွေဆိုပေမယ့် သူနှင့်အတူ ခရီးသွားမိလျှင် အဟောင်းတွေ အသစ်ဖြစ်ကာ နှလုံးသားက တဖန် နိုးထလာဦးမှာလား။

သမီးကတော့ ကလေးပီပီ ခရီးသွားချင်နေရှာပါ၏။





"မေမေကလည်း အန်တီယဉ်သူဇာလည်း ပါတယ်။ အန်တီယဉ်ယဉ်အေးတို့ သားအမိလည်း ပါတယ်။ ဦးဦးဆရာရဲ့ အစ်မလည်း ပါတယ်။ လူတွေ အများကြီးသွားကြမှာ။ အကြီးကြီး တွေးမနေပါနဲ့ မေမေရယ်၊ ပျော်ပျော်ရွှင်ရွှင် လိုက်သွားကြရအောင်နော်။ အိမ်ပြန်ရင်လည်း ဖေဖေနဲ့ မောင်လေးက နေပြည်တော်မှာ၊ အဘွားက သူ့သမီးဆီ ရောက်နေတယ်။ တစ်ခါတလေလောက် အပျော်ခရီးလေး ထွက်ကြရအောင်နော်···မေမေ"

"ဟုတ်သားပဲ ခိုင်ရယ်···နင်ကလဲ···ငါတို့လူတွေ အများကြီးနဲ့ သွားကြမှာ။ ငယ်ငယ်ကကိစ္စတွေ မေ့ထားလိုက်စမ်းပါ။ နင်တို့ (၂)ယောက်လုံး မိသားစုကိုယ်စီ ရှိနေကြပြီပဲ။ ဘာတွေများ လွမ်းဆွေးနေရဦးမှာလဲ။ သူငယ်ချင်းလိုပဲ ဆက်ဆံ၍ခေါ်မည် ခိုင်ပေါ့ဟာ။ နင်ကလဲ···နင့်ဘဝမှာ အမြဲတမ်း မပျော်ရွှင်ခဲ့ရတာ။ တစ်ကြိမ်တစ်ခါလောက်တော့ နင် ပျော်ရွှင်သင့်ပါတယ်။ စိတ်ကို ဒုန်းဒုန်းချလိုက်"

"အေးပါဟာ···ငါက လူတွေ ကဲ့ရဲ့စကားတင်းဆိုကြမှာ စိုးရိမ်လို့ပါ"

"မစိုးရိမ်နဲ့···လူတွေ တစ်လှေကြီးနဲ့သွားတာ။ နင့်စိတ်တွေ လွှတ်ချထားလိုက်စမ်းပါဟာ···ပေါ့ပေါ့ပါးပါးနေစမ်းပါ"

နောက်ဆုံး ခိုင်နွဲ့ဝါ စိတ်ကို ဒုန်းဒုန်းချလိုက်ရသည်။

ခင်ပွန်းသည်ကိုလည်း ပြောပြမနေတော့ပါ။ သူကလည်း ကိုယ့်ထံ ဖုန်းဆက်ခဲ့သည်။ ကိုယ်ကလည်း သူ့ကို ဖုန်းဆက်ဖို့ မေ့နေပါသည်။

လောကထဲမှာ ရှန်းရင်းကန်ရင်းနိုင့်ပင် အားမကိုးရသည့် ယောကျ်ား၊ ကိုယ့်အပေါ် မလေးနက်သည့် ယောကျ်ားကို ခိုင်နွဲ့ဝါ မေ့တတ်တာ လွန်သလား။

ဆရာကန်တော့ပွဲပြီးတော့ နိုင်စွမ်း အိမ်ပေါက်စေ့လိုက်ပြီး လူတင်သည်။ ပထမဦးဆုံး ယဉ်သူဇာတို့အိမ်။

ယဉ်သူဇာနှင့် ခိုင်နွဲ့ဝါတို့သားအမိ။

“အဘွားရေ...သွားပြီ”

“မေမေ...မေမေ့မြေး ခေါ်အိပ်နော်”

“အေးပါအေ...ညည်းတို့သာ ဖြောင့်ဖြောင့်သွားပါ။ စိတ်တွေ အပန်းပြေပါစေအေ။ ငါ့သမီးတွေ အလုပ်ဝန်ပိ၊ တာဝန်တွေ ပိနေရတာ။ တစ်ခါတလေလည်း စွတ်ရွတ်သွားဦးမှပေါ့။ ဆောင်းတွင်းမို့ အေးတော့အေးတယ်။ အနွေးထည်တွေ ဝတ်အိပ်”

“ဟုတ်ကဲ့ပါ မေမေရဲ့”

သူတို့ (၃) ယောက် အိတ်တွေ၊ ချိုင့်တွေနှင့် တက်သွားကြပြီး ယဉ်ယဉ်အေးတို့သားအမိနှင့် နိုင်စွမ်း၏အစ်မကို သွားခေါ်ကြသည်။





မြို့မှထွက်တော့ (၁)နာရီ။ အားလုံးပင် ပေါ့ပါးလန်းဆန်းနေကြသည်။ ဘဝအမောတွေကို တဒင်္ဂ ပစ်ချခဲ့ပြီး လူသားပီသစွာ စိတ်အညစ်အကြေးတွေကို လျှော့ဖွပ်ချင်ကြလို့ပါ။

နောက်ဘက်မှာ သူငယ်ချင်းတွေ စုနေကြတာမို့ အားလုံးပင် ရယ်ရယ်မောမောနှင့် ပျော်ပျော်ပါးပါး။

နိုင်စွမ်းနှင့်ရဲဒီပါကတော့ ကားမောင်းရသည်။ နောက်ဘက်သို့လည်း စကားတွေ လှမ်းလှမ်းပြောပါ၏။ ရှေးဟောင်းနှောင်းဖြစ်တွေပေါ့။

ရဲဒီပါ...နိုင်စွမ်းကို နားလည်မှုရှိပါသည်။ သည်ကေ့(စ်)ဟာ အန္တရာယ်မရှိမှန်းလည်း သိပါသည်။ အကိုနှင့်ခိုင်နွဲ့ဝါ...

နှစ်ယောက်လုံးမှာ ကိုယ်စီ မိသားစုတွေ ရှိသည်ပဲ။ အိမ်ထောင်ရှင်ရယ်လို့ ဖြစ်လာကြလျှင် ကိုယ့်မိသားစု၊ ကိုယ့်သား၊ သမီးကို ခင်တွယ်ကြသူတွေသာ များပါသည်။

စုန်းပြူးတစ်ယောက်တလေ၊ ရမ္မက်ကျူးသူတစ်ယောက်တလေသာ ကိုယ့်သားသမီးကို ပစ်ထားခဲ့ပြီး ဖောက်ပြန်တတ်ကြတာ။

ယခုလည်း အကိုနှင့်ခိုင်နွဲ့ဝါတို့အဖြစ်က သူငယ်ချင်းအုပ်စုထဲမှာ ရှေးဟောင်းနှောင်းဖြစ်တွေကို မေ့နေသလား။ သတိရသလားတော့ မသိ။

ငယ်မူငယ်သွေးတွေနှင့် နုနယ်စိုပြေနေတာတော့ အမှန်။

သည်စဉ် ကားနောက်ဘက်ထဲမှာ သက်ထားဝါဆို တဝေါ့ဝေါ့ အန်နေတာကြောင့် သူတို့ ကားကို ခေတ္တရပ်လိုက်ရသည်။

"သမီး…ဘာဖြစ်တာလဲ၊ ကားမူးတာလား"

"ဟုတ်ကဲ့ပါ…ဦးဆရာ"

"ဒါဆို…ကားရှေ့ခန်းကို လာစီးလိုက်၊ ဖြစ်လား"

"အားနာပါတယ်…သမီးကို ဆေးပဲတိုက်ပါ"

"ဆေးက ချက်ချင်း မရဘူး။ လာ…ကားရှေ့လာစီးလိုက်၊ မှန်လည်းချထား"

သက်ထားဝါဆို အားနာနာနှင့်ပင် ကားရှေ့ခန်းသို့ လာစီးလိုက်ရသည်။ နိုင်စွမ်း ကားနောက်ဘက်သို့ လာရ၏။ ခိုင့်ဘေးနားမှာ။

အသက်တွေ သုံးဆယ်ကျော်ပေမယ့် နှလုံးသားက ပူနွေးနေဆဲပါလား။ ရင်ထဲမှာ လွမ်းဆွတ်သလိုလို၊ ကြည်နူးသလိုလို၊ ငိုချင်သလိုလို၊ ရယ်ချင်သလိုလို။

သူရောကိုယ်ပါ ဘဝကိုယ်စီ၊ မိသားစုကိုယ်စီနှင့်မို့ စိတ်ကို အတင်းအကျပ် ထိန်းသိမ်းပေမယ့် ညှိုးငယ်သောမျက်နှာနှင့် စီးပွားရေးမကောင်း၊ ယောကျ်ားဆိုးနှင့် ဆင်းရဲပင်ပန်းနေသည့် ချစ်ဦးသူကို နိုင်စွမ်း ရင်ထဲမှာ နာကျင်အောင်ပင် ကြင်နာသနား





မိတာတော့ အမှန်။

ဘဝဆိုတာ ရှေ့သို့ ဆက်လျှောက်ရမှာပါပဲ။ ဖြစ်ရာဘဝမှာ အဆင်ပြေအောင်၊ ပျော်ရွှင်အောင် နေရမှာပါပဲ။

ခံစားချက်ဆိုတာကတော့ တစ်မျိုးပေါ့။ လူ့ဘောင်၊ လူ့ပတ်ဝန်းကျင်က လက်မခံနိုင်သည့် အပြုအမူတွေ၊ အလုပ်တွေ မလုပ်မိအောင်တော့ ထိန်းချုပ်ရမှာပေါ့။

နိုင်စွမ်းဟာ တည်ကြည်ရိုးဖြောင့်သူပါ။ ငယ်စဉ်ဘဝမှာ အချစ်ဦးကတော့ ခိုင်နွဲ့ဝါပေါ့။ သို့ပေမယ့် ချစ်သူလိုလို၊ ရည်းစားလိုလို ကောင်မလေးတွေလည်း ရှိခဲ့ဖူးပါရဲ့။

နောက်ဆုံးကျမှ ကြည်သာချိုနှင့် လက်ထပ်ဖြစ်ခဲ့သည်။ သူ့ဘဝမှာ သားနှင့်သမီးကိုလည်း အလွန်တွယ်တာချစ်ခင်မိပါသည်။

အလုပ်တွေနှင့် ငြီးငွေ့လွန်းသည့်အခါ မိသားစုနှင့်အတူ ခရီးထွက်ဖြစ်သည်။

ယခုလောလောဆယ် သူ့နှလုံးသားထဲမှာ ခိုင်နွဲ့ဝါကို ကြင်နာသနား ကရုဏာမိုးတွေ ရွာသွန်းဖြိုးနေမိပေမယ့် သူ့အသိဉာဏ်တွေ လွတ်ထွက်မသွားပါ။

ရင်ထဲမှာ ထိန်းချုပ်ရလွန်းလို့…

ဦးနှောက်က ထိန်းချုပ်ရလွန်းလို့…

ဘောင်းခနဲတောင် ပေါက်ထွက်သွားတော့မလိုပါပဲ။

သို့သော် သူဟာ နှလုံးသားရှိသည့် လူသားတစ်ဦးမို့ ချစ်ခဲ့ဖူးသူနှင့် ခင်ခင်မင်မင် ကြင်ကြင်နာနာတော့ နေခွင့်ရချင်ပါသည်။

ဘဝမှာ တစ်ကြိမ်လောက်ဖြစ်ဖြစ်ပေါ့။

သူငယ်ချင်းများနှင့်အတူမို့ သူတို့ရဲ့တွေ့ဆုံခြင်းဟာ အန္တရာယ်လည်း မရှိနိုင်ပါ။

ကိုယ့်စိတ်ကိုယ် ဖြေလျှော့လိုက်တော့မှ နိုင်စွမ်း နေသာထိုင်သာ ရှိသွားရပါသည်။ သူတို့ထိုင်နေသည့် (၄)ယောက်က သူရယ်၊ ခိုင်နွဲ့ဝါ၊ ယဉ်သူဇာနှင့် သူ့အစ်မတစ်ဝမ်းကွဲ ခင်မာလာ။

နောက်တန်းမှာတော့ ယဉ်ယဉ်အေးတို့သားအမိက သက်သောင့်သက်သာ။

"အပျော်ခရီးဟော့…ပျော်ပျော်ပါးပါးပဲ။ လွမ်းတာဆွေးတာတွေ လာမလုပ်ကြနဲ့။ အတိတ်ကို အတိတ်မှာထား။ ပစ္စုပ္ပန်တည့်တည့်ကိုရှု။ မြင်ရင် မြင်တယ်လို့မှတ်"

ဒါကတော့ အပျိုကြီး ယဉ်သူဇာ၏ အာပြဲအာလန်စကား။ ခင်မာလာကတော့ အသက်လေးဆယ်ကျော် အပျိုကြီးပီပီ စားဖို့နှင့်အိပ်ဖို့သာ သူ့အတွက် အရေးကြီးသူ။

"ငါတို့ ဘယ်မှာ ထမင်းစားရမှာလဲဟေ…နေ့လယ် (၁)နာရီကျော်ပြီဟ။ ရှေ့…သင့်တော်တဲ့ ထမင်းဆိုင်တစ်ခုခု





တွေ့ရင် ရပ်ဟာ…ဆာတယ်ဟ။ ငါ့မှာ အစာအိမ်နဲ့"

"လူတိုင်း အစာအိမ်ပါကြတာပဲ။ မမကလည်း အဆင်ပြေတဲ့ဆိုင်မှာ ရပ်ပေးမှာပေါ့"

"နင်တို့က ထမင်းမှန်း၊ ဟင်းမှန်း မသိကြတော့ဘူးလားလို့ ဟော့…ငါကတော့ ဆာတတ်တယ်"

"အဲဒါကြောင့် မမ ဖက်တီးပုတ်ကြီး ဖြစ်နေတာ"

ရယ်ရယ်မောမောနှင့်ပင် သူကတော့ ခိုင့်အနားမှာ အတူယှဉ်တွဲထိုင်နေရသဖြင့် ရင်ထဲမှာ တလှိုက်ဖိုဖို။

ကိုယ့်စိတ်ကိုယ် ဘယ်လိုချုပ်ထိန်းထိန်း သူ့ရင်တွေ ဖြောင်းဆန်နေရပါသည်။ ခိုင်ရော ခိုင့်ကို သူ တိတ်တခိုးကြည့်လိုက်တော့ ခိုင့်မျက်လုံးလေးများ မှိတ်ပြီး ကိုယ်လေးကျုံ့ကာ လက်ပိုက်နေရှာ၏။

သူလည်း ကိုယ့်လိုနေမှာပေါ့။

အဆင်မပြေသည့်၊ မကြင်နာသည့်၊ ပင်ပန်းဆင်းရဲရသည့် အိမ်ထောင်ထဲမှာ ခိုင့်ခမျာ စုံးစုံးမြုပ်လို့။

ခိုင် နောင်တတွေ ရနေရှာမှာပဲ။ သူ့ကို တမ်းတနေရှာမှာပါပဲ။

သူတို့ (၄)ယောက်မှာ ခိုင်တစ်ယောက်သာ ပါးပါးလျားလျား။ ကျန် (၃) ယောက်က ခပ်ဝဝတွေမို့ လူကတော့ ခပ်ကျပ်

ကျပ်။

"နိုင်…သက်သောင့်သက်သာနေလေ၊ ကိုယ်နဲ့ထိလို့လည်း ငရဲမကြီးပါဘူးကွယ်။ ကိုယ့်စိတ်က ဖြူစင်သန့်ရှင်းနေရင် ပြီးတာပဲ"

နိုင်နွဲ့ဝါ သူ့ကို ရီဝေဝေ မျက်လုံးများနှင့် ဖွင့်ကြည့်ပြီး မျက်စိပြန်မှိတ်သွားသဖြင့် နိုင်စွမ်း ပြောမိတာပင် နောင်တရမိပါ၏။

ကားရှေ့ခန်းမှာလည်း ရဲဒီပါနှင့် သက်ထားဝါဆို။

မေမေ့သူငယ်ချင်းတွေ၏ ပြောစကားများထဲမှ ဦးဆရာနှင့် သူ့မေမေဟာ ငယ်ရည်းစားတွေဆိုတာ သိရသဖြင့် ဝါဆို မျက်နှာ ပူပါသည်။

ရဲဒီပါက ဦးဆရာရဲ့ယောက်ဖလေ။ သူတို့ယောက်ျားတွေရဲ့ သဘောထားက ဘယ်လိုလဲ။

သည်လိုပဲ သဘောထားကြီးကြတာလား။ ဒါမှမဟုတ် ပေါ့ဆကြတာလား။

ကိုယ့်အစ်မရဲ့ ယောက်ျားတစ်ယောက်လုံး ငယ်ရည်းစားနှင့် ခရီးသွားနေတာကို ဘယ်လိုမှ မနေဘူးတဲ့လား။

သူ့ပုံစံက ပေါ့ပေါ့ပါးပါး။ ကားမောင်းရင်း လေတချွန်ချွန်။ အရမ်းပျော်နေသည့်ပုံ။

အင်း…ငါလည်း ဖိုးသူတော်နဲ့ ပြောင်းခင်းပုံပြင်ထဲကလို





သူများကိုသာ အပြစ်တင်နေတယ်။ ငါကရော…

ကိုယ့်အမေ သူ့ငယ်ရည်းစားနှင့် ခရီးအတူသွားမှာကို ကန့်ကွက်ပါတဲ့လား။ ငါ ဘာဖြစ်လို့ မေမေ့ကို မတားမိခဲ့ပါလိမ့်။

ငါတို့သားအမိဟာ ဖေဖေ့အပေါ် သစ္စာဖောက်ရာရောက်နေပလား။

အိုလေ…သစ္စာဖောက်တဲ့အပြုအမူ၊ စိတ်ထားတွေလည်း မလုပ်ကြပါဘူး။ ဘယ်တော့မှ မလုပ်ပါဘူး။ မေမေကလည်း မလုပ်ဘူး။ ငါကလည်း မေမေ့ကို တားဆီးမှာ၊ စောင့်ကြည့်မှာပေါ့။

"ချာတိတ်"

"ရှင်…"

"စိတ်ကို သက်သောင့်သက်သာ ထားစမ်းပါကွာ… ပေါ့ပေါ့ပါးပါးပေါ့…ကလေးပီပီ ပျော်ပျော်နေစမ်းပါ"

"အကိုကတော့ ဟုတ်တာပေါ့။ ယောက်ျားလေးတွေက ဘယ်အရာကိုမှ မလေးနက်ကြပါဘူး"

"ဟောဗျာ…ဘလိုင်းကြီးပါလား။ ကိုကိုက ဝါဆို့ကို မြင်ရတာ မအီမသာလေးမို့ သနားလို့ပါ"

"ဘာသနားစရာလိုသလဲ…ဝါဆိုတို့သားအမိကို အထင်သေးနေတာမဟုတ်လား"

"ဟောဗျာ…ဘာလို့သေးရမှာတုံး။ ငယ်သူငယ်ချင်းတွေ စုပြီး အပျော်ခရီး၊ အမှတ်တရ ခရီးလေးတစ်ခု ထွက်ကြတယ်။ ဘာများ အထင်သေးစရာပါသလဲဗျာ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့…"

"ဟိုး…တော်ပြီ…တော်ပြီ…ပြဿနာမရှိ ပြဿနာမရှာ စမ်းပါနဲ့…ချာတိတ်ရယ်။ ကိုကိုတို့အားလုံး ပျော်ပျော်ပါးပါးလေး ခရီးထွက်ကြတယ်လို့ပဲ သဘောထား။ ကားပေါ်မှာ လူကြီးသူမ တွေ၊ လေးစားအပ်သူတွေ အများကြီးပါလာတယ်။ သူ့သဘောသူ ဆောင်ကြလိမ့်မယ်။ ချာတိတ်မှာ ဘာတာဝန်မှ မရှိပါဘူးကွယ်။ ပျော်ပျော်နေနော်"

"ပျော်ပါဘူး…ရင်ထဲမှာ လေးနေတာပဲ"

"မရဘူး၊ ချာတိတ် ပျော်ရမယ်။ ကိုကို့တာဝန်က ချာတိတ် ကို ပျော်အောင်၊ အန္တရာယ်ကင်းအောင် စောင့်ရှောက်မယ်။ ဒါပဲ"

"အမယ်…ကိုကိုနဲ့ဝါဆို ဘာဆိုင်လို့လဲ။ ခုမှ သိတာများ… ဟင်း"

"မသိဘူးကွာ…ခုမှသိသိ၊ ဟိုးအရင်ဘဝကပဲသိသိ… ဝါဆို ပျော်ရမယ်။ ဒါပဲ…လူကြီးတွေက လူကြီးအလုပ် လုပ်ကြ၊ ထိန်းကြလိမ့်မယ်။ ကိုကိုက ချာတိတ်ကို ထိန်းမယ်"

"အင်းပါ…အင်းပါ"





ကားရှေ့ခန်းမှာ အဆင်တွေပြေနေကြစဉ် နောက်မှ အန်တီခင်မာလာ၏အမိန့်ဖြင့် တွေ့လိုက်ရသည့် ထမင်းဆိုင်ရှေ့မှာ ကားရပ်လိုက်ရသည်။

နေ့လယ် (၂)နာရီတောင် ရှိပြီကိုး။

## အခန်း (၈)

ထမင်းစားပြီး ဆက်ထွက်လာတော့…

နောက်ဘက်မှာ သီချင်းတွေဆိုလို့။ လူကြီးတွေမို့ လူကြီးသီချင်းတွေ။

ရဲဒီပါ အသံထွက်အောင် ရယ်တော့ သက်ထားဝါဆို ရှက်နေရ၏။ နောက်မှ ဦးဆရာက သီချင်းဆိုနေတာလေ။ ဘာတဲ့ ခိုင်ပါတဲ့သီချင်း။

ရင်သို့တိုးဝှေ့ဆဲပါ ခိုင်…တဲ့။

ကိုယ်က အမေရှင်မို့ ရှက်တာပေါ့။

"ဦးဆရာကလည်း…သူ့ကိုယ်သူ ဘာမှတ်နေလဲ။ လူပျိုလေးကျနေတာပဲ"





"ဆိုပါစေကွာ…ကိုကို့ယောက်ဖကြီးခမျာ လောကီထုပ္ပတ်လူတို့ဇာတ်ထဲမှာ ပညာနောက်လိုက်၊ ငွေနောက်လိုက်နဲ့ ပင်ပန်းဆင်းရဲလှပါပြီ…ပျော်ပါစေ"

ငါးသိုင်းချောင်း…ဂွလမ်း။

ငပလီရောက်ဖို့ အဝေးကြီး။ ကားနှင့် နာရီပေါင်းများစွာမောင်းရမှာ။ သည်ကြားထဲ ကားကို နားနားနေနေ မောင်းတာမို့ သံတွဲရောက်ဖို့တောင် ကြာဦးမည်။

နေ့လယ် (၃) နာရီခွဲလောက်ကျမှ…

ရခိုင်ပြည်နယ်မှ ကြိုဆိုပါ၏ဆိုသည့် ဆိုင်းဘုတ်ကို မြင်ရသည်။ ရခိုင်ပြည်နယ်ကို ဝင်ကတည်းက သစ်ပင်၊ သစ်တောတွေစိမ်းစိမ်းစိုစိုနှင့် တောင်ကုန်း၊ တောင်တန်း၊ ရေမြေသဘာဝတွေကြောင့် အားလုံးပင် ပျော်ရွှင်နေမိကြသည်။ ကားရပ်ပြီး ဖုန်းကင်မရာလေးတွေကိုယ်စီနှင့် ဓာတ်ပုံရိုက်ကြ၏။

လူတွေအားလုံး (၈) ယောက်မှာ သူ့အတွဲနှင့်သူ၊ စုစုရုံးရုံး။

ရဲဒီပါနှင့် သက်ထားဝါဆိုက တစ်ဆိုင်း။

နိုင်စွမ်းက ခိုင့်ကို ဓာတ်ပုံရိုက်ပေးနေပြီး ယဉ်သူဇာနှင့် ခင်မာလာကလည်း တစ်ယောက်တစ်လှည့် ရိုက်ပေးနေကြ၏။

ယဉ်ယဉ်အေးကလည်း ပျော်လို့ လျှောက်ပြေးနေသည့် သူ့သမီး သူသူအေးနောက်သို့ အော်ဟစ်လိုက်နေရပါ၏။

"အပျော်တွေ ချန်ထားဦးဟ...ရှေ့လျှောက်ပြီး ရှုးလောက်အောင် ပျော်ရဦးမယ်။ ရခိုင်ရိုးမတောင်တန်းကြီးပေါ် ကွေ့ဝိုက်ပြီး ကားတက်ရတော့ မြင်ရတဲ့ ရှုခင်းရယ်၊ ကမ်းသာယာ၊ ငပလီကမ်းခြေတွေရယ်ကျရင် ပိုပြီးပျော်ရမှာ"

"အုပ်စုလိုက်လည်း ရိုက်ကြမယ်ဟ"

အုပ်စုလိုက် ရိုက်လိုက်၊ တစ်ယောက်ချင်းစီ ရိုက်လိုက်နှင့် နာရီဝက်လောက်ကြာမှ သူတို့အဖွဲ့ ရှေ့ဆက်ဖို့ နိုင်စွမ်း လောခေါ်ရသည်။

"မမှောင်ခင် ရောက်အောင်သွားမှ ကောင်းမယ်။ ရှေ့စခန်းတစ်ခုမှာ နားကြရဦးမယ်။ ကြက်သောက်ဆမ်း ကောင်းကောင်းရတဲ့ဆိုင်၊ ရခိုင်မတွေ ရောင်းတာ၊ ကားနားတဲ့စခန်း၊ ဒါပေမဲ့ သူ့တစ်ဆိုင်တည်းရယ်"

"ဩော်...အေး...ကြက်သောက်ဆမ်းဆိုတာ ဘာလဲဟ"

"ရောက်တော့ တွေ့လိမ့်မယ်။ ရခိုင်ချက်ပေါ့။ ရခိုင်ထုံးစံအစပ်၊ အချဉ်ပါတဲ့ဟင်း။ အရည်သောက်ဟင်းပေါ့"

အားလုံးပင် ဓာတ်ပုံရိုက်ပြီးကြတော့ ကားပေါ်ပြန်တက်ကြသည်။ ကားဆက်ထွက်လာကြတော့ လေပြည်လေး တဖြူးဖြူးရအောင် ကားမှန်တွေ ချထားကြသည်။

ရခိုင်ရိုးမပေါ်မှာ ဖောက်ထားသည့် ကားလမ်းမို့ ကြည့်လေ





ရာရာ စိမ်းလန်းပြီး သာသာယာယာ။

ကားအသွားအလာကတော့ ခပ်ကျဲကျဲ။ ပြည်မလို ကားအများကြီး မတွေ့ရ။ ကိုယ့်ကားတစ်စီးတည်း သွားနေရတာများပါသည်။ တစ်ခါတလေမှ မျက်နှာချင်းဆိုင်က ကားလေး တစ်စီးတလေ ဆင်းကြ၊ တက်သွားကြပါ၏။

သို့ပေမယ့် မကြောက်ကြပါ။ ကြောက်ရမှန်းကို မသိ။

ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီတွေ သောင်းကျန်းနေတယ်။ နယ်မြေ မငြိမ်သက်ဘူးဆိုပေမယ့် ဝါဆိုတို့ သွားရာလမ်းတလျှောက်မှာတော့ ဘာမှ မသက်စရာ၊ ကြောက်စရာ မတွေ့ရပါ။ ရွာဆက်၊ မြို့ဆက်ကလည်း ကျဲပါ့။

"ရောက်ပြီ...ရှေ့မှာ ခဏနားမယ်။ ကြက်သောက်ဆမ်းစားကြမယ်"

(၅)နာရီလောက်ရှိပေပြီ။ ကားနားကြသည့်စခန်းဆိုပေမယ့် သူတို့ကားတစ်စီးတည်း။

ဆိုင်မှာ အချိုရည်၊ မုန့်၊ ကော်ဖီမစ်တွေ ဘာတွေတင်ထားပေမယ့် ပြည်မက ဆိုင်တွေလို ဆိုင်ကြီး၊ ကန္တားကြီး၊ ခမ်းကြီးနားကြီးလည်း မဟုတ်။

ခရီးလမ်းပန်း အသွားအလာ နည်းသဖြင့် စီးပွားရေး ဖွံ့ဖြိုးပုံမရ။

ဆိုင်အပြင်အဆင်က မြေစိုက်တဲကြီးလိုပါပဲ။ မြေကြီးပေါ်မှာ စားပွဲဝိုင်း ၃-၄ ခု ရှိသည်။ စားသုံးသူတစ်ယောက်မှ မရှိ။

ဈေးရောင်းသည့် ရခိုင်အမျိုးသမီးရယ်၊ ကလေး (၃) ယောက်၊ နောက်ထပ် လူကြီး (၂)ယောက် တွေ့ရသည်။

ကားဆီလည်း ရောင်းပုံ။

"ကြက်သောက်ဆမ်း (၈)ပွဲ၊ ထမင်းဖြူ (၈)ပန်းကန်"

"ထမင်းကုန်နေတယ်။ ကြက်သောက်ဆမ်းတော့ ရမယ်"

"ရှိတာချဗျာ"

စားပွဲဝိုင်း (၂)ခုမှာ ဖြန့်ပြီး နေရာယူလိုက်ကြတော့ ရဲဒီပါနှင့်သက်ထားဝါဆို၊ ယဉ်ယဉ်အေးတို့သားအမိက တစ်ဝိုင်း။

နိုင်စွမ်းတို့ (၄) ယောက်က တစ်ဝိုင်း။

မုန့်ဟင်းခါး ပန်းကန်လုံးတွေလို ပုံစံမျိုးဖြင့် (၈)ပွဲ ချလာပေးသည်။

ကြက်သားဖတ်က (၆) ဖတ်၊ (၇)ဖတ်လောက်။ ဟင်းရည်သောက်။ ဆီက ပါလေဟန်နှင့် ရခိုင်အစားအစာ။

သောက်ကြည့်ကြတော့ ချဉ်ချဉ်စပ်စပ်နှင့် ချွေးပြန်ပြီး ငြိုးစီစီ ဖြစ်နေတာတွေပင် ပျောက်သွားလန်းသွားရ၏။

"ဟ…ကောင်းသားပဲ၊ ရှူးရှူးရှဲရှဲနဲ့ စားလို့ကောင်းတယ်"

သူတို့ထဲမှာ သူသူအေးက ကလေးမို့ အစပ်မစားနိုင်။





အရည်မသောက်ဘဲ ကြက်သားဖတ်ချည်း စား၏။

"ချာတိတ်…အစပ်စားနိုင်လား"

"စားနိုင်တယ်"

"ဟုတ်မှလည်းလုပ်ကွာ…ချာတိတ်…မျက်နှာတစ်ခုလုံးရဲနေပြီ"

"စားလို့ကောင်းပါတယ်။ စပ်တော့စပ်တာပေါ့"

"ချာတိတ်…အဖတ်ပဲစားလေ…ကိုကိုက အရည်သောက်မယ်"

"ရတယ်"

ရခိုင်ငါးပိလေးလည်း ထည့်ချက်ထားသည့် ရခိုင်ဒေသစာ ကြက်သောက်ဆမ်းလေးက တန်လည်းတန်၊ သောက်လို့လည်း ကောင်း။

ဝါဆို နှာရည်တွေထွက်လာတော့ ရဲဒီပါ တဟားဟားရယ်ရင်း ပန်းကန်ကို ဆွဲယူ၏။

"ကောင်မလေးတစ်ယောက် ပန်းကန်ထဲ နှပ်တွေ ထွက်ကျတော့မယ်။ ဒါကြောင့် ကိုကို ပြောတာ…ကြက်သားဖတ်ပဲ စားတော့…ရော့"

သူကတော့ အရည်တွေ ကုန်အောင် သောက်သည်။

"ရခိုင်ဟင်းတွေက အစပ်များတယ်။ ဒီကြက်သောက်ဆမ်း

လေးတော့ မဆိုးဘူးနော်"

"အင်း…ဟုတ်တယ်၊ အိမ်ကျရင် ချက်စားကြည့်ရအောင် နော်…ကိုကို…ချက်နည်းမေးပါလား"

"သူတို့မှာ နည်းပညာရှိမယ်ကွ။ တို့မြန်မာတွေလို ချဉ်ပေါင်ရွက်တွေ၊ ကင်ပွန်းရွက်တွေလည်း ပါတာမဟုတ်ဘဲ ဘာနဲ့ ချဉ်နေတယ် မသိဘူး။ ဒီမှာပဲ အဝစားပါကွာ။ ရခိုင်ဟင်းတွေ လွမ်းရင် ရခိုင်လာ၊ ကိုကို့ကို လွမ်းရင်တော့ ရန်ကုန်ကို လာပေါ့"

ရဲဒီပါရုပ်က ခပ်တည်တည်။ သက်ထားဝါဆို မျက်စောင်းထိုးတာပေါ့။

"စကားအကောင်းပြောနေတာ…ဖောက်မလာနဲ့။ ရခိုင်တွေကလည်း ဝတ်တာစားတာ၊ နေတာထိုင်တာ အရမ်းရိုးတယ် နော်။ ဆိုင်မှာရောင်းနေတဲ့ အစ်မကြီးရော မြင်မြင်သမျှ ဝတ်တာစားတာ ပြောင်ပြောင်လက်လက် မရှိဘူး"

"ဟုတ်တယ်…ပြည်မနဲ့တော့ မတူဘူး"

"ကဲ…ကဲ…စားပြီး…နားပြီးရင် ကားပေါ် ပြန်တက်ကြတော့"

အားလုံးအတွက် ဒေါက်တာနိုင်စွမ်းကပင် ရှင်းပေးလိုက်ပါသည်။





တစ်ပွဲ (၂၅၀၀)။ (၈) ပွဲ နှစ်သောင်း။

သက်ထားဝါဆို…နိုင်စွမ်း ရှင်းပေးလိုက်သည့် ပိုက်ဆံတွေ ကြည့်ပြီး အားနာတာရော၊ အံ့သြတာရော။

"တစ်ပွဲ (၂၅၀၀) ကြီးတောင်၊ များလိုက်တာ ဦးဆရာ ရယ်။ ဝါဆိုတို့ အားနာလိုက်တာ။ တစ်ပွဲ (၅၀၀) လောက်မှတ်လို့ သောက်မိတာ"

"ရပါတယ် သမီးရယ်… ဒီလောက်တော့ ဦးဆရာ တတ်နိုင်ပါတယ်"

ရဲဒီပါက ဝင်နှောက်၏။

"အားမနာနဲ့ ဝါဆို…အကိုက သွားတစ်ချောင်းနုတ်ရင် ငါးထောင်၊ တစ်သောင်း ရတာ။ အံပုံတစ်ခါလုပ်ရင် သွားတစ်ခါ စိုက်ရင်လည်း သိန်းချီရတာ။ တစ်ခါတလေ အလှူဒါနပြုတာ… ပြုပစေ"

"ညီရာ…မင်းပြောမှ ငါ့ကို အသပြာဆရာဝန်ကြီး ထင်နေ ပါဦးမယ်။ သမီးရေ…ဦးဆရာက မရှိတဲ့သူတွေကျ ဇီဝိတဒါန လုပ်ပါတယ်ကွယ်"

"ဟုတ်တယ်…ဟုတ်တယ်…ချာတိတ် သွားနုတ်ရင် ရန်ကုန်လာခဲ့ သိလား"

ရယ်ရင်းမောရင်း ကားပေါ်ပြန်တက်ကြ၊ မောင်းထွက်ခဲ့ကြသည်။

လမ်းတလျှောက် တောထဲ၊ တောင်ထဲ သွားနေရသလိုက ခပ်များများ။

ဗွမြို့ကျော်ပြီး လမ်းတလျှောက် တောလမ်းတွေလိုပါပဲ။ ရွာမရှိ၊ မြို့မရှိ။

အမှောင်သန်းလာပြီမို့ သံတွဲရောက်အောင် ကားကို အားချင်းမောင်းနေရသည်။

"ညီ…အကို တစ်လှည့်မောင်းဦးမယ်။ ညီ…ညောင်းနေရောပေါ့။ နားလိုက်ပါဦးလား"

"ရတယ် အကို၊ ကျွန်တော်က ကားနဲ့တောင် ကမ္ဘာပတ်ချင်နေတာ။ အိပ်ချင်ပြေလေးကလည်း အနားမှာဆိုတော့ ရန်ဖြစ်ချင်လိုက်တာ အကိုရာ။ ဘယ့်နှယ်…ရေခဲတုံးလေး အနားကို လာချထားပါလိမ့်"

ရဲဒီပါ သက်ထားဝါဆိုကို စ,နေတာပါ။ ဝါဆိုက ကြောင်ကလေးလို သူ့အနားမှာ ခွေလို့။

တကယ်တော့ ဝါဆို အကိုရဲဒီပါနဲ့ လုံးလားထွေးလား မနေချင်တာပါ။ သူတို့ယောကျ်ားတွေကတော့ ဘာဆန်းသလဲ။ ပွဲပြီး မီးသေ။

လမ်းပျော် ပျော်မှည့်၊ တွေ့သေအောင်လွမ်း၊ အိုင်တွေ့ရင် ခြေဆေးတတ်ကြသတဲ့။





လမ်းမှာတွေ့တဲ့ ကောင်မလေးတစ်ယောက်ကို ခင်အောင်မင်အောင် အီစီကလီလုပ်တာကို ဝါဆို မခံချင်ပါဘူး။

သက်ထားဝါဆိုဟာ မိခင်၏ မအောင်မြင်သော အိမ်ထောင်ရေးကို ကြည့်ပြီးတော့လည်း ယောကျ်ားတွေကို ကြောက်သည်။ စိတ်ပျက်သည်။

အဘွားပြောပြသည့် ဇာတ်လမ်းတွေကြောင့် လည်း ယောကျ်ားတွေ၏ သဘောထား၊ လောကမာယာ၊ ယောကျ်ားမာယာတွေကို သိနေ၊ သတိထားနေမိပါသည်။

ဒါကြောင့် ဝါဆို အကို့ကို ရင်းရင်းနှီးနှီး မနေချင်ပါဘူး။ မထုံတတ်သေး၊ ရေခဲရုပ်တုလိုပဲ နေချင်ပါသည်။ စကားတွေလှိုင်ပေါလယ်နေအောင် မပြောချင်ပါ။

သည်ကြားထဲ ဦးဆရာက မေမေ့ငယ်ရည်းစားဖြစ်လို့နေရသေးသည်။ ရှက်မယ်ဆို ရှက်လို့ပင် မပြီးနိုင်ပါ။ စိတ်ကို ဖြေလျှော့ထားလို့သာ။

ဦးဆရာက တေမေ့အနားမှာ ထိုင်ပြီး လောလောဆယ်တော့ လောကကြီးကို မေ့နေပုံ။ သူတို့ကိုယ်သူတို့ ဆယ်တန်းကျောင်းသားဘဝကို ပြန်ရောက်သွားပြီလို့များ မှတ်ထင်နေသလားမသိ။

ယောကျ်ားတွေဟာ ဒီလိုပါပဲလေ။

တွေ့သေအောင်လွမ်းနေကြတာပါ။ အနှစ် (၂၀) နီးပါး မေ့ထားခဲ့သည့် ချစ်သူကို တွေ့တုန်း လွမ်းပြနေတာပါ။

ပြီးတော့လည်း ပြီးသွားကြမှာပါ။

ပွဲပြီး မီးသေ…

သက်ထားဝါးဆို…အသက်က (၁၆)နှစ်ကျော်ရုံလေးပေမယ့် လောကအကြောင်း၊ ယောကျ်ားတို့အကြောင်းကို မေမေနှင့် ဘွားဘွားတို့ထံမှ သိနေမြင်နေရပါပြီ။

"သမီးရေ…ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါ့ပေါ့ပါးပါးနေနော်။ ဦးဆရာက သမီးတို့အားလုံး၊ လူသားတွေအားလုံးကို ဘဝမှာ တစ်ကြိမ်လောက်ဖြစ်ဖြစ် ပျော်ရွှင်စေချင်လို့ ဒီခရီးကို အခက်အခဲတွေကြားက ဖန်တီးပေးတာပါ။ သမီးတို့ပျော်မှ ဦးဆရာ လိုက်ပို့ရကျိုးနပ်မှာပေါ့။ စိတ်ကိုလျှော့ထား…ဒီခရီးအတွက် သမီး ဘယ်တော့မှ နောင်တ မရစေရဘူး။ ဘာအန္တရာယ်မှ မရှိစေရဘူးလို့ ဦးဆရာ အာမခံပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ…ကျေးဇူးပါ ဦးဆရာ"

ဘယ်သူ ဘယ်လိုပြောပြော သက်ထားဝါဆို ရင်ထဲမှာ မမြင်ရသည့် အန္တရာယ်တစ်ခုခုက သူမတို့အနားမှာ ကပ်ပါနေသလိုလို။





# အခန်း (၉)

သံတွဲရောက်တော့ ည (၈) နာရီကျော်ပြီ။ နားနားနေနေ မောင်းလာကြတာမို့ နားလိုက်၊ သွားလိုက်မို့ ဘယ်သူမှတော့ ခရီးပန်းမနေကြပါ။

ထမင်းဆိုင်ကြီး တစ်ဆိုင်ရှေ့မှာ ကားရပ်ပြီး သူတို့အုပ်စု ဆိုင်ထဲသို့ ဝင်လိုက်ကြသည်။ ဆိုင်ရှေ့မှာ ဟင်းတွေ မှန်ရှိုးကေ့ထဲ ပြထားပြီး ဈေးနှုန်းတွေလည်း ရေးထား၏။

ရခိုင်ပြည်နယ်ထဲ ရောက်နေပြီမို့ ပြည်မမှာလိုတော့ အစားအသောက်တွေ ဈေးမပေါ်ပါ။ ဈေးကြီးတယ်လို့ ထင်တာပဲ။

ဒါမှမဟုတ် ဆိုင်ကြီးကြီးတွေမို့ ဈေးကြီးတာလည်း ဖြစ်နိုင်သည်။ လမ်းဘေးဆိုင်လေးတွေလို ဈေးမချို။

ထမင်းအဝစား ငါးရာ၊ တစ်ထောင်ဆိုင်တွေ မရှိဘူးလား မသိ။

မေမေက ဘယ်လိုတွေးမည် မသိပေမယ့် သက်ထားဝါဆို အလွန်အားနာမိပါသည်။

သူများတွေက စားပွဲတွေမှာ နေရာယူနေကြပေမယ့် ဝါဆို ပြထားသည့် ဟင်းတွေနှင့် ဈေးနှုန်းရေးထောင်ထားသည့် ပိုက်ဘုတ်ကြီးရှေ့မှာ တွေတွေကြီး ရပ်လို့။

ရဲဒီပါက သူမအနားမှာ စောင့်ခေါ်လို့။

"လာလေ…ချာတိတ်…သွားမယ်၊ ထမင်းစားကြမယ်လေ…မဆာဘူးလား။ ကိုကိုတော့ ဆာပြီ"

"ဟင်းဈေးတွေကလည်း ကြီးလိုက်တာ၊ ဘယ်လိုမျိုးရမှန်းကို မသိတော့ဘူး"

"ညီမလေးကလည်း အကို ရှင်းမှာလေ။ ဘာတွေလျှောက်တွေးနေတာလဲ။ ဒီမှာ ဈေးကြီးတာ ဘာဟုတ်သေးလဲကွ။ ငပလီရောက်ရင် ပိုပြီး ဈေးကြီးမှာ။ ဘာဟုတ်တာလဲ မဟုတ်ဘဲနဲ့။ တစ်ပွဲ ငါးထောင်၊ ခြောက်ထောင်၊ တစ်သောင်း ပေးရမှာ"

"ဝါဆိုတို့မှာ ဟင်းချိုင့်တွေ ပါတယ်လေ။ ထမင်းဖြူလေး





ဝယ်ပြီး ပါတာနဲ့ စားလိုက်ရင် အကုန်အကျ သက်သာမှာပေါ့"

နှာခေါင်းလှလှလေးရှုံ့ခါ အားနာနေသည့် ကောင်မလေးဟာ အရုပ်ကလေးတစ်ရုပ်လို ချစ်စရာကောင်းလွန်းလှပါဘိ။

ရဲဒီပါ တချိုင့်ချိုင့်ရယ်ရင်း ဝါဆို့ကို ပခုံးလေးဖက်ခါ ကိုယ့်လူများ ထိုင်နေကြသည့်နေရာသို့ ခေါ်သွားရပါသည်။

"အားမနာပါနဲ့ ချာတိတ်ရယ်…ကိုကို့ယောက်ဖက နာမည်ရ သွားဆရာဝန်ကြီးပါ။ သူ့တစ်ရက်စာ၊ နှစ်ရက်စာ ဆေးခန်းဝင်ငွေလောက် ရှိမှာပါ။ လာ…ဘာမှ တွေးမနေနဲ့။ စားကြစို့"

သူတို့ မှာထားသည့်ဟင်းတွေနှင့် ထမင်းပွဲတွေ၊ အရန်ဟင်းတွေ တစ်စားပွဲလုံး ပြည့်သွားအောင် ရောက်လာပြီမို့ (၈)ယောက်လုံးပင် ရခိုင်ထမင်း၊ ရခိုင်ဟင်းတွေကို အားပါးတရ စားပစ်လိုက်ကြသည်။

နိုင်စွမ်းက သူငယ်ချင်းတွေ အားလုံးထဲသို့ ဟင်းတွေ ခပ်ထည့်ပေးပေမယ့် ရဲဒီပါကတော့ ဝါဆို့ပန်းကန်ထဲသာ ထည့်ပေးဖြစ်သည်။

"စား…ချာတိတ်…ဦးဆရာ ရှင်းလိမ့်မှာ"

"မင်းက အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်နေတာပေါ့လေ"

"တစ်မျိုး မထင်ပါနဲ့ အန်တီရယ်…ဝါဆိုက အရမ်းအားနာ

နေလို့ အားပေးရတာပါ”

သူတို့အုပ်စုက ပျော်စရာပါ။ အားလုံးပင် ဆူဆူညံညံ စိုစို ပြည်ပြည်။ နိုင်စွမ်းက အားလုံး၏ သဘောထားကို မေးသည်။

“ခုည…ငပလီရောက်အောင် သွားကြမှာလား”

သူ့စကားကို ရဲဒီပါကပင် အဆုံးအဖြတ် ဝင်ပေးသည်။

“ညကြီးရောက်တော့ ဘာလုပ်မလဲ အကိုရာ…ပင်လယ်ထဲ ပြေးဆင်းလို့လည်း မရတော့ဘူး။ ပြီးတော့ ငပလီဆိုတာ တည်းခိုခန်းခတွေ၊ ဘန်ဂလိုတွေက ဈေးကြီးမှာ။ သံတွဲမှာပဲ ခုည အိပ်လိုက်ကြစို့”

“ကောင်းတယ်…သံတွဲမှာလည်း တန်ခိုးကြီးဘုရားတွေ ရှိပါတယ်။ တကယ့်တကယ်ကျ ရခိုင်ပြည်မှာလည်း ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့တာပါပဲ။ ဘာသာတရားကိုလည်း လေးစားကြတယ်။ အချိန်မရလို့သာ…နို့မို့…မြောက်ဦးတို့ဘာတို့ လျှောက်သွားရင် တော်တော်နှံ့စပ်မှာ။ ဖူးစရာဘုရားတွေ အများကြီး ရှိတယ်”

“ဒါဆို မနက်ကျ ဘုရားတွေဖူးပြီးမှ ငပလီကို သွားကြမယ်။ ခုည သံတွဲမှာပဲ အိပ်ကြစို့”

အားလုံး၏ ဆုံးဖြတ်ချက်နှင့်ပင် သူတို့အုပ်စု သံတွဲမှာ အိပ်ကြဖို့ နေရာရှာကြသည်။





သန့်ရှင်းမည့်၊ အဆင်ပြေမည့် တည်းခိုခန်းတစ်ခုကို ရှာတွေ့ကြသည်။

မိသားစုအခန်း (၂)ခန်း ငှားကြပြီး ယောကျ်ားတွေက တစ်ခန်း၊ မိန်းကလေးတွေက တစ်ခန်းယူကြသည်။

“ကဲ…အနားယူကြစို့။ မနက်ကျမှ ပြန်ဆုံတွေ့ကြပါစို့”

ယှဉ်လျက် အခန်း (၂) ခန်းမို့ တစ်ခန်းက အသံကို နောက်တစ်ခန်းက ကြားရပါသည်။

ဒေါက်တာနိုင်စွမ်းနှင့် ရဲဒီပါတို့အခန်းမှ စိုးလွင်လွင်ရဲ့ ‘ငယ်သူမို့ မသိတတ်ပါ’ သီချင်းက ဆွေးဆွေးမြည့်မြည့် ထွက်ပေါ်လျက်။

ဟိုးတစ်ချိန် ပြန်လွမ်းစရာ×××

ငယ်သူမို့ မသိတတ်ခဲ့ပါ×××

တို့နှစ်ယောက်ရဲ့ ကံကြမ္မာ×××လမ်းခွဲခဲ့ ညောင်ညိုပင်အောက်မှာ××× တဲ့။

ကျန်တဲ့သူတွေ ပျော်မဆုံး၊ မော်မဆုံး၊ တအုန်းအုန်းနှင့် ရှိကြပေမယ့် နိုင်စွမ်းနှင့် ခိုင်နှင်းဝါတို့ရင်ထဲမှာ…

တအုံနွေးနွေးနှင့် ဆွေးနေရမှာ အသေအချာ။

ယဉ်သူဇာနှင့် ခင်မာလာတို့ မျက်စိမျက်နှာ မလှ။

“ငါတို့တော့ ဆင်အိပ်ရာ ဆိတ်နိုး၊ ပေါ့စေချင်လို့ ကြောင်

ရုပ်ထိုး၊ ဆေးအတွက် ပိုများလေးနေပြီလား မသိတော့ဘူး"

"မပူပါနဲ့ဟာ...ပညာတတ်တွေပဲ။ သူတို့မှာ ဦးနှောက်နဲ့ပါ။ အတူဆုံခွင့်ရတုန်းလေး ဆုံကြပါစေ။ ဘဝအတွက် သက်ခိုးလေး ရှူကြပါစေလေ"

"သဗ္ဗေသတ္တာ ကမ္မသကာပေါ့လေ"

"ဘာမှမဖြစ်ပါဘူးဟ...ငါတို့ မျက်လုံးပေါင်း သောင်းခြောက်ထောင်နဲ့ ဝိုင်းကြည့်နေကြတာပဲ"

"အေး...အဲဒီအကြီးတွေချည်းပဲ မျက်လုံးဒေါက်ထောက်မနေကြနဲ့။ ဟောဒီ အငယ်စုံတွဲကိုလည်း ကြည့်ကြဦး။ တော်ကြာ မထင်မှတ်တဲ့သူတွေက ထပြီး ပြဿနာတက်နေဦးမယ်"

လူကြီး (၂)ယောက်၏စကားကြောင့် အိပ်ပျော်စပြုနေသည့် သက်ထားဝါဆို ငုတ်တုတ်ကလေး ထထိုင်၏။ သူ့အမေကတော့ အိပ်ယာထဲမှာ တစ်ဖက်ခန်းမှ သီချင်းသံကို နားထောင်ရင်း ကြေကွဲနေပုံ။

"အန်တီတို့...လူကြီးတွေပဲထိန်း၊ သမီးက မနူးမနပ်လေး မဟုတ်ဘူး။ လောကအကြောင်း၊ ယောကျာ်းတွေအကြောင်း သိပြီးသား"

"ဩ...တို့လူကြီးတွေကတော့ နူးပြီးနပ်ပြီးသား မဟုတ်ဘူးပေါ့လေ...ချွေးမ"





"ဝါဆိုတို့က အရာရာ တတ်သိနားလည်ပြီးသားပါ"

"သူကပဲ ကြီးကြီးကျယ်ကျယ်...မှတ်တောင်ထားရဦးမယ်။ (၁၆)နှစ်သမီးက တို့ (၃၆) နှစ်ကြီးတွေကို ကျော်သွားပြီဟေ့"

"ကဲပါ...အန်တီတို့ရာ အိပ်ကြပါစို့။ မနက်ကျ...ဘုရားတွေဖူးမယ်။ ငပလီကိုရောက်ရင် မင်္ဂလာပါ ပင်လယ်ကြီး...ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးလို့ ကိုရီးယားကားတွေထဲကလို အော်မယ်"

"ပင်လယ်ရဲ့မာယာမှာ နင်တို့လို ကလေးတွေကတော့ မျောထွက်သွားမှာပဲ"

"မျောပစေ...အန်တီရယ်၊ အမျောခံချင်လို့ပဲ ဒီခရီးကို ထွက်ခဲ့ကြတာ မဟုတ်လား"

"ဟဲ့...ရိုးရိုးမျောရင် တော်ပါရဲ့၊ ကျွမ်းထိုးမှောက်ခုံမျောနေရင် ခက်မယ်ဟေ့"

"စိတ်ချ...ဝါဆိုက ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ်။ အန်တီတို့သာ ကိုယ့်လူကိုယ်နိုင်အောင်ထိန်း...ဟိုမှာ မေမေ ငိုနေပြီ"

"ဟေ"

ယဉ်သူဇာနှင့်ယဉ်ယဉ်အေးတို့ မေမေ့အနားရောက်သွားလျှင်

သက်ထားဝါဆို တခစ်ခစ် ရယ်လိုက်ပြီး ချောင်သွားသည့် တစ်ဖက်ကုတင်မှာ ဝင်ပြီးသိုးနေအောင် အိပ်ပစ်လိုက်ပါသည်။





## အခန်း (၁၀)

ရွှေဆံတော်…

ရွှေအံတော်…

ရွှေနံတော်…

ဗျာဒိတ်တော်ရ ဘုရား (၃) ဆူ။ စေတီတော် (၃) ဆူ…

သံတွဲမြို့၏ တန်ခိုးကြီးဘုရားများကို နံနက် (၆) နာရီမှ စတင်သွားရောက် ဖူးမြော်ကြသည်မှာ နံနက် (၁၀) နာရီလောက်ကျမှ ဖူးလို့ပြီးသွားသည်။

ဓာတ်ပုံတွေ ရိုက်ကြ၊ ဘုရားဖူးကြ၊ အလှူဒါန မိမိတို့ တတ်စွမ်းသမျှ လှူကြသည်။

ဇပလီသို့ ဆက်သွားကြဦးမှာမို့ ဘုရား (၃)ဆူကို အလျင်အမြန် ဖူးမြော်ပြီးကြသည်နှင့် ဂိုးတူ ငပလီ။

ရဲဒီပါက ကားမောင်းတာဝန်ကို အပြည့်ယူထားပြီး သက်ထားဝါဆိုကတော့ သူ့ရဲ့အပါးတော်မြဲလေးပေါ့။

ကြောင်ကြီးအတွက် ကစားစရာ ကြွက်ရုပ်ကလေးရယ်လို့ မပြောချင်ပေမယ့် ကိုကိုဟာ သူမကို အရုပ်ကလေးလို၊ ခွေးလေးလို၊ ကြောင်လေးလို တယုတယ။

မနက်က ဘရိတ်ဖတ်(စ်) စားတော့လည်း ဝါဆို့ကို အရိပ်တကြည့်ကြည့်။

“ဝါဆို…ထမင်းကြော်တွေ မစားနဲ့နော်။ ဟိုကျ ရေထဲဆင်းမှာ။ အစာမကျေဘဲနေလိမ့်မယ်။ ပေါ့ပေါ့ပါးပါးပဲစား”

သူမအတွက် ရခိုင်မုန့်တီသုတ် မှာပေးပြီး လက်ဖက်ရည်တစ်ခွက် သောက်စေသည်။

“ကိုကို့စကား နားထောင်တာ…ကျေးဇူး”

သူမ မှာထားသည့် ထမင်းကြော်ကို သူကစားပြီး သူ မှာပေးသည့် မုန့်တီသုတ်ကို စားလို့ ကြံဖန်ပြီး ကျေးဇူးတင်နေပုံ။

သက်ထားဝါဆိုကတော့ သူ့ကို မော့တောင်မကြည့်။ စားစရာရှိတာ စားပြီး ကားပေါ်သွားထိုင်နေလိုက်သည်။

မေမေနှင့်ဦးဆရာကလည်း ငှက်မောင်နှံလို တတွဲတွဲ။





ပျော်နေကြသည်တော့ မဟုတ်။ သူတို့ရင်ထဲမှာ ဘာတွေရှိမလဲ။ ဝါဆို မခန့်မှန်းတတ်ပါ။

တစ်ခါတစ်ခါ အလွန်ပျော်နေကြပြီး တစ်ခါတစ်ခါ ပြို့တော့မည့် မိုးလို။

ခဏာပါပဲ။ ငပလီသို့ စတင်ထွက်ခွာကြတော့ အားလုံးပင် သီချင်းတစာစာနှင့်။

“ရှေ့မှာ”

“အေး”

ပင်လယ်ပြာကြီးကို လှမ်းမြင်လိုက်သည်နှင့် သက်ထားဝါဆိုလည်း ဣန္ဒြေမဆောင်နိုင်တော့ပါ။

မြန်မာနိုင်ငံမှာ အလှဆုံးကမ်းခြေ။

နောက်ဘက်မှ တော၊ တောင်၊ ရေ၊ မြေတွေနှင့် အရောင်ဟပ်ပြီး ငပလီ၏ သာယာရှုမောပုံက ဘယ်အရာနှင့်မှ မတူ။

ကားပေါ်ပါလာသည့် လူတွေအားလုံး ပျော်ရွှင်မြူးထူးသွားကြပြီး သူသူအေးနှင့် ဝါဆိုကတော့ အော်ဟစ်နေမိကြသည်။ ပျော်လွန်းလို့။

“ဘန်ဂလိုတွေရောက်အောင် မောင်းမယ်…ညီ”

နိုင်စွမ်းက ရောက်ဖူးပြီးသားမို့ အရာရာ သိပြီးတတ်ပြီးသား။ ကားကို လမ်းညွှန်ပြပြီး သူတည်းနေကျ ဘန်ဂလိုဘက်သို့

ခေါ်သွားသည်။

နောက်…မန်နေဂျာနှင့် ပြောဆိုပြီး သော့တစ်ချောင်းယူလာတာ တွေ့ရသည်။

"မိသားစု ဘန်ဂလိုပဲ ယူလာလိုက်တယ်။ (၈)ယောက်လုံး တစ်ပေါင်းထဲ တည်းကြမယ်"

"ကောင်းတယ်…ပိုပြီး ပျော်ရတာပေါ့"

"လာ…အဝတ်လဲ၊ အနားယူ၊ ပြီးမှ ရေထဲဆင်းကြတာပေါ့"

"ဟုတ်…ဦးဆရာ"

တစ်လမ်းလုံး ဂ္ဂုန္ဒြေအပြည့်နှင့် တည်ငြိမ်လာခဲ့သည့် သက်ထားဝါဆိုမှာ ပင်လယ်ပြာကြီး၏ ဖမ်းစားမှုကြောင့် လူက အပျော်လွန်နေ၏။

သာယာသော တော၊ တောင်၊ ရေ၊ မြေကြားမှ သာယာလွန်းသည့် ငပလီ…

အုန်းပင်တွေ၊ ဘန်ဂလိုတွေ၊ ယုတ်စွအဆုံး သဲသောင်ပြင်က အစ နုနုလွလွလေး…ဖွေးကျစ်နေလိုက်တာ။ နတ်၊ သိကြားတွေ ဖန်ဆင်းထားသည့်အတိုင်းပါပဲ။

အားလုံးပင် ကားပေါ်မှ ဝန်စည်စလယ်တွေကို ယူချကြပြီး မိသားစုဘန်ဂလိုထဲသို့ ဝင်ကြသည်။





ဘန်ဂလိုကတော့ ခပ်ကျဉ်းကျဉ်း။ အိပ်ခန်းကလည်း တစ်ခန်းတည်း။ ရှေ့မှာ ဝရန်တာနှင့် ထိုင်ခုံတွေ။

အိပ်ခန်းထဲမှာ ပေးထားသည့် ကုတင်က (၅)ယောက်လောက်ပဲ အိပ်လို့ရမည်။

ကျန်လူတွေက ကြမ်းပြင်မှာ ကြံဖန်ပြီး အိပ်ရမှာ။ အအေးခံကျောက်ပြားတွေ ခင်းထားတာမို့ အအေးပတ်၊ လေဖြတ်ပြီး မသေအောင် ကြံရဦးမည်ထင့်။

ပျော်တော့ပျော်စရာ။ လူအားလုံး (၈) ယောက်ပေါင်းပြီး တည်းရမှာ။

ဘာမှမဖြစ်ဘူးဆိုပေမယ့် ရှော့ရှိနိုင်သည်။ နိုင်စွမ်းအစ်မက ပင်…

"နင်တို့သက်သက် သွားတည်းဟာ…ဟိုဘန်ဂလို သေးသေးလေးတွေမှာ သွားတည်း"

"ဘာဖြစ်လို့လဲ မမရဲ့"

"ပြဿနာဆိုတာ မဖြစ်ခင်က ကြိုရှောင်ရတယ်ဟ။ မီးဘေးရှောင် မလောင်ခင်တားတဲ့။ ဘာမှမဖြစ်ဘူးဆိုပေမယ့် သတ်သတ်စီပဲ ကောင်းပါတယ်"

"ပြီးရောဗျာ…ဒါဆိုလည်း"

နိုင်စွမ်းနှင့်ရဲဒီပါတို့ (၂)ယောက်ပဲ တည်းလို့ရသည့်

ဘန်ဂလိုလေးတစ်လုံး ထပ်ယူပြီး ရွှေ့သွားကြ၏။

သည်တော့မှ သူမတို့ (၆)ယောက် ပိုပြီး သက်သောင့်သက်သာ ရှိသွားကြရသည်။

ယဉ်သူဇာက…

"ဘန်ဂလိုဈေးတွေကလည်း မနည်းဘူးဟ…ဒီမိသားစုဘန်ဂလိုက တစ်သိန်း၊ (၂)ယောက်တည်း ဘန်ဂလိုလေးက (၅)သောင်း"

"ဟယ်…ပိုက်ဆံတွေ နှမြောလိုက်တာ။ ကျွန်မတို့က ငွေတွေဆိုတော့ ဦးဆရာချည်းပဲ ကုန်နေရတာပေါ့နော်"

"အင်း"

"သည်လောက်ကုန်မယ်မှန်းမသိလို့ လိုက်လာမိခဲ့ကြတာပါ။ ပိုက်ဆံကုန်လိုက်တာနော်။ ငပလီတစ်ခေါက်ဆို ဆိုသလောက်ပဲ"

သက်ထားဝါဆိုတစ်ယောက်တည်း တဗျစ်ဗျစ်နှင့် အားနာနေရ၏။ ကျန်လူတွေလည်း အားတော့အားနာကြမှာပင်။

"တို့တွေက လခစားတွေဟာ…ဒီလောက် စရိတ်ကုန်မယ်မှန်း မသိဘူး။ လိုက်လာမိမှတော့ ဘာတွေးမနေကြနဲ့တော့။ ပျော်ပျော်ပါးပါးပဲ နေကြတာပေါ့"

အားလုံးပင် အဝတ်အစားလဲခါ ကမ်းခြေဆင်းဖို့ ဘန်ဂလို





ထဲမှ ထွက်လာခဲ့ကြသည်။

"ပင်လယ်ထဲဆင်းရင် လှိုင်းတွေ၊ လေတွေနဲ့မို့ ဘောင်းဘီရှည်နဲ့ ဆင်းရတယ်။ ဒါမှမဟုတ် ဟို…တိုးရစ်တွေလို ရေကူးဝတ်စုံဝတ်…ဘီကီနီလေးနဲ့"

ရဲဒီပါ ပြောထားတာမို့ အားလုံးပင် ဘောင်းဘီတွေ၊ တီရှပ်တွေနှင့်။ လူကြီးတွေကတော့ ဝတုတ်တုတ်တွေမို့ ရယ်စရာဟာသရုပ်တွေ။

ခိုင်နွဲ့ဝါနှင့် သက်ထားဝါဆိုကတော့ ကြည့်လို့ကောင်းပါသည်။

ဘောင်းဘီဒူးကျနှင့် တီရှပ်တွေ ဝတ်ထားကြပေမယ့် သွယ်သွယ်လှလှလေးတွေ။

ပင်လယ်ပြာကြီးကို ကြည့်ပြီး သက်ထားဝါဆို မေမေ့ကိုလည်း သတိမရနိုင်တော့။ ကမ်းခြေသို့ အပြေးဆင်းပစ်လိုက်တာပေါ့။

သူမတို့နှင့် လမ်းပဲခြားသည့် ဦးဆရာတို့ဘန်ဂလိုမှလည်း သူတို့နှစ်ယောက်လုံး ထွက်လာကြသည်။

ဘောင်းဘီဒူးကျတွေနှင့်။ မျက်နှာသုတ်စောင်ကြီးတွေပတ်လို့။

ရဲဒီပါ ဘောကွင်းတစ်ခုငှားပြီး သက်ထားဝါဆိုကို မှီအောင်

လိုက်မလို့ပြင်ဆဲ…နိုင်စွမ်း (၂)ယောက်လုံးကို လှမ်းအော်ရ၏။

"ဟော့…ဟော့…ငါတို့တွေ စက်လှေနဲ့ ပုလဲကျွန်းတို့… မဒေးတောင်တို့ လျှောက်သွားကြဦးမယ်။ ရေချိုးတာ ပြီးမှချိုး။ ပုလဲကျွန်းရောက်မှချိုး"

"ထမင်းကရော ဘယ်မှာစားမလဲ"

"စက်လှေသမားတွေကို ထမင်းဖြူမှာထားတယ်။ အိမ်က ပါလာတဲ့ ဟင်းချိုင့်တွေ ယူခဲ့"

"အေး…အေး"

ယဉ်သူဇာနှင့် ခင်မာလာတို့ ထမင်းချိုင့်တွေ ပြန်ယူကြပြီး အားလုံးပင် စက်လှေဆီသို့ ပြေးကြပြန်သည်။

ကလေးလေးတွေလို အားလုံး ပျော်နေကြသည်ပါပဲ။ စက်လှေပေါ်မှာ အားလုံးနေရာယူကြပြီး အသက်ကယ်ဝတ်စုံတွေ ဝတ်ကြရသည်။

ယဉ်ယဉ်အေးက သမီးငယ်လေးပါလာသူပီပီ…

"ငါတော့ ရေမချိုးဘူးနော်။ နင်တို့ ချိုးတာပဲ ကြည့်မယ်"

"ပေလီလာပြီး ရေမချိုးရင် နင် ဘယ်လူဖြစ်ကျိုးနပ်တော့ မလဲ"

"မနပ်လည်း နေပစေ…ငါ့သမီးကို စိတ်မချဘူးဟ"

စက်လှေမောင်းသူက (၂) ယောက်။ ရိုးသားသော ရခိုင်





ကြီးတွေပါပဲ။ ဗမာစကားပြောပေမယ့် ရခိုင်သံက ဝဲလွန်းလို့ မနည်းနားထောင်ရသည်။

နိုင်စွမ်းက ငပေလီကို (၂) ခေါက် ကြုံပြီးရောက်ဖူးသူမို့ အားလုံး နှံ့စပ်ပြီးသား။ ဒေသခံအလုပ်သမားတွေနှင့်လည်း ရင်းနှီးနေပါပြီ။

သူမတို့ လှမ်းမြင်နေရသည့် ပုလဲကျွန်းကြီးက သာသာ ယာယာ။

"အရင်ခေတ်တုန်းက ပုလဲကျွန်းမှာ မုတ်ကောင်တွေ ငုပ်တယ်။ မွေးတယ်။ ကျွန်းမှာ အစောင့်တွေနဲ့။ နာဂစ်မုန်တိုင်း ဝင်ပြီးတော့ ရေမြေသဘာဝတွေ ပြောင်းလဲသွားပြီး မုတ်ကောင်တွေလည်း မရှိတော့ဘူး။ ခုမှ အပြင်လူတွေ သွားခွင့်ရှိတော့တယ်"

"သြော်…"

နိုင်စွမ်း ရှင်းပြတာ နားထောင်ပြီး သူတို့အဖွဲ့ ပုလဲကျွန်းနား ရောက်အောင် စက်လှေကို ခုတ်မောင်းနေကြသည်။

ရေက ကြည်လွန်းပြီး အရောင်အမျိုးမျိုး။ အချို့နေရာမှာ ပြာပြီး အချို့နေရာမှာ အစိမ်းရောင်၊ အနက်ရောင်။ ကင်းဝန်မင်းကြီး၏ ပင်လယ်ခရီးသွားမှတ်တမ်းကိုပင် သတိရစရာ။

ရေကြည်လွန်းသဖြင့် ပင်လယ်ငါးကလေးများ ကူးခတ်

သွားနေတာကိုပင် မြင်သည့်အခါ မြင်ရပါ၏။

ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေတောင် ဘယ်ရောက်ကုန်သည် မသိ။ ပျော်လွန်းလို့ လူက ငှက်ကလေးလို ပေါ့ပါးနေရသည်။

ပုလဲကျွန်းကို လှမ်းမြင်နေရပြီ။ ကျွန်း၏ကမ်းခြေက ငပလီကမ်းခြေလို သဲသောင်တွေနှင့် တန်ဆာဆင်မထားပါ။

ကျောက်ဆောင်တွေ၊ ကျောက်ခဲတွေနှင့်။

"ကမ်းစပ်မှာ ရေချိုးလို့ မရဘူး။ ခပ်လှမ်းလှမ်းမှာပဲ ချိုးလို့ရတယ်။ စက်လှေနဲ့ ပို့ပေးမယ်"

ကျွန်းနှင့် ခပ်ကွာကွာမှာ စက်လှေက စက်ရပ်ပေးပြီး လှေကား ချပေး၊ ကြိုးချပေးသည်။

"ချိုးလို့ရပြီ…ကဲ…ဝမ်း…တူး…သရီး ဆင်းမယ်"

"အမယ်…မဆင်းရဲပါဘူး။ ကမ်းစပ်လည်း မဟုတ်ဘူး။ ရေက အနက်ကြီးမဟုတ်လား"

"အေးပေါ့၊ ဒါပေမဲ့ အသက်ကယ်ဝတ်စုံတွေ ဝတ်ထားတယ်လေ။ ရော့…ဒီမှာ မျက်နှာဖုံးတပ်၊ အသက်ရှူဖို့ ပိုက်လည်းပါတယ်။ ရေငုပ်လို့ရတယ်"

နိုင်စွမ်းက ငပလီ (၂)ခေါက် ကြုံပြီးရောက်ဖူးပြီးသားမို့ ဂိုက်လုပ်ပေးမယ့် မချောတစ်သိုက်က ပင်လယ်ထဲ ဘယ်လိုမှ မဆင်းရဲကြ။





လေယာဉ်ပေါ်မှ ပထမဦးဆုံး လေထီးခုန်မည့် စစ်သမီးတွေလို အားလုံးပင် တွန့်ဆုတ်ဆုတ်။

နိုင်စွမ်းနှင့် ရဲဒီပါ အခက်တွေ့နေကြသည်။ သူတို့ (၂)ယောက်ကတော့ ပင်လယ်ထဲသို့ ယခုပင် ဒိုက်ဗင်ထိုးပြီး ခုန်ချရဲ၊ ခုန်ချလိုက်ချင်ပေမယ့် အဓိက,က မချောတစ်သိုက်၊ သူငယ်ချင်းတစ်သိုက်ကို ပျော်စေချင်တာ။

ပင်လယ်ရေအနက်ကြီးထဲ ရေကူးစေချင်၊ ရေချိုးစေချင်တာ။

သို့သော် သူတို့ (၂)ယောက်ကလွဲလျှင် အားလုံးပင် အသက်ကယ်ဝတ်စုံကြီးတွေ ဝတ်ထားသည့်ကြားမှ စက်လှေပေါ်မှာ အော်ဟစ်နေကြသည်။

"လာ…မမ…လာ…ကျွန်တော်နဲ့ ဆင်းမယ်"

နိုင်စွမ်း ကိုယ့်အစ်မ ခင်မာလာကို အရင်လက်ဆွဲပြီး ရေထဲ ခုန်ချပေးလိုက်သည်။

"ဗွမ်း"

တဟားဟား အော်ရယ်ရင်း နိုင်စွမ်း လောလောဆယ် စိတ်လက်ပေါ့ပါး ပျော်ရွှင်နေမိသည်။

နောင်ခါလာ နောင်ခါချေးပဲ။

ငါလည်း ပုထုဇဉ်ပဲ။

ခွဲခွာခြင်းတွေ၊ ဘဝကိုယ်စီခြားတာတွေ ဘာမှမတွေးဘူး။

အလုပ်၊ မိန်းမ၊ သားနဲ့သမီး…

ငါ ခေတ္တ မေ့ထားပါရစေ။

လောကကြီးထဲမှာ မွန်းကျပ်လွန်းလို့ပါ။

လောလောဆယ်တော့ နိုင်စွမ်းတစ်ယောက် ပင်လယ်ပြင်၊ ပင်လယ်ပြာ အနက်ကြီးထဲမှာ ပင်လယ်ဖျံတစ်ကောင်လို ငုပ်လိုက်၊ ရေကူးလိုက်။

သူ့အစ်မ ခင်မာလာကလည်း ဆင်းဖို့သာ ကြောက်တာ။ ပင်လယ်ထဲလည်းရောက်ရော အရသာတွေ့သွားပေပြီ။

ပင်လယ်ရေ၏ ပင့်အားရယ်၊ အသက်ကယ်ဝတ်စုံတွေ၏ တွန်းကန်အားတွေကြောင့် လူက ရေပေါ်မှာ အုန်းသီးလို ပေါလော ပေါလော ပေါ်နေပြီလေ။

ရေကူးလိုက်၊ ငုပ်လိုက်၊ အပေါ်က မချောတွေကို အော်ခေါ်လိုက်။

"လာဟ…မမြုပ်ဘူး၊ အသက်ကယ်ဝတ်စုံကြီးနဲ့ပလေ။ လာ…ဆင်း…ကြောက်ရင် ကြိုးကိုင်ထား"

စက်လှေမောင်းသမား (၂)ယောက်ကလည်း ရရိုင်သံဝဲဝဲတွေနှင့် အားပေး၏။

"ဆင်း…ကူး…ဝေးသွားရင် ငါတို့ ကြိုးပစ်ပေးမယ်။





ဆယ်မယ်"

ဒေါက်တာနိုင်စွမ်း စက်လှေပေါ် တစ်ခါပြန်တက်လာပြန်သည်။ သည်တစ်ခါ တွန်းချရမှာက ဆွဲချရမှာက၊ သူ့သူငယ်ချင်းယဉ်သူဇာ။

"လာ…ငါ…လက်ဆွဲထားမယ်"

"ဖြစ်ပါ့မလားဟယ်…ဝက်…ရေထဲပစ်ချသလို ဖြစ်နေတော့မယ်။ ငါက နင့်အစ်မလို ရေမကူးတတ်ဘူးနော်"

"ရတယ်…မကူးတတ်လည်း မမြုပ်ဘူး။ ခဏမြုပ်ပြီး ပြန်ပေါ်တယ်။ လာပါဆိုမှ"

နိုင်စွမ်း အော်ဟစ်နေသည့် ယဉ်သူဇာကို လက်ဆွဲပြီး တစ်ခါ ခုန်ချပေးလိုက်၏။ သူကတော့ ရယ်လို့ကောင်းလိုက်တာ တဟားဟား။

ဝက် ပစ်ချလိုက်သလို ရေထဲ စုတ်ခနဲ မြုပ်သွားပြီးမှ ပြန်ပေါ်လာတော့ သူ စက်လှေပေါ်မှ ပစ်ချထားသည့်ကြိုးကို လှမ်းပစ်ပေးလိုက်သည်။

"ရော့…ရော့…ကြောက်ရင် ကြိုးကိုင်ပြီး ရေကူး"

ယဉ်သူဇာတစ်ယောက် ကြိုးကိုင်ပြီး စက်လှေဘေးမှမခွာ။ စက်လှေအနားမှာပဲ ဖားပျံလေးလို ကပ်လျက်။

သူ့အစ်မ ခင်မာလာကတော့ ပင်လယ်အနက်ကြီးထဲမှာ

မကြောက်မရွံ့နှင့် တဖုန်းဖုန်း ကူးခတ်လိုက်၊ အသက်ကယ်ဝတ်စုံ အားကိုးနှင့် ပက်လက်လှန်လိုက်။

ပင်လယ်ကြီး၏ အရသာကို အပြည့်အဝ ယူနေလေ၏။

ရဲဒီပါ ယခုထိ ပင်လယ်ထဲ မဆင်းရဲသေး။ သူ့ချာတိတ်ကို ရေထဲဆင်းဖို့ စည်းရုံးရတုန်း၊ ဟောရပြောရတုန်း။

“လာ…ချာတိတ်ရဲ့၊ ကိုကို ရှိတယ်။ မကြောက်နဲ့။ အသက်ကယ်ဝတ်စုံကလည်း ရေထဲ မမြုပ်ပါဘူးဆိုမှ”

ခိုင်နွဲ့ဝါနှင့် ယဉ်ယဉ်အေးတို့သားအမိကလည်း စက်လှေပေါ်မှာ မတ်တတ်ကြီးတွေရပ်လို့။

သူများတကာ ကူးတာတွေသာ အားကျနေပေ၏။ အနူတောမှာ လူချောတွေကတော့ စက်လှေအနားကပ်ပြီး ကြိုးကို မလွှတ်သည့် ယဉ်သူဇာနှင့် ရေထဲမှာ တဘုတ်ဘုတ် ကူးနေသည့် ခင်မာလာ။

ယဉ်သူဇာနှင့်ခင်မာလာက အပေါ်မှ (၂) ယောက်ကို အတင်းခေါ်သည်။ ယဉ်ယဉ်အေးကတော့ သမီးသေးသေးလေးနှင့်မို့ ရေထဲဆင်းမှာ မဟုတ်တော့။

ခိုင်နွဲ့ဝါတစ်ယောက်တည်း ဆင်းလည်းဆင်းချင်၊ ကြောက်လည်းကြောက် ဖြစ်နေလေ၏။

“ဝါဆို…ရေမကူးတတ်ပါဘူးဆိုမှ”





“မသေပါဘူးဆိုမှ…ကဲ…လာ”

ရဲဒီပါ စိတ်မရှည်တော့။ သူများတွေ ပင်လယ်ထဲမှာ အတော်ဟုတ်နေကြပြီ။ သူ့မှာ ယခုထိ ရေမစိုရသေး။

ရဲဒီပါ…သက်ထားဝါဆို၏လက်ကို ဆွဲပြီး အတင်း စက်လှေပေါ်မှ ခုန်ချလိုက်ရာ (၂)ယောက်လုံး ရေထဲသို့ စုံးစုံးမြုပ် သွားကြ၏။

“အား”

(၂)ယောက်လုံး ဘွားခနဲ ပြန်ပေါ်လာအောင် ရဲဒီပါ ခြေကန် တက်လိုက်တာပေါ့။ အသက်ကယ်အင်္ကျီကလည်း ကျားကန်ပေး ၏။

သက်ထားဝါဆိုမှာ ရေမကူးတတ်သူမို့ ရေထဲမှာ ဘယ်လို နေရမှန်းလည်း မသိ။ အသက်ကယ်အင်္ကျီ ဝတ်ထားပေမယ့် လူက ကိုးရိုးကားရား။

သည်တော့ ရဲဒီပါကို ဖက်ထားရတာပေါ့။ ရဲဒီပါကလည်း သဘောတွေကျလို့။ ကိုယ့်လွတ်လပ်ခွင့်တော့ ဆုံးရှုံးတာပေါ့လေ။

“လာ…လာ…ညီမလေး…ကြောက်ရင် စက်လှေနားမှာ ကြိုးဆွဲပြီး ကပ်နေ”

“ဟင့်အင်း…ဟင့်အင်း…ငမန်းတွေ လာမှာ၊ ကိုက်မှာ ကြောက်တယ်။ ရေဘဝဲတွေ ဝါဆို့ကို ကိုက်မှာ။ ပင်လယ်မျှော့

ကြီးတွေကလည်း အကြီးကြီးဆို"

"ဟာ…ဘယ်သူပြောတာလဲ။ ဒီငပလီကမ်းခြေက ကမ္ဘာပေါ်မှာ save အဖြစ်ဆုံး ချာတိတ်ရဲ့။ ဒီငပလီကမ်းခြေအနားမှာ ရေနွေးစီးကြောင်းတစ်ခုက ပတ်ကာထားတယ်တဲ့။ ဒါကြောင့် ဘယ်ရေသတ္တဝါကြီးကြီးမှ မဝင်နိုင်ဘူး။ နိုင်ငံခြားသားတွေ မျက်စိကျတာ အဲဒါကြောင့်ပေါ့"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုမှကွာ…ကဲ…လာ…စက်လှေနားမှာ ကြိုးကိုင်ပြီးနေ။ ကိုကိုကတော့ ငပလီရောက်တုန်းမှ ရေမငုပ်ရ၊ ရေမကူးရရင် ရောက်ကျိုးမနပ်မှာစိုးလို့ ကဲလိုက်ဦးမယ်။ ညီမလေးက ကိုကို့ကို ကြည့်နေနော်"

ရဲဒီပါ သက်ထားဝါဆိုကို ကြိုးတစ်ချောင်း လက်ထဲထည့်ပေးပြီး သူကတော့ ခပ်လှမ်းလှမ်းအထိ ရေတွေ ကူးလိုက်၊ ရေထဲငုပ်လိုက်နှင့်။

တကယ့်ပင်လယ်ဖျံတစ်ကောင်လို။

ဒေါက်တာနိုင်စွမ်းကလည်း ခိုင့်ကို ရေထဲဆွဲချပြီး သူဖော်တဲ့ဆေး သူကုန်အောင် စားနေရလေ၏။

ခိုင်က သူ့ကို ကျောပိုးထားပြီလေ။ လွတ်ကိုမလွတ်တော့။ ပင်လယ်ကြီးထဲမှာ အပျော်တွေနှင့် ပြည့်နေသည့် နိုင်စွမ်း





ကလည်း အသံပြဲကြီးနှင့် စ,သကိုး။

"နင်…ငါ့ကျောပေါ် ရှူးတော့ ပေါက်မချနဲ့နော် ခိုင်"

"နင်ကလည်း ငါ ကြောက်လို့ပါ"

အသက်တွေ သုံးဆယ်ကျော်၊ ကိုယ့်အိမ်ထောင်တွေနှင့် ကိုယ်ဆိုပေမယ့် ငယ်ချစ်နှစ်ယောက် ပင်လယ်ထဲမှာ လောကကို တဒင်္ဂ မေ့နေမိသယောင်။

နိုင်စွမ်းကို ခိုင်က ဖက်ထားလို့။

"လာ…ခိုင်…ငါ ရေကူးသင်ပေးမယ်။ ကိုယ်ဖော့နည်း သင်ပေးမယ်"

"အင်း…အမှတ်တရပေါ့ဟာ"

"အမှတ်ရစရာတွေကတော့ ရင်နဲ့အပြည့်ပဲ။ ကဲ…ကဲ… ပင်လယ်ထဲ ရေနစ်နေဦးမယ်။ ရေထဲမှာ လက် (၂)ဖက် ယက်ဟာ၊ ကိုယ်ဖော့၊ ခြေထောက် (၂)ချောင်းကို မတ်မတ်ရပ်၊ အဲ…ဟုတ်ပြီ"

ခိုင့်ကို ကိုယ်ဖော့နည်း၊ ရေကူးနည်းသင်ပေးရင်း လောကကြီးကို မေ့လို့။

ဓာတ်ပုံတွေကလည်း တဖျပ်ဖျပ်။

ဖုန်းကိုယ်စီပါကြတာမို့ စက်လှေပေါ်တက်လိုက်၊ ဓာတ်ပုံရိုက်လိုက်၊ ဆယ်ဖီဆွဲလိုက်ကြ။

တစ်နာရီလောက် ရေထဲမှာ ပြာကော့အောင်နေပြီးမှ သူတို့အားလုံး စက်လှေပေါ် ပြန်တက်ကြသည်။

ယဉ်ယဉ်အေးတို့သားအမိကတော့ ကမ်းခြေရောက်မှ ရေကူးမည်ဟု တေးထားလျက်။

ပြေပြစ်သည့် သောင်ကမ်းရှိသည့်ဘက်သို့ စက်လှေကပ်ပေးတော့မှ သူတို့အားလုံး အပိုယူလာသည့်အဝတ်တွေကို လဲဖယ်ကြရသည်။

သူတို့ကပ်သည့်နေရာက ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ကုန်းမြင့်လေးလည်း ရှိသည်။ ချုံတွေ၊ တောတွေ။

နောက်…ဟိုးအရင်က ဆောက်လုပ်ထားဟန်ရှိသည့် ကျောက်လှေကားထစ်တွေ။

နိုင်စွမ်းနှင့်ရဲဒီပါက စက်လှေသမားတွေနှင့်အတူ နေ့လယ်စာ ချက်ပြုတ်နေသည့်နေရာသို့ သွားကြည့်၏။

ကမ်းစပ်မှာ ကျောက်ခဲတွေ ထူထပ်သည့်နေရာမှာပေါ့။

စက်လှေက (၂) စင်း။

ပထမအစင်းက နိုင်ငံခြားသားစုံတွဲ (၂)ယောက်နှင့် စက်လှေသမား (၃)ယောက်။

ကျောက်ခဲတွေကြားမှာ မီးသွေးတွေနှင့် ရှိုင်းဟင်းချက်၊ ထမင်းချက်၊ ငါးကင်၊ ပုစွန်ကင်။





တကယ့်ကို လတ်လတ်ဆတ်ဆတ်နှင့် မွှေးမွှေးကြိုင်ကြိုင်။

နိုင်စွမ်းက စက်လှေသမားတွေနှင့် သိကျွမ်းသည်မို့ စက်လှေ (၂)စင်းမှာ တစ်ဖွဲ့တည်းလိုလို ပေါင်းစည်းသွားကြ၏။

သက်ထားဝါးဆိုတို့အဖွဲ့တော့ ချုံတွေဘေး၊ ကမ်းပါးစောက်အမြင့်သို့ ကျောက်လှေကားထစ်တွေမှာ တက်ပြီး အဝတ်စိုတွေကို လဲဖယ်ကြသည်။

အခြောက်တွေဝတ်၊ ခေါင်းတွေရေသုတ်ရသည်။ ရေချိုးတော့ မချိုးရသေး။ ပုလဲကျွန်းပေါ်မှာ ရေချိုမရှိ။

သည်လိုပဲ နေလိုက်ကြတာပေါ့။

သူမတို့အဖွဲ့ ကမ်းစပ်သောင်ပြင်ဖွေးဖွေးပေါ်သို့ ပြန်ဆင်းကြသည်။

နောက်…သောင်ပြင်ပေါ်မှာပင် နေ့လယ်စာစားဖို့ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

စိုထိုင်းထိုင်း အဝတ်တွေနှင့်ပေမယ့် နေရောင်ခြည်က ချိုမြမြ။ လေပြည်ကလည်း ချိုမြမြ။

ကမ်းခြေမှာ နေ့လယ်စာစားရသည့် အရသာက တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံစဖူးခဲ့။

ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးနေကြရသည်။

စက်လှေအဖွဲ့ပေးသည့် ထမင်းဖြူနှင့် သူမတို့ပါလာသည့်

ဟင်းတွေနှင့် ဝိုင်းဖွဲ့ပြီး စားကြတော့···

စက်လှေအဖွဲ့က သူတို့ချက်ထားသည့် ဟင်းတွေကို ပန်းကန်လုံးကြီးတွေနှင့် လာပေးကြသည်။

နိုင်စွမ်းရဲ့ဘော်ဒါ···

"ဆရာ···ငါးသောက်ဆမ်း စားကြည့်၊ အရမ်းကောင်းတယ်"

ငါးကင်၊ ပုစွန်ကင်တွေလည်း ယူလာပေးပါ၏။

ခင်မာလာတို့ စပ်စုကြသည်။

"ကျွန်မတို့ လမ်းမှာ ကြက်သောက်ဆမ်းတော့ စားခဲ့ရတယ်။ ငါးသောက်ဆမ်းကရော ဘယ်လိုချက်တာလဲ"

"ဟင်းချိုပေါ့ ဆရာမရယ်၊ ရခိုင်ဟင်း···ငါးနဲ့ချက်တော့ ငါးသောက်ဆမ်း၊ ကြက်နဲ့ချက်တော့ ကြက်သောက်ဆမ်းပေါ့။ ရခိုင်ငါးပိ ထည့်တယ်။ အချဉ်အစပ် ထည့်တယ်။ အချဉ်ရွက်က ဒီမှာ"

အခြောက်လှမ်းထားသည့် အရွက်လေးတွေ။ သူတို့ အချဉ်ရွက်က ပြည်မမှာလို ချဉ်ပေါင်ရွက်တွေ၊ ကင်ပွန်းရွက်တွေ မဟုတ်။

စက်လှေသမားတွေပေးသည့် ထမင်း၊ ရခိုင်ဟင်း၊ ငါးကင်၊ ပုစွန်ကင်တွေရယ်၊ သူမတို့ပါလာသည့် ငံပြာရည်ကြော်၊ ငါးရံ့





ခြောက်ဖုတ်၊ လက်ဖက်သုတ်။

မောလည်းမော၊ ဆာလည်းဆာ၊ ပျော်လည်းပျော်နေကြတာမို့ ပုလဲကျွန်းပေါ်က နေ့လယ်စာကို သူတို့ တစ်သက်မေ့နိုင်ကြမည် မထင်တော့။

နိုင်စွမ်းအနားမှာ ခိုင်က ထိုင်ပြီး ဝါဆို့အနားမှာတော့ ရဲဒီပါက ကပ်လျက်။

ပျော်ပျော်ပါးပါးနှင့်ပင် နေ့လယ်စာစားပြီး သွားကြသည်။

# အခန်း (၁၁)

“မဒေးတောင် ဆက်သွားမယ်။ အဲဒီမှာ ပင်လယ်ဘက်ကို မျက်နှာမူပြီး ရပ်တော်မူရုပ်ပွားတော် ရှိတယ်။ ဉာဏ်တော်အမြင့်ကြီးပဲ။ တိလောကသယမ္ဘူ ဗုဒ္ဓရုပ်ပွားတော်ကြီး ဖူးရမယ်”

“ကံကောင်းလိုက်တာ၊ ခိုင်တို့ ငပလီလာတယ်ဆိုပေမယ့် ဘုရားတွေလည်း ဖူးရတယ်နော်။ တန်ခိုးကြီးဘုရားတွေကို ဖူးခွင့်ရတဲ့အတွက် နိုင့်ကို ခိုင် ကျေးဇူးအရမ်းတင်ပါတယ်။ ခိုင့်အလိုသာဆို သေတဲ့အထိ ဒီလို စိတ်ကြည်နူးဖွယ်ခရီးတွေ ရောက်ဖူးမှာ မဟုတ်ပါဘူး”





စက်လှေပေါ်မှာ နိုင်စွမ်းနှင့်ခိုင်က တစ်တွဲ ထိုင်ကြသည်။ သည်လောက်အခွင့်အရေးတော့ သူတို့ကို မည်သူမျှ ဘာမှမပြောကြတော့ပါ။

စိုးရိမ်စရာအနေအထားတွေလည်း မဟုတ်။ အားလုံးဟာ ဖြူစင်သန့်ရှင်းနေကြတာပဲ မဟုတ်လား။

သူတို့ရင်ထဲမှာ ပင်လယ်ကြီးနှင့်အပြိုင် လှိုင်းထန်မထန်တော့ ကာယကံရှင်တွေပဲ သိပါလိမ့်မည်။

ခင်မာလာ၊ ယဉ်သူဇာနှင့် ယဉ်ယဉ်အေးတို့သားအမိတွေကလည်း စကားတွေ ပေါက်ပေါက်ဖောက်လို့။

“ပင်လယ်ရေရဲ့အရောင်က အမျိုးမျိုး ပြောင်းနေတယ်နော်။ ကင်းဝန်မင်းကြီးရဲ့ ခရီးသွားမှတ်တမ်းတောင် သတိရမိပါရဲ့”

“အေးဟယ်…ရေတွေက ကြည်လင်နေပြီး အစိမ်းရောင်ဖြစ်တဲ့နေရာကဖြစ်၊ နက်ပြာရောင်၊ အပြာရောင်…အမျိုးမျိုးပဲနော်”

“အဲဒါပေါ့…ပင်လယ်ရဲ့မာယာ ငါတို့အားလုံးကို ဖမ်းစားထားတာပဲ”

နိုင်စွမ်းက အားလုံးထဲမှာ ခရီးအသွားဆုံးမို့ ကမ်းခြေများ၏ အလှကို နှိုင်းယှဉ်ပြောပြနေပါ၏။

“ချောင်းသာတို့…စက်စဲတို့ထက် အဆပေါင်းများစွာ ပိုပြီး

လှတယ်။ ငပလီက တော၊ တောင်ရဲ့ အလှအပတွေ၊ ကျွန်းတွေနဲ့ဆိုတော့ ပိုပြီး အသက်ဝင်တယ်။ လှပတယ်"

"ဒါပေမဲ့ ချောင်းသာတို့…ငွေဆောင်တို့က လူပိုစည်တယ်နော်"

"ဒါကတော့ သူတို့က သွားရလာရ လွယ်ကူတာကိုး။ ငပလီကျတော့ လာရတာ ဝေးတယ်။ လေယာဉ်နဲ့ဆိုလည်း စရိတ်ကုန်တယ်။ ကားနဲ့ဆိုတော့လည်း တကူးတက၊ တမင့်တမောကြီးလာရတာ မဟုတ်လား"

"ဒါပေမဲ့ အမောပြေပါတယ်။ ဝါဆိုတော့ ပျော်လွန်းလို့ ရှူးတောင်သွားချင်မိပါရဲ့။ တကယ့်ကို အိပ်မက်တိုင်းပြည် ရောက်နေရတဲ့အတိုင်းပါပဲ"

"အဲလိုကြားရတာ ဝမ်းသာပါရဲ့ သမီးရယ်၊ ဦးဆရာ ပို့ရကျိုးနပ်တာပေါ့"

ရဲဒီပါကတော့ ဝါဆို့ဘေးမှာ။ သူလည်း ယခုမှ ငပလီကို ပထမဆုံး ရောက်ဖူးတာမို့ ငပလီ၏ အလှအပတွေနှင့် သိပ်ပြီး လှပဆန်းပြားသည့် အက်ဒမန်ပင်လယ်ကြီးက သူ့ကို ဖမ်းစားသည်ပါပဲ။

ပြီးတော့ အလှနတ်သမီးလေးကလည်း အနားမှာ။

သူကြုံဖူးသည့် မိန်းကလေးတွေလို ဆေးဆိုးပန်းရိုက်တွေ၊





မာယာသည်တွေ မဟုတ်ဘဲ အဖြူထည်လေး။ ဖြူဖြူစင်စင် ပုလဲလေးမို့လည်း တစိမ့်စိမ့် ကြင်နာမိရတာ။

သူတို့ (၂)ယောက်ကလည်း စကားလက်ဆုံတွေကျလို့။ သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေ။

"ချာတိတ်…အမှတ်ပေါင်း ဘယ်လောက်ရလဲ"

"၄၅၁"

"ဟာ…တယ်တော်ပါလား။ ဂျီတီစီ တက်ပါလား။ ကိုကို့တုန်းက အဲလောက်တောင် မရဘူး။ ခု ဘီအီး ပြီးသွားပြီ။ အလုပ်ဝင်ဖို့ပဲ ရှိတော့တယ်"

"ကိုကိုပဲ အပြောကောင်း၊ ဝါဆိုတို့က ဆင်းရဲတယ်။ ဘယ်လိုလုပ် တက်နိုင်မလဲ၊ (၆)နှစ်ကြီး"

"ဝါဆို့အဖေက ဒုရဲအုပ်ဆို၊ အောက်ဆိုက်တွေ၊ လိုင်းကြေးတွေ မရဘူးလား"

"မသိဘူး…ဖေဖေပြန်လာရင် ဝါဆိုတို့ကို မုန့်ဖိုးလေးဘာလေး ပေးတယ်။ ဒါပါပဲ…ကျန်တာ မေမေပဲ တာဝန်ယူရ၊ ရှာရဖွေရတာ။ ကျောင်းဘယ်ဆက်ထားနိုင်မလဲ"

"ဒါဆို ဝါဆိုက ဘာဆက်လုပ်မှာလဲ။ ကျောင်းမတက်တော့ဘူးလား။ ကျောင်းမတက်ဘဲ ယောကျ်ားယူတော့မလို့လား"

"မယူပါဘူး၊ ဝါဆို ငယ်ငယ်လေး ရှိသေးတယ်"

"ဒါဆို…ကြီးရင်ယူမှာပေါ့…ဟုတ်လား"

"မယူပါဘူး၊ အပျိုကြီးလုပ်မှာ… ယောကျ်ားတွေ တစ်ယောက်မှ မကောင်းပါဘူး။ မေမေတို့၊ ဖေဖေတို့ကြည့်ပြီး ကြောက်တယ်"

"လောကမှာ အကောင်းနဲ့အဆိုး ဒွန်တွဲနေကြတာပါ ချာတိတ်ရယ်။ ယောကျ်ားတစ်ယောက်ဟာလည်း အကောင်နဲ့ အဆိုး ဒွန်တွဲနေတာပါ။ ဥပမာ…ဦးဆရာကို ကြည့်ပါလား။ ဘယ်လောက်ကောင်းသလဲ။ သူ့မိန်းမနဲ့ ကလေးတွေကို ကောင်းကောင်းမွန်မွန် ရှာဖွေကျွေးတယ်။ မိသားစုနဲ့အတူ တစ်နှစ် တစ်ခါ အပျော်ခရီးလေးတွေ ပို့ပေးတယ်"

ရဲဒီပါ စကားတွေ ပြောကြည့်နေတာပါ။ သူ့ချာတိတ်ရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ အိုင်ကျူကို သိချင်လို့ပါ။

"ဘဝဆိုတာ ဒီ့ထက် တန်ဖိုးမြင့်ပါတယ် ကိုကိုရယ်။ ဘဝ အဓိပ္ပာယ်ကို ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေမယ်"

ရဲဒီပါ မျက်လုံးပြူးသွားရပါပြီ။ ကိုယ်ဖော်တဲ့ဆေး ကိုယ် သာကုန်အောင်စားပေတော့ ရဲဒီပါရေ…

"ပြောတော့ လွယ်လိုက်တာ၊ ဘဝရပ်တည်တယ်ဆိုတာ အစစအရာရာ background ကလည်း ကောင်းမှ။ နို့မို့ ဝါဆို တစ်ယောက်တည်း ဘယ်လိုလုပ် ရပ်တည်မှာလဲ"





သက်ထားဝါဆို ညက်ညက်လေးပြုံးတော့ ရဲဒီပါ ဖြုံရပြန် သည်။ သည်ကောင်မလေး မလွယ်ဘူး။

"စောင့်ကြည့်နေပေါ့ ကိုကို…ဝါသနာပါရင်"

"ဝါသနာပါလို့ မဟုတ်ပါဘူး၊ ကိုကိုက ဝါဆို့ကို သံယောဇဉ် တွယ်မိပြီဆိုတော့ ဝါဆို့ဘဝလေး လှလှပပရှိတာ မြင်ချင်တဲ့ ဆန္ဒနဲ့ပါ"

ပင်လယ်ပြာကြီးကိုငေးပြီး စက်လှေကလေးနှင့် အပြော ကျယ်သော ပင်လယ်ထဲမှာ သူကလေးနှင့် ခရီးသွားနေရတာ။

ဘဝက အိပ်မက်သဖွယ်။ ရဲဒီပါ သည်အိပ်မက်မှ မနိုးထ ချင်တော့ပါဘူး။

ကိုယ်ကလည်း ငယ်သေးတာမို့ ဘဝကို စစ်မျက်နှာဖွင့်ဖို့ မရဲသေး။

နှစ်ယောက်သား လှိုင်းကြက်ခွပ်လေးများနှင့် ပင်လယ်ပြာ ကြီး၏အလှကို ငေးမဝ။ ပင်လယ်ရေက ကြည်လွန်းလို့ ငါးကလေးများ ခရီးသွားနေတာကိုတောင် တစ်ခါတစ်ခါ လှမ်း မြင်နေရပါရဲ့။

ဟော့…ငါးကလေး။

မင်းရော ခေါင်းမာတဲ့ မင်းချစ်သူကို ဘယ်လို ဖျောင်းဖျ ရသလဲ။

"ကိုကိုကတော့လေ…ဒီက ပြန်သွားရင် အလုပ်တစ်ခုခု ဝင်မှာ။ ကိုယ်ပိုင်အလုပ်တွေလည်း လုပ်ကြည့်မှာ။ ဘာပဲပြောပြော ကိုကို့မှာ ဝင်ငွေရှိတော့မယ်"

"ကောင်းတာပေါ့၊ မိဘကို လုပ်ကျွေးခွင့်ရပြီပေါ့"

"ကိုကို့မိဘတွေက ကိုကို လုပ်ကျွေးစရာ မလိုသေးပါဘူး။ အဆင်ပြေကြပါတယ်"

"မိဘတွေ အဆင်ပြေပေမယ့်လည်း သားသမီးရဲ့ ပြုစု ယုယတာတော့ ခံယူချင်မှာပေါ့ရှင်"

"ကဲ…ကျောင်းအစ်မ…လိုရင်းကို မရောက်တော့ဘူး။ မိဘကိုလည်း လုပ်ကျွေးပြုစုမှာပါ။ လောလောဆယ် ကိုကို ဝါဆို့ ကို ကျောင်းထားပေးမယ်။ ဝါဆို့ကို လူတစ်လုံး သူတစ်လုံးဖြစ် အောင် ပြုစုပျိုးထောင်ပေးမယ်။ ကြီးကြီးကျယ်ကျယ် ပြောရရင် လူသားအရင်းအမြစ်ကလေးတစ်ခု ထူထောင်ပေးမယ်ပေါ့ကွာ"

သက်ထားဝါဆို ညက်ညက်ကလေး ပြုံးပြန်ပြီ။ သည်အပြုံး က မိုနာလီဇာ အပြုံးလိုပဲ သူ့ရင်ကို လှိုင်းထန်စေ၊ ယစ်မူးစေပါ၏။

"ကျေးဇူးတင်ပါတယ်ရှင်…ဒါပေမဲ့ ဒါ…ကိုကို့တာဝန် မဟုတ်ပါဘူး။ ဝါဆို့ကို ပြုစုပျိုးထောင်ရမှာ ဝါဆို့မိဘတွေပါ"

"ဝါဆို့မိဘတွေကမှ ပျိုးထောင်ပေးနိုင်တဲ့ အခြေအနေ မရှိ





တာ။ ကိုကိုက ပရဟိတဝင်ပြီး လုပ်ပေးတဲ့သဘောပါ။ ဘာနှောင် ကြိုးမှ မပါစေရပါဘူး။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ပြေတီဦး ဖောင်ဒေးရှင်း၊ အရှင်ဆန္ဒာဓိက ဖောင်ဒေးရှင်းတွေလိုပေါ့။ အကြီးအကျယ်ကြီး မတတ်နိုင်ပေမယ့် ရဲဒီပါဖောင်ဒေးရှင်းကို သက်ထားဝါဆိုနဲ့ စမယ်"

"အလကားကြေး ပြောနေတယ်ဆိုတောင် ဝါဆိုက လက်မခံပါဘူး ကိုကို။ ဝါဆို့လမ်းကို ဝါဆိုကိုယ်တိုင် ဖောက် မှာပါ"

"ဟိုက်"

ဟောရင်းသာ ပျံလွန်တော်မူမည့်ဆိုသည့် ချာတိတ်။ သူ့ကို ပင် ယဉ်ယဉ်လေးနှင့် ထိုးနှက်လိုက်သေးရဲ့။

"အလကားကြေးလည်း မဟုတ်ရပါဘူး ချာတိတ်ရယ်။ ကိုကို့မှာ ချာတိတ်ကို တာဝန်ယူဖို့၊ ပြုစုပျိုးထောင်ဖို့ စေတနာ လည်း ရှိတယ်။ အင်အားလည်း ရှိပါတယ်ကွယ်"

"ကျေးဇူးပါ…ကိုကို၊ ဝါဆို လက်မခံပါဘူး။ ဝါဆို ဘယ်တော့မှ သူများနာခေါင်းပေါက်နဲ့ အသက်မရှူဘူး"

ရဲဒီပါ မျက်ခုံးပင့်ရပြန်ပါ၏။ ကြိုက်သွားပြီ ဝါဆို။ တကယ့်အပြင်းစားမာန။ သူ့အစ်မ ကြည်သာချိုအတွက်လည်း စိတ်မပူတော့။

သည်လိုအတွေးအခေါ်ပိုင်ရှင်မျိုးရဲ့ မေမေဟာလည်း အချောင်သမားစိတ်ဓာတ် ရှိမှာမဟုတ်။ အကိုနိုင်စွမ်းခမျာ သန့်စင်သော အပျော်လေးများနှင့် ဘဝကို သက်ခိုးရှုပါစေ။

တော်ကြာ သူ့အစ်မက ကြုံရာပါဆိုပြီး စွဲချက်တွေ တင်နေမှာစိုးလို့ပါ။

သူတို့စကားဝိုင်းလေး မပြတ်ခင်ဘဲ မဒေးတောင်ဆိုသည့်နေရာကို စက်လှေက ထိုးဆိုက်လိုက်ပြီမို့ သူတို့အားလုံး ပျော်ရွှင်စွာ ဆင်းဖို့ပြင်ကြသည်။

သည်တစ်ခါတော့ ပျော်လွန်းလို့ ရဲဒီပါ စက်လှေပေါ်မှ ရွှေ့ခနဲ အရင်ခုန်ဆင်း။ ပြီးမှ ကိုယ့်အားကိုယ်ကိုးပြီး ခုန်ဆင်းဖို့ အားထုတ်ကြံစည်နေသည့် ဝါဆို့ကို ရွှေ့ခနဲ လှမ်းချီချပေးလိုက်သည်။

အကိုနိုင်စွမ်းတို့ လူကြီးအဖွဲ့ကတော့ စက်လှေတစ်ဖက်မှ အိပ်ပဲ့အိပ်ပဲ့နှင့် စက်လှေသမား ရခိုင်ကြီးများကို အားပြုပြီး ဆင်းနေကြလေ၏။

ရဲဒီပါ…ဝါဆို့လက်ကလေးကိုဆွဲခါ ရုပ်ရှင်ထဲမှ မင်းသမီးနှင့်မင်းသားလို မဒေးတောင်ပေါ် ဘုရားရှိရာအရပ်သို့ အပြေးတက်ခဲ့သည်။

ဘုရားက ပင်လယ်ထဲမှာသာ လှမ်းပြီးဖူးရမြင်ရပေမယ့်





ယခုကျ မမြင်ရတော့ပါ။ အလှမ်းဝေးပုံရပါ၏။

နှစ်ယောက်သား တောလမ်းလေးမှ ဘုရားဆီ လျှောက်သွားကြသည်။ ဝါဆိုကတော့ နှာခေါင်းလှလှလေး ရှုံ့လျက်…

"လူကြီးတွေကို စောင့်ရအောင် ကိုကို၊ ဦးဆရာ တစ်မျိုးထင်သွားရင် မကောင်းဘူး"

"ဘာထင်စရာရှိ"

"ရှိတာပေါ့…ဟိုဒင်း…ကိုကိုလုပ်နေပုံက အတွဲတွေကျနေတာပဲ"

"ဘာဖြစ်လဲ ချာတိတ်ရဲ့၊ လူပျိုနဲ့အပျိုပဲ။ အတွဲထင်တော့ရော ဘာနာစရာရှိသလဲ။ ဘာလဲ…ကိုကို့ကို တွဲရတာ ဂုဏ်မရှိလို့လား။ ကိုကိုက မချောလို့လား"

"ဟာ"

သူ့လက်ကို ဖြုတ်ချပြီး ချာတိတ် သူ့ကို အလန့်တကြားကြည့်တော့ သူ ရင်တုန်သွားရ၏။ စကားမှားသလား။

"ကိုကို"

"ဝါဆို"

"ကိုကို့ကို ဝါဆို အရမ်းအထင်ကြီးထားတာ မှားသွားပြီ။ ကိုကိုလည်း ပေါ့ပျက်ပျက် ယောကျ်ားဆန်တဲ့ သာမန်ယောကျ်ားတစ်ယောက်ပဲ။ ဖေဖေ့လို အတ္တကြီးတဲ့ ယောကျ်ားတစ်ယောက်

ပါပဲ”

“ဟင်…ဘာဖြစ်လို့လဲ”

“ဝါဆို ရှင်းမပြတော့ဘူး။ ကိုကို့ဘာသာ ကိုယ့်စကားတွေ ကိုယ် ပြန်စဉ်းစား။ ဝါဆို မေမေတို့၊ အန်တီတို့ကို သွားကြိုလိုက်ဦးမယ်”

သူ့ကိုထားခဲ့ပြီး ခပ်လှမ်းလှမ်းမှာ မြင်နေရသည့် လူစုထံ သူမ ပြန်ပြေးဆင်းသွားတော့ ရဲဒီပါ နောင်တရမိသည်။

ဘယ်အလုံးကို သူမ နာကြည်းသွားတာလဲ။ ဟုတ်တာပေါ့။ သူ့စကားက မိန်းကလေးမာနကို ထိတာပေါ့။

မြွေကို ငယ်သဖြင့် အလမ္မာယ် မပြုရဆိုသလိုပါပဲ။

သည်မိန်းမငယ်လေးဟာ အရွယ်ငယ်ပေမယ့် ရင့်မှည့်သော သစ်သီးတစ်လုံးလို သူမမှာ ရင့်ကျက်မှုတွေနှင့် ချိုမြပြည့်ရွှန်းခဲ့ပြီ။

“ဘာဖြစ်လဲ ချာတိတ်ရဲ့၊ လူပျိုနဲ့အပျိုပဲ။ အတွဲထင်တော့ရော ဘာနာစရာရှိသလဲ။ ဘာလဲ…ကိုကို့ကို တွဲရတာ ဂုဏ်မရှိလို့လား။ ကိုကိုက မချောလို့လား”

သူ့စကားက ပေါ့သွမ်းလွန်းရဲ့။ ယောဘုယျဆန်လွန်းရဲ့။ လေးနက်သည့် ကောင်မလေးတစ်ယောက်အတွက် မာနကို ထိစေသည့်စကား။





အို…သူ့အတွက်ရော…

သူထားမိသည့် သံယောဇဉ်ဆိုတာကိုတောင် သူမက ယုံကြည်တော့မှာမဟုတ်။

ရဲဒီပါ တစ်ယောက်တည်းပဲ လေးဖင့်သော ခြေလှမ်းများနှင့် ဘုရားရှိရာ ကုန်းမြင့်ပေါ်သို့ တက်ခဲ့သည်။

အချစ်ဆိုသည့်အရာ ဘဝထဲ တိုးဝင်လာသည်နှင့် နှလုံးသားလေးခမျာ နာကျင်ပင်ပန်းရချေပြီကော။

တစ်သက်လုံးက ငှက်တစ်ကောင်လို ကောင်းကင်ပြင်ကျယ်မှာ လွတ်လပ်စွာ ပျံသန်းခဲ့သည့် ရဲဒီပါ…

ပင်လယ်ပြာရဲ့ ဖမ်းစားမှုမှာ ကျဆုံးရတော့မှာလားကွယ်။

# အခန်း (၁၂)

တိလောကသယမ္ဘူ ဗုဒ္ဓရုပ်ပွားတော်…

ရခိုင်ပြည်ဟာလည်း သထုံပြည်လိုပဲ ဗုဒ္ဓဘာသာထွန်းကားသည့်နယ်မြေ။

တန်ခိုးကြီးဘုရားတွေ အများကြီးရှိပါသည်။ ယခုလည်း ငပလီကမ်းခြေမှ စက်လှေဖြင့် (၁)နာရီလောက် မောင်းရသည့် မဒေးတည်ထားသည့် ရုပ်ပွားတော်ကြီးက အသည်းခိုက်အောင် ကြည်ညိုသဒ္ဓါပွားစရာ။

"ဦးဆရာကို ကျေးဇူးတင်လိုက်တာ။ မသိသူကျော်သွား၊ သိသူဖော်စားဆိုသလိုပဲ သံတွဲမြို့မှာ တန်ခိုးကြီးဘုရား (၃)ဆူ





ရှိတာ၊ မဒေးတောင်ပေါ်မှာ ဒီလို ဗုဒ္ဓရုပ်ပွားတော်ကြီးရှိတာတွေ သမီးတို့အလိုဖြင့် လုံးဝ မသိခဲ့ပါဘူး။ ဦးဆရာကြောင့်သာ ဖူးရတွေ့ရတာပါ။ သမီးတို့ဆို ငပလီကမ်းခြေလောက်ပဲ သိတာ။ ခုကျ ကမ်းခြေလည်းရောက်ရ၊ ဘုရားတွေလည်း ဖူးရ"

သက်ထားဝါဆိုက ကျေးဇူးတွေ အရမ်းတင်နေရသလို သူငယ်ချင်းတွေကလည်း တဖွဖွနှင့် အကျိုးတော်ဆောင်ကြီးသူ့ကို ဆုတွေပေးလို့။

"ငါတို့သူငယ်ချင်း သူတော်ကောင်းကြီး…ငါတို့ကို ခုလို ဘုရားတွေပို့၊ ငပလီပို့ပြီး ငါတို့ကို ကုသိုလ်လည်းရ၊ အပန်းလည်း ပြေ၊ တစ်သက်မမေ့စရာ နေရာတွေကို ပို့ပေးတဲ့အတွက် အဟမ်း ငါ ဆုပေးမယ်"

ယဉ်သူဇာက အတည်ပြောနေရာမှ ယဉ်ယဉ်အေးကို မျက်စပစ်လိုက်တော့ ယဉ်ယဉ်အေးကလည်း ဆုဆက်ပေးလေ၏။

"ယခုလို ငါတို့အဖွဲ့ကို နိဗ္ဗာန်အကျိုးဆောင်တဲ့အတွက် တိုက် (၁၀) လုံး၊ ကား (၁၀) စီး၊ အင်း…အီစီကလီ (၁၀) ယောက် ရပါစေ"

ဒေါက်တာနိုင်စွမ်း တဟားဟား ရယ်ရင်း သူငယ်ချင်းတွေကို ပြန်နောက်၏။ သူ့အစ်မ ခင်မာလာကတော့ ဆုတောင်းကို ပြင်ပေးသည်။

"တိုက် (၁၀)လုံး၊ ကား (၁၀) စီး၊ သားသမီး (၁၀) ယောက် ရပါစေ…ငါ့မောင်"

"အမလေး…အခု (၂)ယောက်၊ (၃) ယောက်တောင် လက်လန်နေပြီ အစ်မရေ…. (၁၀)ယောက်ဆို ကျွန်တော် ခေါင်းမွေးပြောင်လိမ့်မယ်။ ရှာကျွေးရလို့"

နိုင်စွမ်း မျက်လုံးတွေ ခိုင့်ကို ကြည့်လိုက်တော့ မျက်ရည် ပြည့်နေသော မျက်ဝန်းများက စိန်လို၊ ကျောက်လို ဖျတ်ခနဲ။

သူငယ်ချင်းတွေကလည်း ကဲမှကဲ။

"ဒီလင်၊ ဒီမယား၊ ဒီသားသမီး၊ ဒီမိသားစုနဲ့ အိုအောင် မင်းအောင် ပေါင်းရပါစေ။ စည်းစိမ်ဥစ္စာတွေလည်း ဒီရေအလား ချက်ချင်းကြီး တိုးတက်ပါစေ"

ယဉ်သူဇာ ပြောနေတာက သူ့အခြေအနေမှန်ကို မီးမောင်း ထိုးပြလိုက်တာပါ။ သို့သော် ခိုင် မျက်ရည်မထိန်းနိုင်တော့။

သီလျက်နှင့် ဝိပါတ်ကြမ္မာငင်…

ခွဲခွာခြင်းအကြောင်း မတွေးချင်သေးပါဘူး အချစ်ရယ်။

ငယ်ချစ်ဦးကို အကြောင်းတိုက်ဆိုင်တိုင်း သတိရမိနေတဲ့ နှလုံးသားက ခုလို သွားအတူ၊ လာအတူ၊ စားအတူနဲ့ တစ်သက် မမေ့စရာ ခရီးကို အတူလာမိတာ ခိုင် မိုက်မဲလွန်းတာပါ။

ကိုယ့်ကိုယ်ကိုယ် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးအဖြစ်မခံ





မှာ သေချာတာမို့ ကိုယ့်နှလုံးသား ကိုယ်ထိန်းချုပ်နိုင်မယ်၊ အချိန် တန်ရင် ကိုယ့်ဘဝနဲ့ကိုယ်၊ ကိုယ့်ခရီးကိုယ် ဆက်လျှောက်၊ ကိုယ့် ရဲ့ ငရဲလို ကန္တာရခရီးကြမ်းထဲ သေတပန် သက်တဆုံး လျှောက် ရမှာလည်း သိပါရဲ့ကွယ်။

ဒါပေမဲ့…အဖြစ်မှန်တွေကို သိရက်နဲ့ နှလုံးသားက အမှန် တရားတွေကို မကြားရဲတာ ခိုင့်ရဲ့အားနည်းချက်တွေပါ မောင်ရယ်။

ငယ်စဉ်က ခေါ်ခဲ့သည့် 'မောင်' ဆိုသည့်အသုံးအနှုန်းကို ရင်ထဲမှာတော့ ခေါ်မိတာပေါ့။

ကာယကံ၊ ဝစီကံနဲ့ ခင်ပွန်းလူဆိုး၊ လူကြမ်းကြီးအပေါ် သစ္စာမဖောက်မိပေမယ့် ရင်ထဲမှာ တဒင်္ဂလေး ပျော်ရွှင်ကြည်နူး မိတာ…

မောင့်ရဲ့အကြင်နာ၊ ရိုးရိုးသားသား ဂရုစိုက်မှုတွေအပေါ်မှာ ခိုင် ညွတ်နူးမိတာ ခွင့်လွှတ်ပါ မောင်ရယ်။

ဘဝလက်တွဲဖော်ရဲ့ ရက်စက်တဲ့ ဥပေက္ခာတရားတွေ ကြောင့် ဘဝကြမ်းကြီးထဲမှာ ကန္တာရလို ခြောက်သွေ့ကြမ်းတမ်း ခဲ့ရလွန်းလို့…

မောင့်ရဲ့ ကရုဏာရိပ်မှာ သက်ခိုးရှုတဲ့အနေနဲ့ ခိုင် ခိုလှုံမိ တာပါ။

မောင့်ဘဝ၊ မောင့်မိသားစု၊ မောင့်မိန်းမအပေါ် ခိုင် စိုးစဉ်းမျှ မကောင်းမကြံစည်မိပါဘူး မောင်ရယ်…

ဘုရားရင်ပြင်တော်ပေါ်မှာ နိုင်စွမ်း အားလုံးကို ခေတ်ပုံတွေ ရိုက်ပေးနေတော့ ခိုင်နဲ့ဝါ ရင်ပြင်တော်ပေါ် တစ်ပတ် ပတ်သလိုလိုနှင့် မောင့်ကွယ်ရာမှာ မျက်ရည်တွေကုန်အောင် သွန်ချနေရသည်။

နောက်…စိတ်ကို အစွမ်းကုန် တင်းပါ၏။

“မိခိုင်…အရူးမထနဲ့။ နင့်မှာလည်း မိသားစုနဲ့၊ သားနဲ့ သမီးနဲ့…မောင့်မှာလည်း မိသားစုနဲ့။ သားသမီး၊ မိန်းမနဲ့ သူငယ်ချင်းလိုပဲ သဘောထားတော့လေ။ နင်တို့နှစ်ယောက်ရဲ့ အဖြစ်က ဘဝချင်းခြားနားနေကြတဲ့ လူ့ငရဲသားတွေပါ”

ဘယ်လိုပင်ဖြေဖြေ မျက်ရည်တွေက တိခနဲ မပြတ်။

ငါတော့ သူငယ်ချင်းတွေရှေ့မှာ အရှက်ကွဲတော့မှာပဲ။ အရှက်မကွဲအောင် ငါ ဘယ်လိုဉာဏ်ဆင်ရပါ့။

ယခုအခြေအနေ၊ ယခုဘဝ၊ ယခုအနေအထားနှင့် အပျိုလေး တစ်ယောက်လို သူမ အသည်းကွဲနေရပါသတဲ့။

Sex မဟုတ်ပါဘူး…မောင်ရယ်။

မောင်လည်း ကျွန်မကို ညစ်ငြမ်းတဲ့စိတ်နဲ့ မဖွယ်မရာ မရှိခဲ့ပါဘူး။ ယော်ချစ်ဦးတွေရယ်လို့ နှလုံးသားတွေ ပြန်လည်နိုးထနေမိ





ဘာကတော့ အပြစ်ပေါ့။

အိန္ဒိယ သရဲကားထဲကလိုပဲ အနှစ်လေးဆယ်ကျော်လောက် အိပ်မောကျနေတဲ့ ဝိညာဉ်ဆိုးကြီး လွတ်ထွက်လာပြီး လောကကို ဒုက္ခပေးသလို…

ခိုင်လည်း ဒုက္ခရောက်နေပါပြီ မောင်ရယ်။

သည်စဉ် ယဉ်သူဇာတို့တစ်ဖွဲ့လုံးလည်း ရင်ပြင်တော်ကို တစ်ပတ် ပတ်လာကြပြီမို့ မျက်ရည်လည်ရွဲနှင့် ခိုင့်ကို မြင်သွားကြလေပြီ။

“ဟင်…မိခိုင်၊ ဘယ်လိုတွေဖြစ်”

သူမ အလျင်အမြန်ပင် ဖုန်းပြောချင်ယောင်ဆောင်လိုက်ပြီး

“သားငယ်လေးက ဖုန်းဆက်တယ်။ ဖုန်းထဲမှာ မေမေ့ကို လွမ်းတယ်ဆိုပြီး ငိုနေတော့ ငါ ကြွေသွားတာပေါ့ဟယ်… အဟဲ”

“နင်ကြွေတာကြီးကလည်းဟယ်…လူသေလို့ ငိုထားတဲ့ အတိုင်း”

ယဉ်သူဇာက မယုံသင်္ကာနှင့် အပြစ်ဖို့တော့ ခိုင် မလုံမလဲ ပြုံးနှင့် ဖုံးကွယ်ရ၏။

“ငါတို့သားအမိက ခွဲဖူးတာမဟုတ်ဘူးဟ…သားက ငိုနေတော့ ငါလည်း ငိုမိတော့တာပေါ့။ ခုတလော ငါ နှလုံးရောဂါ

ရချင်နေသလား မသိပါဘူးဟယ်…အရမ်းဝမ်းနည်းနေမိတယ်"

ဖြောင့်ကွယ်၊ ကွယ်မိလေသလား မပြောတတ်တော့။ နိုင်စွမ်းကတော့ ခိုင့်ရင်ထဲကို ထိုးဖောက်မြင်နေမိပါသည်။ သူကိုယ်တိုင်လည်း အပျော်တစ်ဝက်၊ အဆွေးတစ်ဝက်ပါ။

သူငယ်ချင်းတွေနှင့် လွတ်လပ်ပျော်ရွှင်ရလို့ ပျော်တာက တစ်ဝက်။ ခိုင့်အကြောင်း အတွေးထဲရောက်လာလျှင် ပူဆွေးသောက ရောက်ရတာက တစ်ဝက်။

ဘဝချင်းခြားကြပြီဆိုပေမယ့် နှလုံးသားကို လူဆိုးက မထိတထိနှင့် သေအောင် ကလိနေ၊ ကျီစယ်နေတော့တာ။

ယဉ်ယဉ်အေးကတော့ အခြေအနေကို ထိန်းသည့်သဘောနှင့်…

"ငါ သိပါတယ် ခိုင်ရယ်၊ နင့်ဘဲကြီးကို လွမ်းနေတာ မဟုတ်လား။ နိုင်စွမ်းကို မြင်တော့ သွားလေသူကြီးကိုလည်း သတိရ၊ အောက်မေ့…တမ်းတ"

"တော်စမ်းပါဟယ်…သူက ငါ့အတွက် သတ်ပုံမှားတဲ့ လက်တွဲဖော်ပါ။ လွမ်းစရာကို မရှိတာ"

"တို့မိန်းမသားတွေကလည်း အခက်သားလေ။ ကိုယ့်ကို ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက် အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဘောတံတား"





"နင့်ဥစ္စာ…နုနုရည် (အင်းဝ) နဲ့ မှားနေပြီ"

"ဆောရီး…ငါက နင် စိတ်ပေါ့သွားအောင် နောက်တာပါ။ ဟိုပုံပြင်ကို ကြားဖူးတယ်မဟုတ်လား"

"ပြောပါဦး"

ရင်ပြင်တော်ရဲ့ အရိပ်တစ်ခုမှာ စုပေါင်းဝိုင်းဖွဲ့ထိုင်ပြီး ဘုရားဖူးရင်း တရားနှင့် ဖြေသိမ့်ပေးနေတာ။

"လင်မယား (၂)ယောက် ရှိသတဲ့။ ယောကျ်ားက မိန်းမကို အရမ်းနှိပ်စက်တာ။ တစ်နေ့တစ်နေ့ မူးရူးလာပြီး တဗုန်းဗုန်း ရိုက်သတဲ့။ ဒါနဲ့ အဲဒီယောကျ်ား သေသွားရော ပြောပါတော့ ဟယ်။ အိမ်နီးချင်းတွေက ဒီမိန်းမတော့ ဝဋ်ကျွတ်သွားပြီပေါ့။ သူ့အစား ဝမ်းသာပေးနေကြသတဲ့။ အဲဒီလိုရှိတုန်း တစ်နေ့ အိမ်ရှေ့က အုန်းပင်က အုန်းသီးကြွေကျတယ်။ အုန်းခနဲ အသံမြည်သွားတော့ မုဆိုးမက ထငိုသတဲ့။ ရွာသားတွေက ဘာဖြစ်လို့လဲမေးတော့ သွားလေသူကြီးရိုက်တဲ့အသံနဲ့ တူလို့ လွမ်းလို့တဲ့။ ရွာသားတွေခမျာ သနားရအခက်၊ ဒေါသဖြစ်ရအခက်"

"အဲဒါ…ငါနဲ့ ဘာဆိုင်"

"ဆိုင်တာပေါ့။ နင်လည်း နင့်ယောကျ်ား ဘယ်လောက်ဆိုးဆိုး မနာနိုင်၊ မကွဲနိုင်နဲ့ သွားလေသူကြီးကို သတိရနေတာ မဟုတ်လား"

သက်ထားဝါဆို…ယဉ်ယဉ်အေးကို ကမ္ဘာကယာ တားမြစ်ပါ၏။

"အန်တီ…သွားလေသူဆိုတာ သေတဲ့လူကိုမှ သုံးရတာ အန်တီရဲ့…ဖွ…မပြောကောင်း မဆိုကောင်း အန်တီရယ်။ ဖေဖေ ဘယ်လောက်ဆိုးဆိုး သမီးတို့အတွက် ဖေဖေဟာ ဖေဖေပါပဲ။ အရိပ်တော့ ပေးပါတယ်"

"ဆောရီး…သမီး၊ အန်တီပြောတဲ့ သွားလေသူကြီးဆိုတာ တင်စားပြောတာပါ။ သမီးပြောတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး"

အားလုံးပင် အသံတိတ်သွားကြပြီး ဘုရားကို ရှိသေလေးမြတ်စွာ ရှိခိုးပူဇော်ကြသည်။ နိုင်စွမ်း အားလုံးကို နှုတ်ဆော်လိုက်ရသည်။

"ကဲ…ကဲ…စကားတွေ ဖောင်းမဖြစ်ကြနဲ့ဟာ။ အပျော်ခရီးဟာ အပျော်ခရီးနဲ့ တူပါစေ။ ငါတို့ (၂)ယောက်လုံး ဘဝကိုယ်စီနဲ့ပါဟာ။ ကိုယ့်ဘရိတ်နဲ့ကိုယ်ပါ။ ဘာမှ မစိုးရိမ်ကြနဲ့။ အေး…နင်တို့က အစိုးရိမ်လွန်ပြီးတော့ ငါတို့ (၂)ယောက်ကို သတိတွေပေးသလို စကားတွေနဲ့ ချည်ကြ၊ နှောင်ကြ၊ တားကြ၊ ဆီးကြလုပ်ရင် ငါတို့ ပိုပြီးခံစားရ၊ စိတ်မကောင်းဖြစ်ကြရမယ်။ ဘာမှမပူနဲ့…ဟုတ်ပြီလား။ အားလုံးပဲ ပျော်ပျော်ပါးပါး ရှိကြပါစေ။ ညီကရော ဘာဖြစ်တာလဲ။ ရုပ်က ကြွေတော့မယ့်ရုပ်နဲ့"





"ဘာမှမဖြစ်ပါဘူး အကိုရာ…အဟဲ"

"အေး…ပြီးရော၊ ကဲ…ဒါဆိုလည်း အားလုံး ပျော်ရွှင်တဲ့ အထိမ်းအမှတ်နဲ့ ရယ်ကြပါ။ ငါ ဓာတ်ပုံရိုက်ပေးမယ်။ စမယ်…၁…၂…၃"

"ဟား…ဟား…ဟား…ဟား"

အားလုံးပင် ရယ်မောပြကြတော့ အငိုမျက်နှာလေးနှင့် မချိတင်ကဲ ရယ်ပြရရှာသည့် ခိုင့်ရုပ်ကလေးမှာ နိုင်စွမ်းအတွက် သနားစရာ အကောင်းဆုံး ဖြစ်နေရလေသည်။

## အခန်း (၁၃)

မဒေးတောင်ပေါ်မှ ဆင်းလာကြပြီး စက်လှေပေါ်ပြန်ရောက်တော့ အားလုံးပင် ငြိမ်သက်နေကြသည်။

အခြေအနေက မုန်တိုင်းမလာခင် ငြိမ်သက်နေတာမျိုးလား။ သည်ခရီးကို ဦးဆောင်ပြီးခေါ်လာသည့် ဒေါက်တာနိုင်စွမ်း သူ့အစီအစဉ်တွေကို အပျက်မခံနိုင်ပါ။

လောကကြီးရေ…

အပူရုပ်ကို ဟန်လုပ်ပြီး…

ငါ့ကို ခေတ္တခဏတော့ ပြုံးပျော်ခွင့်ပြုပါဦး။

ငယ်ချစ်ဦးမို့ မမေ့နိုင်ပေမယ့်…





ငယ်ချစ်ဦးဟာ သနားစရာ သိပ်ကောင်းနေပေမယ့်…

ငါဟာ လှောင်အိမ်ထဲက ငှက်တစ်ကောင်ပါ။

မိသားစုဆိုတဲ့ ရွှေလှောင်အိမ်ထဲမှာ နေသားတကျ ငှက်တစ်ကောင်ပါ။

ပင်လယ်ပြာရဲ့မာယာတွေမှာ ခေတ္တပဲ ငါ ယစ်မူးမှာပါ။

အချိန်တန်ရင် အိပ်တန်းတက်တဲ့ ငှက်တစ်ကောင်လိုပဲ ငါ အိမ်ပြန်မှာပါ။

"ဟေ့…ဟေ့…ငါ့ခရီးစဉ်ကို အပျက်စီးမခံနိုင်ဘူးနော်။ ဒီလောက် ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ ပေလီကို ရောက်လာတာတောင် ပင်လယ်ပြာပြာ၊ မိုးပြာပြာနဲ့ ရခိုင်ရိုးမတောင်တန်းကြီးတွေ မြင်နေရတာတောင် မပျော်ကြဘူးဆိုရင် နင်တို့ သဘာဝမကျတာပဲ။ ပျော်…ခပျော်…မပျော်ရင် ငါ့ကို ပြန်လျော်ပေးကြ"

"လျော်စရာတော့ မရှိဘူးဟေ့…ပျော်ပဲပျော်မယ်။ ပျော်လည်းပျော်မယ်။ မ,လည်း မ,မယ်။ ဝေးဟေး…ဟေး"

ကလေးလေးတွေလို အော်ဟစ်ပြီး ရယ်မောကြ၊ သီချင်းဆိုကြ။ ယဉ်ယဉ်အေး၏သမီး သူသူအေးက က,ကြတော့မှ သူတို့စက်လှေ အသက်ဝင်လာတော့သည်။

လူကြီးတွေ အဆင်ပြေသွားကြတော့ လူငယ်တွေက တစ်မျိုး။

ရဲဒီပါ . . .

သက်ထားဝါဆိုက သူ့အနား မလာ။ သူနှင့် အဝေးဆုံးမှာ နေရာယူထားပြီး သူ့ကို အရေးတောင်မလုပ်။

ခံစားရတာပေါ့။ ရင်ဘတ်ကြီးနဲ့။

အသက် (၁၇) နှစ်တောင် မရှိသေးသည့် ချာတိတ်ရဲ့ မှောက်ချည်လှန်ချည် ခင်မင်မှုကို ဘီအီးဘွဲ့ရ နည်းပညာကျောင်းသားဟောင်းကြီးက အလူးအလဲ ခံစားရမှာတဲ့လား။

သွားစမ်းပါ . . . မိန်းမတွေများ ပေါလွန်းလို့။

သို့သော် ရဲဒီပါ ရင်ထဲပေါ့မသွား။

အချစ်က မထင်မှတ်သည့် ရှုထောင့်မှ ဝင်လာပြီး သူ့ကို အလဲထိုးလေသလား။

ချစ်ခြင်းဆိုတာ ဘယ်ကစသလဲ။

စက်လှေဦးမှာ လျှာထိုးဦးထုပ် အဖြူလေးနှင့် တီရှပ် အဝါလေးနှင့်၊ ဘောင်းဘီ ဒူးကျ၊ အနက်ကွက်လေးနှင့် အရုပ်ကလေးလို ဖြူစင်နုသစ်သည့် ချာတိတ်။

သူမရင်ထဲမှာ လေးနက်သည့် အသိ၊ အမြင်တွေရှိပေမယ့် ရုပ်ကလေးကတော့ နုဖတ်သန့်စင်နေပါသည်။

သည်လို ဖြူစင်နုသစ်မှုမျိုး သူ တစ်ခါမှ မကြုံဖူး၊ မမြင်ဖူးခဲ့ပါ။





အသားလေးဖွေးပုံက နှင်းပွင့်တွေလို၊ စံပယ်ပွင့်တွေလို။ ရုပ်ချောတာထက် ချစ်စရာကောင်းတာ။

ရှမ်းကြိုက်လို့ နှာချောတာလား။

အချစ်မျက်စဉ်းခပ်ခံရလို့ တုန့်နှိုင်းမမီ ဖြစ်သွားရတာလား။

သူလည်း လူချော၊ လူဖြောင့်ပါပဲ။

ကိုယ့်ကို ရင်မခုန်ဘူးလား ချာတိတ်ရယ်။

တစ်လမ်းလုံး ကြောင်ကလေးလို သူ့အနားမှာ ခွေလာပြီးမှ ဘုရားပေါ်မှာ သူ စကားမှားလို့ အဝေးသို့ပြေးသည့် ချာတိတ်။

သူ ဘယ်လိုဖြေဆေး ထိုးရမှာလဲ။

ဘယ်လိုပြန်ပြီး အဖတ်ဆယ်ရမှာလဲ။

ချစ်ရေးဆိုလို့ရော ယုံကြည်မှာလား။

ခုမြင်၊ ခုကြိုက်၊ ခုလိုက်၊ ခုကွဲဇာတ်လမ်းထဲ သူ့အချစ် မပါဝင်စေလို။

ရဲဒီပါ ပင်လယ်ပြာကြီးကိုသာ အငေးကြီးငေးရင်း ရင်ထဲမှာ ဆွေးဆွေးနင်နင်။

နိုင်စွမ်း ကိုယ့်ညီကိုလည်း အပျော်စည်းဝိုင်းထဲ ဆွဲသွင်းရပါ၏။

"ညကျရင် မီးပုံပွဲလုပ်မယ်။ ညီ . . . ဆိုချင်တာဆို"

"အကိုကလည်း ဂစ်တာမပါဘဲနဲ့"

"မပူနဲ့…ဒီဘန်ဂလိုပိုင်ရှင်က ဂီတသမား။ ငါတို့ကို ဟိုတစ်ခေါက်ကလည်း သူ့ဆီက ဂစ်တာငှားတီးကြတာ။ ခုလည်း ငါ ငှားပေးမယ်။ ငါက တီးမယ်။ ကျန်တဲ့သူတွေက တစ်ယောက် တစ်ပုဒ်တော့ အနည်းဆုံး ဆိုရမယ်"

"ငါတို့က (၂)ပုဒ်၊ (၃)ပုဒ် ဆိုချင်တာ။ တစ်ညလုံး ဆိုမှာ"

"အေးလေ…ပေလီလာပြီး ဘန်ဂလိုထဲ အိပ်နေရရင် ဘယ်တန်မလဲ။ အသကုန် ကဲပစ်မယ်"

"အသောက်အစားတွေတော့ မပါဘူးနော်"

"ပါတယ်၊ လက်ဖက်သုတ်နဲ့ ရေနွေးကြမ်း"

"ဟား…ဟား…ဟား…တော်သေးတာပေါ့။ ငါ့အစ်မ ပါလာလို့ ငါကလည်း မသောက်ရပါဘူးတဲ့။ ရမ်တွေ၊ ဝီစကီ တွေ"

"အကို့အိတ်ထဲမှာ ရမ်ပုလင်းတွေ တွေ့ပါတယ်ဗျ"

"ဟ…စက်လှေသမားတွေကို လက်ဆောင်ပေးဖို့ပါကွာ။ ငါ ပေးခဲ့ပါပြီ"

"သြော်…ဒါကြောင့် စက်လှေအဖွဲ့က တို့ကို ငါးသောက် ဆမ်းတွေ၊ ငါးကင်၊ ပုစွန်ကင်တွေ ကျွေးတာကိုး။ လက်စသတ် တော့"





"ဒီလိုလည်း မဟုတ်ပါဘူးဟ…တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာ၊ အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိတဲ့ ချစ်ခြင်းတရားတွေပါ"

"လာသေးတယ်…နင်ဟာလေ ငါးပိကောင်ဖြစ်တာ တောင် အမြီးလှုပ်ချင်တဲ့ကောင်"

"ဟား…ဟား…ဟား"

စက်လှေပေါ်မှာ ရယ်ကာမောကာနှင့် အပျော်ခရီးလေး အသက်ပြန်ဝင်လာမှ ဒေါက်တာနိုင်စွမ်း သက်ပြင်းချနိုင်တော့ သည်။

ကိုယ်မပျော်ပေမယ့် အားလုံးကို ပျော်ရွှင်စေချင်တာ သူ့ စေတနာပါ။

## အခန်း (၁၄)

"နားကြဦးဟော့…ဒီနေ့…တို့ လှုပ်ရှားတာ များနေတယ်။ ညနေ ပင်လယ်ရေမစိမ်နိုင်တော့ဘူး။ ညကျတော့လည်း မီးပုံပွဲ လုပ်မှာဆို"

"မီးပုံပွဲဆိုတာ ပြန်ခါနီးမှ လုပ်ရပါတယ် အကိုရ… ကျွန်တော်တို့အဖွဲ့ မနက်ဖြန်တစ်ရက် နေဦးမှာမဟုတ်လား"

"မရတော့ဘူး…ညီ၊ ငါတို့ထွက်လာတာ ရက်တွေများလှပြီ။ ငပလီကို မနေ့က လာတယ်။ သံတွဲမှာ ညအိပ်တယ်။ ဒီနေ့ည အိပ်ပြီးရင် မနက်ဖြန် (၉)နာရီလောက် ပြန်ဆင်းကြမယ်။ ခုညပဲ မီးပုံပွဲလုပ်စရာအချိန် ရှိတော့တယ်"

နိုင်စွမ်းနှင့်ရဲဒီပါတို့ စကားနိုင်လုနေကြပေပြီ။ ရဲဒီပါ မပြန်နိုင်။ လုံးဝ မပြန်ချင်သေး။





"အကို…ဘယ်လိုဖြစ်နေတာလဲ။ ကျွန်တော် ငပလီမှာနေရတာ မဝသေးဘူး။ မနက်ဖြန်တစ်ရက်မှ နေခွင့်မရရင် ကျွန်တော် ဘယ်လိုမှ တစ်ဘဝလုံး နေလို့မပျော်တော့ဘူးနော်… ဒါပဲ"

နောက်ဆုံး နိုင်စွမ်း…ရဲဒီပါကို အလိုလိုက်ရပေတော့မည်။ နောင်ခါလာ နောင်ခါစျေး ယောက်ဖဂုဏော အနန္တောပါ။

သူ ဖော်ကောင်လုပ်ပြီး မဟုတ်မဟပ်တွေ ပြောလျှင် လင်မယား ကသိကအောက် ဖြစ်မည်။

ယောက်ဖက ကိုယ့်ဘက်ပါပေမှ သူ့လူကိုယ့်ဘက်သား ဖြစ်ပါမှ သူ့အဖြစ်က သက်သာရာရမည်။

လုံ့ဖျား ပုစဉ်းနားတာနှင့် ကျီးကန်းချေးပါတာထက် ဆိုးသည့်အဖြစ်။

သေချာတွေးကြည့်လေ ကျောချမ်းစရာကောင်းလေ။

သူတို့သူငယ်ချင်းအဖွဲ့ထဲမှာ သူငယ်ရည်းစား ပါလာတာ သာ ကြည်သာချို သိသွားလျှင် ပြဿနာက မိုးမီးလောင်တာထက် ဆိုးမည့်အနေအထား။

ယောက်ဖကလည်း အရေးပါသည့်ဇာတ်ကောင်။

"အေးပါကွာ…ဒါဆိုလည်းနေပါ"

"မနက်ဖြန်ညမှ မီးပုံပွဲလုပ်တော့ အကို…ဒီနေ့ ပင်လယ်

ရေကူးကြမယ်။ ညကျရင် ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်ကြမယ်"

"အေးပါကွာ…အေးပါ"

အသီးသီးပင် ကိုယ့်ဘန်ဂလို ကိုယ်သွားကြသည်။ နိုင်စွမ်းနှင့်ရဲဒီပါက…

"ရေပြန်ချိုးမယ်၊ အဝတ်လဲမယ်၊ ညစာထွက်စားကြမယ်"

"ဟာ…ဦးဆရာ…ခုမှ (၄)နာရီရှိသေးတယ်။ ဝါဆိုတော့ ရေစိမ်ဦးမှာ"

"သမီးအသားတွေ မည်းကုန်မယ်။ ကျွဲမ ဖြစ်လိမ့်မယ်"

"ဖြစ်…ဖြစ်…ငပလီလာပြီး ပင်လယ်ရေ မစိမ်ရလို့ကတော့ ဘယ်တန်မလဲ"

"သဘောပါဗျား…ဖျားလို့ကတော့ ဦးဆရာက အပ်ကြီးကြီးနဲ့ ဆေးထိုးမှာ"

"ထိုးပေါ့…ကြောက်ပါဘူး"

ခိုင်နွဲ့ဝါတို့အဖွဲ့ ကိုယ့်ဘန်ဂလိုကိုယ် ပြန်လာကြသည်။ ယဉ်သူဇာ၊ ခင်မာလာနှင့် ယဉ်ယဉ်အေးတို့သားအမိကလည်း ပင်လယ်ရေထဲ ဆင်းမည်ဆိုတော့ ခိုင်နွဲ့ဝါပါ ဆင်းရတော့မည်။

"ရေချို မချိုးသေးဘူး၊ စောစောက ရေစိုတွေ ပြန်ဝတ်၊ ရေထဲဆင်းမယ်"





"ဝေး…ဟေး…ဟေး"

ချက်ချင်းပင် အဝတ်စိုတွေ ပြန်လဲကြပြီး ကမ်းခြေသို့ ပြန်ဆင်းကြသည်။

ငပလီမှာ ချောင်းသာလို၊ ငွေဆောင်လို၊ ဧည့်သည်တွေ မများလှပါ။

တိုးရစ်တွေနှင့် မြန်မာပြည်သားက ခပ်နည်းနည်း။

ဒါမှမဟုတ် သူတို့တည်းသည့်နေရာက တိုးရစ်တွေ၊ ငွေရှိသူတွေသာ တည်းခိုကြသည့် ဘန်ဂလိုတွေမို့ပင်လား မသိ။

"ငပလီရွာနဲ့ အများပြည်သူ အပန်းဖြေတဲ့ကမ်းခြေက ဟိုဘက်မှာ"

"သြော်…ဒီနေရာက သီးသန့်ပေါ့။ ဒါကြောင့် လူနည်းနေတာဖြစ်မယ်"

ဘန်ဂလိုတွေရှေ့ အုန်းပင်အောက်တွေမှာ ထီးနှင့် ထိုင်ခုံဝိုင်းတွေ။ သစ်သားပက်လက်ကုလားထိုင်တွေ၊ နေပူလှုန်းနေကြသည့် သစ်သားစင်တွေ အများအပြား။

"အဲဒီခုံတွေမှာ ထိုင်ရင် ငွေထပ်ပေးရတယ်။ အဲဒါ တိုးရစ်တွေ နေဆာလှုံ၊ နေပူလှမ်း၊ အပန်းဖြေနေကြတဲ့နေရာ"

"သြော်"

နေပူပူထဲ သူမတို့ကသာ အရိပ်ရှာနေတာ။ တိုးရစ်တွေက

တော့ သဲပြင်ပူပူမှာ နေပူလှမ်းနေကြ၊ သစ်သားခုံတန်းတွေမှာ နေပူလှန်းနေကြ၏။

ဘီကီနီလောက်သာ ဝတ်ထားတာမို့ မျက်စိရှက်စရာ။ သို့သော် အင်္ဂလိပ်မလေးတွေဟာ တင်တွေ၊ ရင်တွေလည်း မြန်မာမလေးတွေလို ဖွံ့ဖြိုးတာမဟုတ်။

အရပ်ရှည်ရှည်မှာ ပိန်လိုက်တာကလည်း အရိုးသာသာ။ တင်မရှိ၊ ရင်မရှိလေးတွေ။ အသားဖြူပုံကလည်း မလှ။ အသားအရေလည်း မလှရှာ။

အင်္ဂလိပ်ရုပ်ရှင်ကားထဲမှ မင်းသား၊ မင်းသမီးတွေလိုလည်း မချော၊ မလှကြပါ။

လူကြီးတွေက ဣန္ဒြေရနေကြပေမယ့် သက်ထားဝါဆိုကတော့ ငပလီပင်လယ်ကမ်းခြေ အကျယ်ကြီးကို ဖြတ်ပြေးကာ ပင်လယ်ထဲသို့ ဝုန်းခနဲ ခုန်ချလိုက်ပါ၏။

ညနေစောင်းမို့ လှိုင်းတွေက တလိပ်လိပ်။ လှိုင်းထဲမှာ ဝါဆို ကျွမ်းထိုးမှောက်ခုန်ဖြစ်နေတော့ ရဲဒီပါ သူမအနားသို့ ရောက်သွားသည်။

ရဲဒီပါလက်ထဲမှာ ဘောကွင်းတစ်ခု။

"လာ...လှိုင်းစီးနည်း...ကိုကို ပြမယ်။ လှိုင်းကို ကျောပေးထား...ပါးစပ်ထဲ ပင်လယ်ရေဝင်ရင် ခါးတယ်"





"နေ့လယ်က ပုလဲကျွန်းနားမှာ ရေကူးတော့ လှိုင်းမရှိဘူးနော်"

"လှိုင်းဆိုတာ ကမ်းစပ်ကိုပဲ ရိုက်တာလေ။ ရေလယ်ခေါင်ကျ လှိုင်းကြက်ခွပ်လေးတွေပဲ ရှိတာပေါ့"

"ဩော်"

ရိုက်ခတ်လာသည့် လှိုင်းများကို ကျောပေးပြီး လှိုင်းစီးနည်း သင်ပြပေမယ့် ဝါဆို သူ့ဘောကွင်းကို မယူပါ။

"ဝါဆို့ဘာသာ ရေထဲမှာ လှိုင်းကို ကျောပေးထိုင်ပြီး ပင်လယ်ရေစိမ်မယ်"

ကမ်းစပ်နှင့်မဝေးသည့် ရေတိမ်တိမ်နေရာမှာ လှိုင်းကို ကျောပေး၊ ကမ်းစပ်ကို မျက်နှာမူပြီး သက်ထားဝါဆို ရေစိမ်နေလိုက်သည်။

ပင်လယ်ရေဆိုတာ ဆေးဘက်ဝင်တာပေါ့။

ကမ္ဘာကြီးရေ...ကျွန်မတစ်ကိုယ်လုံးကို ပင်လယ်ရေနဲ့ ဆေးကြောပစ်လိုက်စမ်းပါ။

ခါးသက်တဲ့ လောကဓံလှိုင်းတွေကို ပင်လယ်ရေနဲ့ စီးမျောသွားပါစေ။

တကယ်ကျ သက်ထားဝါဆို ကိုကိုရဲဒီပါနှင့် တစ်တွဲတွဲ မနေချင်လို့ပါ။ ကိုယ်က မိန်းကလေး။

သူက ချာတိတ်လို့ ဘယ်လိုပင်ခေါ်ခေါ် ကိုယ်ဟာ အရွယ်ရောက်နေသည့် မိန်းမပျိုလေးတစ်ယောက်ပါ။

မေမေနှင့် အန်တီယဉ်သူဇာ၊ ယဉ်ယဉ်အေး၊ ခင်မာလာတို့ အဖွဲ့ကလည်း ဘောကွင်းမယူဘဲ ပင်လယ်ထဲမှာ ကျောက်ချထိုင်နေကြလေ၏။

ကမ်းစပ်မှာပေါ့။

လှိုင်းလုံးကြီးတွေက သူတို့ကျောကို ဗျန်းခနဲ၊ ဗျန်းခနဲ ရိုက်ခတ်သွားတော့ အခြေပျက်ပြီး ဖရိုဖရဲနှင့် လဲသွားလိုက်ကြ။ ရေက ဒူးလောက်၊ ပေါင်လောက်ပဲရှိသည့်နေရာလေးမှာ။

ပင်လယ်ရေက နက်လေ··ကြည်လေ။

ကမ်းစပ်ကတော့ နည်းနည်းရေညစ်တာပေါ့။

သက်ထားဝါဆို ရဲဒီပါ၏အနားမှာ ခွာလာခဲ့ပြီး ရေခါးလောက်ထဲသွားပြီး တဘုတ်ဘုတ် ကူးလိုက်၊ လှိုင်းလာတော့ ကျောပေးလိုက်နှင့် ငါးကလေးလို အစွမ်းကုန် ပျော်ပစ်လိုက်သည်။

ဒီကောင်မလေး အနေအထိုင် မတတ်ဘူးလို့ အပြောမခံနိုင်သလို ကိုကို အထင်သေး၊ အမြင်သေး စကားတွေ ပြောလာတာလည်း မခံနိုင်ပါ။

ထို့ကြောင့် မေမေတို့အနားမှာပဲ ပင်လယ်ရေထဲမှာ





ကျွမ်းထိုးကောင်လေးလို အားပါးတရ ပျော်မြူးကူးခပ်ပစ်လိုက်ပါ၏။

သူမတို့အဆင့်နှင့် ငပလီဆိုတာလည်း နောက်တစ်ခေါက်ထပ်ရောက်ဖို့ မလွယ်။

အားလုံးကို မေ့ပစ်လိုက်ပြီး သက်ထားဝါဆို ပြောင်းဆန်အောင် ရေကူး၊ ရေဆော့နေသည်။ သူသူအေးကလည်း (၇)နှစ်သမီးမို့ အပျော်က မသေး။

အသက်သုံးဆယ်ကျော် လူကြီးတွေတောင် ပျော်ရွှင်မြူးပျနေမှတော့···

ကလေးတွေက ရှူးမတတ် ပျော်ပစ်လိုက်တာပေါ့။

ဦးဆရာကတော့ ပင်လယ်ထဲ ခဏပဲဆင်းပြီး ဟိုး··· ဘန်ဂလိုတွေရှေ့မှာ သစ်သားပက်လက် ကုလားထိုင်ကြီးများမှာ သွားထိုင်နေပါ၏။

ညနေစောင်းပြီမို့ ပင်လယ်လေပြည်က ကလူကျီဆယ်နေပေပြီ။

ကမ်းခြေနှင့် ဘန်ဂလိုတွေကလည်း တော်တော်ကွာလှမ်းပါ၏။

သူတို့တည်းခိုသည့်နေရာက သီးသန့်ဆန်တာမို့ လူတွေကတော့ မများပါ။

ကမ်းခြေမှာ ရေစိမ်နေတာကိုက ခပ်နည်းနည်း။ ချောင်းသာလို၊ ငွေဆောင်လို လူတွေ ကြိတ်ကြိတ်တိုးမနေပါ။

"တက်ကြမယ်ဟေ့…မှောင်ပြီ"

ပင်လယ်ကြီးထဲမှ နေဝင်သွားတာ လွမ်းစရာပေါ့။ ပင်လယ်ရှုခင်းကို ပင်လယ်ရေစိမ်ရင်း ကြည့်ရတာ မည်သည့်အရသာနှင့်မှ မတူပါ။

"သမီး မတက်ချင်သေးဘူး မေမေရယ်၊ နေလုံးကြီး ပင်လယ်ထဲဝင်သွားတဲ့အထိ ကြည့်နေဦးမယ်"

"အအေးပတ်နေဦးမယ်…သမီး၊ တော်ကြာ ဒညင်းသီးဆားစိမ်၊ မရမ်းသီးဆားစိမ်လို ပြာကျော့နေဦးမယ်"

"မချမ်းပါဘူး မေမေရယ်…ပင်လယ်ရေထဲမှာ စိမ်နေရတာ နွေးနေတာပဲ"

"ကဲ…မမ…ငါတို့တော့ မတတ်နိုင်တော့ဘူး။ နင်တစ်ယောက်တည်း ကျန်ခဲ့လိမ့်မယ်"

ဆိုတော့မှ ပင်လယ်ရေထဲမှ တက်တော့သည်။ ရဲဒီပါ လှမ်းပေးသည့် မျက်နှာသုတ်စောင်ကြီးကို ခြုံပြီး သက်ထားဝါဆို ဘန်ဂလိုရောက်အောင် ပြေးတော့သည်။

ရဲဒီပါ မချင့်မရဲနှင့် ကျန်ခဲ့ရသည်။ တော်တော်ဆိုးတဲ့ ကောင်မလေး။





အချိုမခံချင်သည့် ကြောင်ကလေးလိုပဲ သူ့ကို အနားကပ်မခံတော့။ သူ စကားမှားသွားသည်ထင်ပါရဲ့။

မြီးကောင်ပေါက်သာသာ ကောင်မလေးက သည်လောက်တောင် လေးနက်ရသလား။

အားလုံးပင် ကိုယ့်ဘန်ဂလိုထဲ ကိုယ်ဝင်ပြီး ရေချိုးကြရသည်။ ခေါင်းထဲမှာ၊ လူမှာ သဲတွေ။ ပင်လယ်ရေစင်အောင်၊ သဲစင်အောင် ရေတွေချိုးရ၊ ခေါင်းလျှော်ရ၊ ပင်လယ်ရေထဲ ဆင်းခဲ့သည့်အဝတ်တွေ လျှော်ရသည်။

သူတို့အုပ်စုက (၆)ယောက်တောင်။ ရေချိုးခန်းထဲမှာ ပွတ်ကျပ်နေပြီး ရယ်စရာလည်း ကောင်း၊ ပျော်စရာလည်း ကောင်းပါ၏။

(၁)နာရီလောက်ကြာမှ သူတို့အုပ်စု ရေချိုးပြီး အလှအပ ပြင်သူက ပြင်ကြသည်။

ဘန်ဂလိုက ဒရိုင်ယာ ပေးထားသည်မို့ တော်သေး၏။ ရေစိုနေသည့် ခေါင်းတွေကို တစ်ယောက်တလဲ ခြောက်သွေ့အောင် လုပ်ရသည်။

သည်စဉ် နိုင်စွမ်းနှင့်ရဲဒီပါ ဘန်ဂလိုပေါ်သို့ တက်လာသည်။ ဝရန်တာရှိ ထိုင်ခုံများမှာ ထိုင်ရင်း…

"မြန်မြန်လုပ်ကြဟေ့…ထမင်းသွားစားရဦးမယ်။ မစား

ကြတော့ဘူးလား”

“ပြီးပြီ…ပြီးပြီ”

“မလုတဲ့သူတွေက ပိုပြင်သတဲ့။ ငါတို့…ကြည့်စမ်း၊ ဘာမှပြင်စရာ မလိုဘူး”

“နင်တို့က ယောကျ်ားတွေကိုးဟဲ့”

မိန်းကလေးတွေဆိုတော့လည်း မိန်းကလေးကိစ္စက အများသား။

ဆံပင်တွေကလည်း ရှည်၊ ခေါင်းလျှော်ထားတာတွေ ခြောက်အောင် သုတ်ရ။ သနပ်ခါး၊ မိတ်ကပ်လိမ်းကြ၊ အဝတ်လဲကြ။

နိုင်စွမ်းတို့ (၂)ယောက်ကတော့ ဘန်ဂလို ဝရန်တာမှာ စကားလှမ်းပြောရင်း သူတို့အဖွဲ့ကို စောင့်နေကြသည်။

နောက်ထပ် (၁)နာရီလောက်စောင့်မှ အားလုံး ပြီးစီးကာ ထွက်လာကြတော့သည်။

သပ်သပ်ရပ်ရပ်နှင့် အလှဆုံး ပြင်ကြတာပါပဲ။

နိုင်စွမ်း မျက်စိထဲမှာ ခိုင်က အလှဆုံး။ သနားစရာ အကောင်းဆုံးဖြစ်ပြီး ရဲဒီပါမျက်လုံးထဲမှာတော့ သက်ထားဝါဆိုဟာ ကောင်းကင်မှ ပြုတ်ကျလာသည့် နတ်မိမယ်လေး။





# အခန်း (၁၅)

စားသောက်ဆိုင်တန်းများက ပင်လယ်ကမ်းခြေမှာ။ ထီးမိုးတွေ၊ စားပွဲဝိုင်းတွေနှင့်။

ငပလီဟာ မီးတွေနှင့်တော့ ထိန်ထိန်လင်းမနေပါ။ လင်းတော့လင်းပါရဲ့။

လပြည့်ညမို့ လရောင်နှင့် ပင်လယ်တို့ အချိုးကျကျ လှနေသလား။

ဖယောင်းတိုင်တွေ အများကြီး ထွန်းထားပြီး ရိုမန့်တစ်ဆန်ဆန်။

နေ့လယ်က အရမ်းပျော်ရွှင်မြူးတူးဖွယ်ကောင်းသော ပင်လယ်ဟာ ယခုကျ လရောင်အောက်မှာ လှိုင်းငြိမ်၊ လေငြိမ်ပြီး အရောင်တလက်လက်နှင့် ဣန္ဒြေကြီးရင့်နေလေရဲ့။

ကြည်နူးဆွတ်ပျံ့ဖွယ်လား၊ လွမ်းမောဖွယ်လား။

ဖယောင်းတိုင်မီးများနှင့် ပင်လယ်ကမ်းခြေမှ ငပလီညက မှော်ဆန်နေသလိုလို။

“ကဲ…ဘာစားကြမှာလဲ”

“သင့်တော်သလိုသာ မှာပါဟာ…ငါတို့တွေက တစ်လ တစ်သိမ်းခွဲလောက်ရတဲ့ တစ်နေ့ ငါးထောင်လောက်နဲ့ တစ်မိသားစု လုံးလောက်အောင် စားရတဲ့ တောကျောင်းဆရာမတွေပါ”

“လာပြီ…မဆိုင်တာတွေ မပြောနဲ့။ ငါက အားလုံးကို ပျော်စေချင်၊ စိတ်ကျေနပ်စေချင်တာ”

“သြော်…ငါတို့အလိုဆို ဒီလိုဆိုင်မျိုးလည်း ဝယ်မစားနိုင် ဘူး။ ဘန်ဂလိုလည်း မတည်းနိုင်ဘူးလို့ ဆိုချင်တာပါ”

“ကဲ…ကဲ…ငါပဲ ကြည့်မှာလိုက်မယ်”

အစားအသောက် စာရင်းစာအုပ်ကို ယူကြည့်ပြီး နိုင်စွမ်းနှင့် ရဲဒီပါ ကောင်းနိုးရာရာလေးများကို မှာရသည်။

စားသောက်မည့် ကပ်စတန်မားမှာခါမှ စတင်ချက်ပြုတ် ကြော်လှော်တာမို့ စကားပြောရင်း တစ်နာရီကျော်လောက် စောင့်





နေကြရသည်။

ကမ်းခြေမှာရှိသည့် စားသောက်ဆိုင်တန်းများက ဈေးတန်း လေးသဖွယ်။

ပင်လယ်ရောင် နက်ပြာပြာကိုငေးရင်း၊ ကောင်းကင်ကို ငေးရင်း၊ ပင်လယ်လေညင်းနွေးနွေးကို ခံစားရင်း စကားတွေ ပြောကြရ၊ တစ်ယောက်မျက်နှာ တစ်ယောက်ငေးကြရသည့်ညမို့ တစ်သက်မမေ့နိုင်။

ည (၈)နာရီကျော်၊ (၉) နာရီလောက်ကျမှ မှာထားသည့် အစားအသောက်တွေ ရောက်လာပြီး ထမင်းဖြူနှင့် စားကြရသည်။

သဏ်ထားဝါဆိုကတော့ ရဲဒီပါ ထည့်ပေးသည့် ရခိုင်ဟင်း၊ ပင်လယ်ဟင်းတွေကို နည်းနည်းစီ စားကြည့်ရင်း သူမ ပါးစပ်ထဲ မှာ ခံတွင်းမတွေ့။

ကြက်သောက်ဆမ်း၊ ငါးသောက်ဆမ်း၊ ငါးကင်၊ ပုစွန်ကင် လေးတွေကမှ တန်ဖိုးနည်းပြီး စားလို့ကောင်းသေးသည်။

ဦးဆရာ ငွေရှင်းတော့ ဝါဆို ကြားထဲမှ နှမြောလိုက်တာ။

ဘာမှလည်း စားမကောင်းဘဲနှင့် ဈေးကလည်း ကြီးသေး။

သူမတို့လို အခြေခံလူတန်းစားတွေအတွက် တစ်လလောက် ချွေတာစားလို့ရသည့်ငွေကို ဦးဆရာက တစ်ထိုင်တည်း ရှင်းပေး

လိုက်ရတော့ သူမ အားတွေနာနေပါ၏။

စားသောက်ပြီးကြတော့ ကမ်းခြေမှာ လမ်းလျှောက်ပြီး သူတို့အုပ်စု ဘန်ဂလိုများသို့ ပြန်ခဲ့ကြသည်။

ဘန်ဂလိုပေါ်မှာ လူကြီးတွေ စကားပြောနေကြပေမယ့် ဝါဆိုကတော့ အတွင်းခန်းထဲမှာ မောမောပန်းပန်းနှင့် သိုးနေအောင် အိပ်ပစ်လိုက်တော့သည်။

နောင်ခါလာ နောင်ခါဈေးပေါ့နော်။

* * *

နိုင်စွမ်းနဲ့ခိုင်···

သူများတွေ အခန်းထဲဝင်ကုန်ကြပေမယ့် သူတို့ (၂)ယောက်ကတော့ စကားတွေ ပြောလို့မကုန်။

ငယ်ချစ်ဦးတွေဆိုပေမယ့် မဖွယ်မရာ၊ မတော်တရော်တွေ စိတ်တောင်မကူးပါ။ သည်လိုပဲ···ဘန်ဂလိုပေါ်မှာ၊ ဝရန်တာမှာ စကားတွေ ပြောနေမိကြတာ။

ချစ်စကား၊ ကြိုက်စကားတွေလည်း မဟုတ်ရပါဘူး။ တစ်ယောက်အကြောင်းတစ်ယောက် ပြောနေမိတာလား။ ကိုယ့်ဒုက္ခ၊ သူ့ဒုက္ခတွေ ရင်ဖွင့်နေမိကြတာလား။

စကားတွေတော့ ပြောနေမိကြတာပါပဲ။ လသာညလေးကို





အိပ်မပစ်ချင်ဘူး။

ပင်လယ်ကို လွမ်းလွမ်းဆွေးဆွေးကြည့်ရင်း လှိုင်းပုတ်သံလေးတွေကို နားဆင်ကြမယ်။

ချစ်စကားတွေ မဟုတ်ပေမယ့်···

အကြင်နာစကား၊ သံယောဇဉ် မကုန်သည့်စကားတွေလား။

ကိုယ့်သား၊ ကိုယ့်သမီး···

သူ့သား၊ သူ့သမီးအကြောင်းတွေလည်းပါရဲ့။

ကိုယ့်ဇနီးအကြောင်း၊ သူ့ခင်ပွန်းအကြောင်း···

ရင်ထဲမှာတော့ နင့်နေတာပဲ ခိုင်ရယ်···

လွန်ခဲ့တာကို အသည်းနာတာလည်း မဟုတ်ပါဘူး။

ငါတို့···အချစ်ကို မေ့ခဲ့ကြတယ်။

ကိုယ့်ဘဝ၊ ကိုယ့်လမ်းကို နင် မပါဘဲနဲ့ မေ့မေ့လျော့လျော့ လျှောက်ခဲ့မိတယ်။

ငါ ပျော်တယ်လို့ ထင်ခဲ့မိပါတယ်။

ငါ မညာပါဘူး ခိုင်ရယ်···

ငါ့ဘဝ အထိုက်အလျောက်တော့ ပျော်တယ်ထင်ခဲ့မိပါတယ်။

နင်သာ အဆင်ပြေနေမယ်ဆိုရင်···

နင်သာ ပျော်ရွှင်နေမယ်ဆိုရင်···

ငါ ခုလို ခံစားနေမိမှာ မဟုတ်ပါဘူး။ ငယ်သူငယ်ချင်း၊ ငယ်ချစ်ဦးလေးအတွက် ငါ ကျေနပ်နေမိမှာ။ မုဒိတာပွားနေမိမှာပါ။

(၂) ယောက်သား စကားတွေ ဆွံ့အသွားကြပြီး ဘန်ဂလိုကြား၊ အုန်းပင်တွေကြားမှ ပင်လယ်ကို အငေးကြီး ငေးနေမိပြန်သည်။

"အိပ်မှထင်တယ်…ခိုင်၊ သူတို့တွေ အိပ်ကုန်ကြပြီ။ တော်ကြာ မဖွယ်မရာတွေ တွေးနေကြလိမ့်မယ်"

"နင် ပြန်ပေါ့…ခိုင် နေဦးမယ်၊ ပင်လယ်ရဲ့မာယာကို ရင်ထဲမှာ စိမ့်ဝင်သွားတဲ့အောင် ကြည့်ဦးမယ်။ တစ်သက်လုံး သတိရနေအောင်"

"ပင်လယ်က နေ့ဘက်မှ မြင်မြင်ထင်ထင်နဲ့ ပိုလှတာ မဟုတ်လား"

"နေ့ဘက် ပင်လယ်ရဲ့အလှနဲ့ ညဘက်အလှက ဘယ်တူမလဲ။ နေ့ဘက်အလှက ပျော်ရွှင်ကြည်နူး တက်ကြွဖွယ်ကောင်းပြီး ညအလှကတော့ ဆွတ်ပျံ့တိမ်းမူးဖွယ် ကောင်းတယ်။ အလွမ်းဓာတ်ခံရှိသူတွေအတွက် ပင်လယ်ကြီးနဲ့အပြိုင် ရင်ထဲမှာ ပြောင်းဆန်စေတယ်"

"ဒီဘဝ၊ ဒီအခြေ၊ ဒီအရွယ်တွေရောက်မှတော့ သတိ၊





အသိနဲ့ ခံစားချက်တွေကို ထိန်းရမှာပေါ့…ခိုင်ရယ်။ ကိုယ့်ကြောင့် ခိုင် ခံစားရတယ်၊ ပင်ပန်းရတယ်ဆိုရင် ခွင့်လွှတ်ပါနော်။ တောင်းပန်ပါတယ်"

"လူရယ်လို့ဖြစ်လာရင် မသင့်တော်တာတွေ၊ စည်းတွေ၊ ဘောင်တွေကို ငါ နားလည်ပါတယ်။ နိုင်ရယ်…ဒါပေမဲ့ စိတ်ထဲအထိတော့ နင် မကန့်သတ်ပါနဲ့၊ မချုပ်ချယ်ချင်ပါနဲ့။ ကဲ… သွားပေတော့၊ ပြန်ပေတော့နော်"

ခိုင် မျက်ရည်ပြည့်သော မျက်လုံးများနှင့် နိုင်စွမ်းကို ပြန်ခိုင်းလိုက်ပါသည်။

ငါ ငိုချင်တာ နင့်ကိုလွမ်းလို့ထက် ငါတို့ဘဝ၊ ငါတို့အခြေအနေ၊ အနေအထားတွေကို ဆွေးတာပါ။

တစ်မျိုးမထင်ပါနဲ့ နိုင်စွမ်းရယ်။

"နင်လည်း အိပ်တော့…ခိုင်၊ မနက်ဖြန်တစ်နေ့ ငပလီမှာ နေဦးမယ်။ ညကျတော့ မီးပုံပွဲလုပ်မယ်။ ဘဝမှာ အတတ်နိုင်ဆုံး ငါတို့ ပျော်ရွှင်စရာလေးတွေ အမှတ်ရစေရမယ်"

"အေးပါ…ငါ နင့်စကား နားထောင်ပါ့မယ်။ ငါ အိပ်ပါ့မယ်"

"နင်…ဝင်တော့၊ နင်ဝင်ပြီးမှ ငါ ပြန်မယ်"

ခိုင် ဘန်ဂလိုအခန်းထဲသို့ ဝင်ခဲ့ပြီး သမီး၏ဘေးမှာ

လဲလျောင်းလိုက်သည်။ ဘန်ဂလိုပေါ်မှ ဆင်းသွားသည့် သူ့ခြေသံများကို နားထောင်ရင်း…

နိုင့်မျက်ရည်တွေ တသွင်သွင် စီးကျနေခဲ့သည်။





# အခန်း (၁၆)

ရဲဒီပါ…

ဖုန်းပွတ်နေရင်း မျက်လုံးပြူးသွားသည်။ သူတို့အုပ်စုထဲမှ အင်တာနက်တင်သည့်ပုံတွေ။

အုပ်စုလိုက်ပုံတွေရော၊ တစ်ယောက်ချင်း အလှပုံတွေရော။

ပြဿနာပဲ။ သူ့အစ်မသာ မြင်ရင် မိုးမီးလောင်လိမ့်မယ်။

သူ့အစ်မလောက် ယောကျ်ားကို သဝန်တိုတာ၊ ဓီဇာကြောင်တာ ရှိမည်မထင်။

ဘုရား၊ သိကြား မ,လို့ ဘာပြဿနာမှ မပေါ်ပါစေနှင့်။

သူက ဆုတောင်းနေပေမယ့် သူ့ယောက်ဖတော်က မျက်နှာချင်းဆိုင် ဘန်ဂလိုမှာ ငယ်ချစ်ဦးနှင့် မျက်နှာချင်းဆိုင်ပြီး စကားတွေ ပြောနေတုန်း။

မဖွယ်မရာ မဟုတ်ပေမယ့် တစ်ယောက်နှင့်တစ်ယောက် ဆွေးညို့သော မျက်ဝန်းများနှင့် ကြည့်နေကြမှာတော့ အသေအချာ။

ငါတော့ ကိုယ်ဖော်တဲ့ဆေး၊ ကိုယ်ကုန်အောင်စားနိုင်ပါ့မလား။

သည်စဉ် သူ့အစ်မထံမှ ဖုန်းဝင်လာသဖြင့် ရဲဒီပါ မျက်လုံးပြူးသွားရ၏။

ငါတော့ ကြားညပ်တော့မှာပဲ။

ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေစာပင် ဖြစ်တော့မှာပဲ။

"ဟလို"

"ဒီပါ…နင့်အစ်ကိုရော"

"သူ့သူငယ်ချင်းတွေနဲ့ စကားပြောနေတယ်"

"သူ့သူငယ်ခင်းတွေက မိန်းမတွေလား၊ ယောကျ်ားတွေလား"

"မမကလည်း ရစ်ပြီ…အုပ်စုလိုက်ပဲဗျ"

"ဒါဆို သေချာပြီ၊ မိန်းမတွေပဲ ဖြစ်ရမယ်။ ဒီပါ သူ့ကို ဖုန်းပေးလိုက်စမ်း။ ငါ စကားပြောမလို့"

"အစ်မဘာသာ သူ့ဖုန်းကိုခေါ်လေ။ ဘာဖြစ်လို့ ကျွန်တော့်ကို ရစ်နေတာလဲ"





"ခေါ်မရလို့ပေါ့…ဆက်သွယ်မှုပြင်ပရောက်နေလို့"

"အစ်မနော်…သူ့မှာ သိက္ခာရှိတယ်။ အစ်မ အရှက်မခွဲနဲ့။ အကို့ခမျာ ငွေရှာရတာ ပင်ပန်းလှပါတယ်။ နားပါစေ၊ ပျော်ပါစေ"

"အောင်မယ်…နင်က သူ့ဆီက ရှေ့နေခ ဘယ်လောက်ရနေလို့လဲ။ နင်နော်…သေမယ်"

"တော်ပြီဗျာ…အစ်မဘာသာ လုပ်ချင်သလိုလုပ်၊ ကိုယ့်ယောကျ်ား ဂုဏ်သိက္ခာမှမထောက်…လုပ်ချင်သလိုလုပ်။ ကျွန်တော် အိပ်တော့မယ်"

တစ်ဖက်မှ သူ့အစ်မ ဒေါသူပုန်ထနေစဉ် ရဲဒီပါ ဖုန်းကို ပိတ်လိုက်သည်။

ဘုရား…ဘုရား…ဒါတောင် တို့အုပ်စု ကဲနေတဲ့ပုံတွေကို ငါ့အစ်မ မြင်ပုံမရသေးဘူး။

မနက်ဖြန် ပေလီမှာ နေရမှာတောင် မျက်ခုံး ခပ်လှုပ်လှုပ်။

မနက်ဖြန် ဘယ်သွားမလဲ၊ ဘာလုပ်မလဲ။ မနက်စောစော လမ်းလျှောက်မယ်။ နေပူလာတော့ ရေကူးမယ်။

နေ့လယ်မှာ အုန်းပင်အောက် ကုလားထိုင်တွေမှာ ထိုင်ပြီး လေညင်းခံမယ်။

ညနေ တစ်ခါ ပင်လယ်ထဲ အဝေနေ…

ညကျ မီးပုံပွဲလုပ်…

နောက်နေ့ ပြန်ကြတာပေါ့။

အင်း…မနက်ဖြန် အစီအစဉ်တွေထဲမှာ သက်ထားဝါဆိုကို ချော့ဖို့လည်း ပါသည်။

ဘာပဲဖြစ်ဖြစ် ကောင်းသောခွဲခွာခြင်းနှင့်ပဲ ခွဲခွာချင်သည်။

အသက်ရှည်ရှည်၊ ခင်ခင်မင်မင်နှင့် ချာတိတ်ကို သူ သံယောဇဉ်တွေ တစ်ထမ်းကြီး ပေးချင်သည်။ နှောင်ဖွဲ့ချင်သည်။

သြော်…ဒုက္ခ…ဒုက္ခ…

ဇာတ်လမ်းက ဘယ်လိုတွေ ဖြစ်လာဦးမည် မသိတော့ ပါချေ။

* * *

ပေလီကမ်းခြေမှာ လမ်းလျှောက်ဖို့ ရဲဒီပါ နံနက် (၆)နာရီမှာ ဝတ်စုံပြည့်နှင့် ဘန်ဂလိုထဲမှ ထွက်လာခဲ့သည်။

ဘယ်သူတွေ ဘာဖြစ်နေနေ ကိုယ်ကတော့ ရောက်တုန်းရောက်ခိုက် ပေလီ၏အရသာကို အမိအရ ယူရမည်။

ပင်လယ်ပြာကြီး၏ ဖမ်းစားမှုကို နေ့တိုင်း ခံချင်လို့လည်း ရတာမဟုတ်။ ရောက်တုန်းလေး ပေလီ၏ ရသ၊ ပင်လယ်ပြာ၏ ရသကို ယူရတာ။





ရဲဒီပါအသွင်က ဝတ်စုံပြည့်။ ဘောင်းဘီရှည်နှင့်အင်္ကျီ၊ ဂျာကင်တို့က အားကစားဝတ်စုံ၊ ထရပ်ဆု အပြာနှင့်အဖြူကြား လေး။

ခေါင်းမှာ လျှာထိုးဦးထုပ်အဖြူ။ သူ ချာတိတ်ကို သွားနိုး ပြီး လမ်းအတူလျှောက်ဖို့ စိတ်ကူးလိုက်သဖြင့် သူတို့ ဘန်ဂလို ဘက်သို့ သွားလိုက်သည်။

သူ ဘန်ဂလိုရှေ့ရောက်သည်နှင့် သက်ထားဝါဆို ဝတ်စုံ ပြည့်နှင့် ထွက်လာသဖြင့် အံ့ဩသွားရသည်။ ဒါဟာပဲ စိတ်ချင်း ဆက်နွယ်တယ်ခေါ်လေမလား။

"ချာတိတ်…လမ်းလျှောက်ဖို့ လာခေါ်တာ"

"ဝါဆိုက ပြေးမှာ"

"အိုကေ…ကိုကိုလည်း ပြေးမှာပေါ့"

ဝါဆို့အသွင်က ဘောင်းဘီတူးအုပ်ကွာတား အနက်လေးနှင့် တီရှပ်အဖြူ။ ဦးထုပ်က အနက်။

ရှိတာလေး ဝတ်ထားရပေမယ့် ပေလီ၏ နံနက်ဦးမှာ နဖတ် ပြီး ဝင်းပဖြူနေသည့် ချာတိတ်အသွင်က ကမ္ဘာကျော် ကျောက်ဆစ်ရုပ်လေးနှယ်။

ကမ္ဘာကျော်ပန်းဖူးလေးပေါ့။

"မရဘူး…ဝါဆိုတစ်ယောက်တည်း ပြေးမှာ"

"စိတ်မချပါဘူး၊ တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့ ဘယ်လိုလုပ်မလဲ"

"ဦးဆရာပြောတော့ ငပလီမှာ အန္တရာယ်မရှိဘူးဆို… ရေခွေးစီးကြောင်း ပတ်ထားတယ်ဆို"

"ရေခွေးစီးကြောင်း ပတ်ထားတော့ ရေသတ္တဝါတွေကာကွယ်ပေးမှာပေါ့။ ကုန်းသတ္တဝါတွေရဲ့ရန်က ဘယ်လိုလုပ်ပြီး ကာကွယ်ပေးနိုင်မလဲ။ ခေတ်ကြီးက မဖွယ်မရာတွေ များပါဘိ။ သက်ငယ်မုဒိမ်းတွေကလည်း တစ်နိုင်ငံလုံးမှာ ကျော်မကောင်း ကြားမကောင်း"

"ဒီငပလီမှာ လူယုတ်မာတွေ မရှိပါဘူး"

ဘန်ဂလိုရှေ့မှာ စကားရပ်ပြောနေကြတာတော့ မဟုတ်။ ဘန်ဂလိုလမ်းလေးမှတစ်ဆင့် ကမ်းခြေသဲသောင် ဖွေးဖွေးလွလွတွေဆီ ထွက်လာရင်း စကားတွေ များနေရတာ။

"ဘယ်ပြောလို့ရမလဲ။ ဌာနေတွေက ယဉ်ကျေးလည်း အနယ်နယ်အရပ်ရပ်က လူလွန်မ,သားတွေ ရောက်လာကြုံလာရင် ဘယ်လိုလုပ်မလဲ။ ဒီတော့ ကိုကိုနဲ့ပဲ အတူပြေး"

"ပြေးချင်ပါဘူး…တော်ကြာ အန်တီတို့၊ မေမေတို့က ကိုကိုနဲ့ ချိန်းပြေးတယ်ပြောကြမှာ"

ပြောပြောဆိုဆိုနှင့်ပင် သောင်ပြင်ဖွေးဖွေး၊ သဲကျစ်ကျစ်





လေးတွေပေါ် သက်ထားဝါဆို စတင်ပြီး ပြေးပါလေ၏။

ဖိနပ်ပြုတ်မှာစိုးလို့ ဖိနပ်အပါးလေးကိုချွတ်၊ ခါးကြားထိုးပြီး လျှောက်ပြေးနေပုံလေးကြောင့် ရဲဒီပါ ရယ်လည်း ရယ်မိ၊ ချစ်စနိုးလည်း ဖြစ်ရသည်။

ဥစ္စာခြောက်တာ၊ သူ့ဖိနပ်ကလေး သူခိုး ခိုးခံရမှာလည်း စိုးသေး။

ရဲဒီပါလည်း သူ့နောက်မှ ပြေးလိုက်ရတာပေါ့။ သူမက ခွေးပေါက်လေးလို ဘယ်လောက်ပဲ ရန်လိုနေနေ၊ စွာနေနေ ကိုယ်က ချစ်မိသူ၊ စိုးရိမ်မိသူပီပီ စောင့်ရှောက်နေရမှာပါပဲ။

ဝါဆိုကတော့ သူတစ်ယောက်တည်းရှိသည့်အလား သောင်ပြင်ကျယ်ကြီးမှာ လျှောက်ပြေးနေလိုက်တာ…ပီဘိကလေးနှယ်။

အားကစားသမားတွေ ပြေးနည်းမျိုးမဟုတ်။ ကလေးတွေပျော်လို့ လျှောက်ပြေးပုံ။

ခေါင်းလေးမော့၊ အသံတွေဘာတွေထွက်ပြီး ဒီထိုးသလိုစိတ်လွတ်လက်လွတ် လျှောက်ပြေးနေသည့် ကလေးမအနားသူ့မှာတော့ ကလေးထိန်းလို တကောက်ကောက် လျှောက်လိုက်နေရပါသည်။

နာရီဝက်လောက်ပြေးပြီးမှ သူတို့ (၂)ယောက် ဈေးဆိုင်၊

စားသောက်ဆိုင်များရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။

ထွက်လာတယ်ဆိုတာကလည်း သူကသာ ချာတိတ်လက်ကို တရားခံဆုပ် ဆုပ်လာခဲ့ရတာပါ။

(၂)ယောက်သား လက်ဖက်ရည်၊ မုန့်၊ ရခိုင်မုန့်တီတွေရောင်းသည့်ဆိုင်မှာဝင်ပြီး စားသောက်ကြသည်။

ဆိုင်ကလေးထဲမှာ အေးအေးချမ်းချမ်း။

ငပလီသည် ပြည်မက မြို့တွေလို လူတွေ ကြိတ်ကြိတ်တိုးပြီး ရှုပ်ပွမနေပါ။

သဘာဝအလှအပတွေလည်း မပျက်စီးသေး။ အစစအရာရာအေးချမ်းနေပါသေးသည်။ သာသာယာယာပါပဲ။

ရင်ထဲမှာ ငြိမ်းချမ်းနေစေသည့် ငပလီ။ သူများတွေ ပြောနေသည့် ရှိုဟင်ဂျာတွေ၊ ဘင်္ဂါလီတွေလည်း မတွေ့ရပါ။

ရခိုင်တွေဟာ အမျိုးချစ်စိတ် ပြင်းထန်သည်မို့ သည်နယ်တစ်ဝိုက်တွေမှာတော့ ဘင်္ဂါလီတွေ မမြင်ရသေး။

ရခိုင်လူမျိုးတွေပဲ အများအပြား။ လက်ဆောင်ပစ္စည်းရောင်းသည့် ဆိုင်တွေမှာလည်း ဌာနေလူမျိုးတွေသာ အများအပြား။

"ဈေးဝယ်မလို့လား ကိုကို…ဝါဆို့မှာ ပိုက်ဆံမရှိဘူးနော်။ ကြည့်ရုံတော့ ရတယ်။ ကြည့်ရုံနဲ့တော့ ရိုက်မလွှတ်ပါဘူးနော်"

"ကိုကို ချေးမယ်။ ဘန်ဂလိုရောက်တော့မှ ပြန်ပေးပေါ့"





တကယ်က ရဲဒီပါ စ,နေတာပါ။ ဒါကိုပဲ ချာတိတ်က သူ့ကို ပြောလိုဆိုလိုက်တာ သာလိကာမလေးအတိုင်း။ စွာတေးမလေး။

"လူကိုများ ကိုကိုတို့လို သူဌေးတွေ မှတ်နေသလား။ ဒီငပလီတောင် ကိုကိုတို့…ဦးဆရာတို့ခေါ်လို့ ရောက်ရတာ။ ဘန်ဂလိုမှာလည်း မရှိဘူး။ ဘယ်မှာမှ ဝါဆို့မှာ ပိုက်ဆံမရှိဘူး။ ဝါဆို့မှာမရှိလို့ မေမေ့မှာ ရှိမလားမမေးနဲ့။ မေမေ့မှာလည်း မရှိဘူး"

"ဖေဖေ့မှာရော"

ရဲဒီပါ ရုပ်တည်ကြီးနှင့် စ,နေတာပါ။ လက်ဆောင်ပစ္စည်းတွေ ရောင်းသည့်ဆိုင်ထဲမှာ အရုပ်ကလေးတွေ လျှောက်ကြည့်ရင်းပေါ့။

ရင်ထဲမှာတော့ ချမ်းချမ်းမြေ့မြေ့။

ဝါဆို ရန်တွေ့နေပုံလေးက ချစ်စဖွယ်။

တစ်သက်လုံး တကျက်ကျက်နဲ့ ရန်ဖြစ်သွားချင်လိုက်ပါဘိ။

ခွေးအမွှေးပွလေးကို ခါးထိလိုက်၊ ခေါင်းတို့လိုက်နှင့် စနည်းမျိုး။ ခွေးလေးက ချစ်စရာအသံလေးနှင့် မာန်ဖီတာမျိုး။

"ဖေဖေ့မှာလည်း မရှိဘူး။ လစာထုတ်ရင် အကြွေးတွေဆပ်…နောက်…တစ်လလုံး အကြွေးတွေ ထပ်ယူ၊ အရက်

သောက်တာကအစ အကြွေး၊ လကုန်တော့ ထိုးဆပ်၊ ဖေဖေ့အရက်တွေကလည်း ဈေးကြီးပါတယ်လေ။ တစ်ပုလင်း… တစ်ပုလင်းဆို ထောင်ချီ၊ သောင်းချီပြီး ပေးရတယ်။ သူတို့ဆိုင်တစ်ခါထိုင်ရင် သောင်းဂဏန်းလောက် ရှင်းရတာ"

"ဝါဆို့ဖေဖေက အရက်ကျသောက်ပစ်တယ်။ သားသမီးတွေကျ မထောက်ပံ့ဘူး။ ဝါဆို ဖအေကို စိတ်မနာဘူးလား"

ဒါလည်း ဝါဆို့စိတ်ကို သိချင်လို့ စမ်းသပ်တာပါ။ အတွေးအခေါ် ခံယူချက်လေး။

ရဲဒီပါ…ဝါဆို မက်မက်မောမော ကြည့်သည့် ကိုင်ပြီး တမေ့တမော ဖင်ပြန်ခေါင်းပြန် ကြည့်နေသည့် ခရုရုပ်ကလေးများ၊ ခရုပုတီးလေးများကို ကောက်ယူသည်။

သည်တော့လည်း သူမက မကြိုက်။

"ကိုကို မဝယ်နဲ့နော်၊ ဝါဆို မယူဘူး။ မမြင်ဘူးလို့ ကြည့်တာ"

"ဘာဖြစ်လဲ…ဝါဆိုရဲ့၊ ကိုကိုက ဈေးဝယ်တာ ဝါသနာပါတယ်။ ဈေးဝယ်ရရင် ပျော်နေတာပဲ"

"ဒါဆိုရင်တော့…ဝယ်၊ ရန်ကုန်ကျ ကိုကို့ friend တွေကို ပေးပေါ့"

"ဒါ…ကိုကို့အကြောင်းပါ။ ဝါဆိုက ကူရွေးပေး"





ဆိုင်ထဲမှာ ဈေးဝယ်ကြသည်။ နောက် ဖန်စီပုလဲလေးတွေ။ လည်ဆွဲ၊ လက်ကောက်၊ ဝမ်းဆက်မှ တစ်သောင်းခွဲ။ တစ်သောင်းနှစ်ထောင်။

ရွှေရောင်နှင့်ငွေရောင်။ သက်ထားဝါဆို မိန်းကလေးပီပီ ကိုင်ကြည့်ပြန်၏။ နောက်…ပြန်ချ။ ရဲဒီပါက ဝယ်ဖို့လုပ်ပြန်သည်။

"ကိုကို…မဝယ်နဲ့နော်။ ဝါဆိုက လှလို့ကြည့်တာ"

"အေးပါ…ကိုကိုကလည်း ဝါသနာပါလို့ဝယ်တာ"

ရွှေရောင်ပုလဲရော၊ ငွေရောင်ပုလဲပါ နှစ်ဆက်ကို ရဲဒီပါ ဆစ်စွက်ပြီး ဝယ်သည်။

သူက မေမေနှင့်၊ အစ်မတွေနှင့် ဈေးဝယ်တိုင်း ပါနေကျမို့ ဈေးလည်း ဝယ်တတ်သည်။ ဈေးလည်း ဆစ်တတ်ပါသည်။

ခရုအရုပ်တွေ၊ ပုလဲတွေ၊ ခရုပုတီးတွေ ဝယ်ပြီးတော့ (၂)ယောက်သား အုန်းပင်ရိပ်တစ်ခုမှာ ထိုင်ပြီး ပင်လယ်ကို ငေးကြပြန်သည်။

နံနက် (၇) နာရီခွဲကျော်ပေမယ့် နေခြည်နုက အုန်းပင်ရိပ်သို့ ကြားမတိုး။

လေပြည်ညင်းလေးနုနုနှင့် ဘဝက အသာယာဆုံးအချိန်။ ဘန်ဂလိုကို လှမ်းပြီး ဖုန်းဆက်ထားပြီးသားမို့ ရဲဒီပါတို့ အေးအေး

ဆေးဆေး။

လူကြီးတွေလည်း စားစားသွားသွား၊ နားနားနေနေ လမ်းလျှောက်နေတာ လှမ်းမြင်နေရပါ၏။

ရဲဒီပါ စကားတွေ ဆက်ပြောပါ၏။ အင်တာဗျူးလိုပေါ့။

“ဝါဆို့ဖေဖေက မိသားစုအပေါ် ဘာတာဝန်တွေယူသလဲ ဟင်…လစာပြန်မပေးဘူးဆိုတော့ အန်တီကို သနားလို့ပါ”

“သြော်…ဖေဖေက နေပြည်တော်မှာ တာဝန်ကျနေတာလေ။ နေပြည်တော်မှာက စားရသောက်ရတာ အစစအရာရာ ဈေးကြီးတယ်။ ဖေဖေက အော်ဆိုက်တွေ၊ လိုင်းကြေးတွေလည်း မရတော့ သူ့လစာက တစ်ယောက်စာပဲ ရှိတော့တာပေါ့။ ဝါဆို့ဆီ ပြန်လာရတဲ့ စရိတ်ရယ်၊ ကလေးတွေ မုန့်ဖိုးပေးတာရယ်နဲ့ သူ့ဘာသူတောင် အကြွေးတင်နေသတဲ့”

“ဝါဆို့ဖေဖေကို စိတ်မနာဘူးလားဟင်”

‘နာပါဘူး၊ ဘာနာစရာရှိသလဲ။ ဖေဖေလည်း အစက မေမေနဲ့၊ ဝါဆိုတို့နဲ့ အတူနေတုန်းက ဒီလိုပဲ လုံးလည်ချပ်ပြားနဲ့ ရှာကျွေးခဲ့သားပဲ။ အခု နေပြည်တော်ရောက်တဲ့ (၅) နှစ်လောက်ကျမှ ဖေဖေ့လုပ်စာ မစားရတော့တာပါ။ ခု…ဝါဆိုတို့နေတာ ဖေဖေ့ဘက်က အိမ်လေ။ အရိပ်ပေးတယ်။ ဖေဖေ့အရှိန်နဲ့ နေရစားရတာပေါ့။ မိဘက ဒီအရွယ်ထိ ကျွေးမွေးစောင့်ရှောက်ခဲ့ပြီး





ဲလေ။ ဝါဆိုတို့ ကိုယ့်အားကိုယ်ကိုးပြီး မိဘကို ပြန်ကြည့်ရမှာပေါ့”

“ကောင်းပါတယ်လေ…ကျောင်းတော့ ဆက်မတက်ဘဲ ဘာတွေလုပ်စားဦးမလို့ မသိဘူး”

“ကျောင်းပညာ၊ အတန်းပညာဆိုတာ အများကြီးတတ်ရင်တော့ ကောင်းတာပေါ့လေ။ မစားရတဲ့ စပျစ်သီးမို့ ချဉ်တယ်လည်း မပြောရက်ပါဘူး။ ဝါဆိုတို့ ကိုယ့်ဘဝကိုယ် အဆင်ပြေအောင် လျှောက်ရမှာပေါ့”

“ခု…ဘာတွေလျှောက်ထားလဲ။ ကျောင်းတက်ဖို့”

“ပညာရေးကောလိပ်၊ သားဖွား၊ သူနာပြုတွေ လျှောက်ထားတယ်။”

“ဝါဆို့အမှတ်က အများကြီးလေ၊ ပညာရေးတက္ကသိုလ်တို့၊ သူနာပြုတက္ကသိုလ်တို့ တက်ပါလားကွာ”

“ဝါဆို့ဘဝက အဲဒါတွေတောင် တက်ချင်မှ တက်ရမှာ။ ရန်ကုန်က အစ်မဝမ်းကွဲတွေဆီသွားပြီး သူတို့အလုပ်တွေ ကူလုပ်၊ လစာမြန်မြန်ရမှ ဖြစ်လိမ့်မယ်”

“ကိုယ့်ဘဝရှေ့ရေးတွေ ဘာတွေ မတွေးတော့ဘူးလား”

“မတွေးဘဲနေမလား။ ဝါဆို့အစ်မတွေဆို တစ်ယောက်က စက်ချုပ်၊ တစ်ယောက်က စတိုးဆိုင်၊ အထည်ဆိုင်ဖွင့်။ သူဌေး

တောင် ဖြစ်နေကြသေး''

''ဒါလည်း ဟုတ်တာပဲလေ''

''ကဲ…တော်ပြီ…ဟိုမှာ မေမေတို့နဲ့ သွားပြီးပူးပေါင်းရအောင်။ နှစ်ယောက်တည်း ခွဲထွက်နေတော့ တော်ကြာ ယုန်ထင်ကြောင်ထင် ထင်ကုန်ကြလိမ့်မယ်''

''ခုခေတ်က (၅)တန်း၊ (၆)တန်းအရွယ်ကတည်းက ရည်းစားထားနေကြတာပါ ဝါဆိုရယ်''

''အဲဒီ့အထဲ ဝါဆို မပါဘူး။ အေးဆေးပဲ…အပျိုကြီးလုပ်မှာ''

''ဖြစ်ပါစေဗျာ''

''ဖြစ်မှာ''

ပြောပြောဆိုဆိုနှင့် ချာတိတ်မလေး သောင်စပ် သူ့မေမေတို့အုပ်စုဆီ ပြေးသွားတော့ ရဲဒီပါ အုန်းပင်ရိပ်မှာပဲ ဆက်ထိုင်နေခဲ့သည်။

မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ပဲ။ အိမ်ကျ ဘယ်လိုတွေဖြစ်ဦးမည်မသိ။

နောင်ခါလာ နောင်ခါချေးပဲ။

လောလောဆယ်တော့ ပျော်လိုက်ပါဦးမည်။





# အခန်း (၁၇)

တစ်နေ့လုံး ငပလီမှာ နားနားနေနေ။

ရေကူးကြ၊ ရေစိမ်ကြ၊ ဘန်ဂလိုပေါ်မှာ အေးအေးလူလူ ရှေးဟောင်းနှောင်းဖြစ်တွေပြော။

အခြေအနေကတော့ ရင်တထိတ်ထိတ်။ သူတို့အဖွဲ့ထဲမှ လိုင်းပေါ်ပုံတွေတင်တာကြောင့် အိမ်က ပြဿနာရှာတော့မည်။

ယခုကိုပဲ ဖုန်းနှင့် လှမ်းပြီးရာဇသံပေးနေပြီ။ မိန်းမဆိုတာလည်း ခက်တာပဲ။

သူတို့ကသာ ယောကျ်ားတွေကို မရခင် ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်သည်။ ရပြီးလျှင် ချုနင်းသည်‥ဘာ…ညာ စွပ်စွဲနေကြသည်။

သူတို့ရော ဘာထူးသလဲ။

ယောက်ျားတစ်ယောက်ကို သူတို့ ကျုံးသွင်းလို့ သူတို့ကွင်းထဲ၊ သူတို့ခွင်ထဲ ရောက်သွားလျှင် ဖျာလိုနင်းရုံတင်မက…

ယောက်ျားတို့ခမျာ ဆင်နင်းသည့် ယပ်တောင်လို ပြားသထက်ပြား၊ ဖားထက်ဖားရတာ။

ယခုလည်း ကြည်သာချိုဟာ သူနှင့် မရခင်ကတော့ သူ့အပေါ်မှာ ဘုရားတစ်ဆူ၊ ဂူတစ်လုံး ဖူးဖူးမှုတ်လွန်းလို့ ဟန်ပြီဆိုပြီး လက်ထပ်မိတာ။

ယခုကျ သားသမီးတွေနှင့် သူ မရှုနိုင်၊ မကယ်နိုင်။

"သူငယ်ချင်းတွေကြားမှာ ကိုယ်အရှက်မကွဲချင်ဘူး…ချို ပြန်ရောက်မှ ရှင်းပြမယ်။ ဖုန်းနဲ့ လှမ်းပြီး ပြဿနာရှာမနေနဲ့။ ငါ ဖုန်းကိုင်မှာ မဟုတ်တော့ဘူး"

ချော့တစ်ခါ၊ ခြောက်တစ်လှည့်နှင့် လုပ်ထားရတာ။ တစ်နေကုန် ရင်တထိတ်ထိတ်နှင့် နေခဲ့ရပြီး ယခုကတော့ ညပွဲ။ မီးပုံပွဲ။

ကမ်းနားသောင်ပြင်မှာ မီးပုံပွဲလုပ်ဖို့ ပြင်ဆင်ခိုင်းပြီး ဂစ်တာကတော့ ပိုင်ရှင်ထံမှ ငှားရသည်။

ည (၇)နာရီကျော်စကတည်းက သူတို့အဖွဲ့ မီးပုံဘေးမှာ ဝန်းရံနေကြပြီ။ အစားအသောက်အဖြစ် ရွာထဲမှ ဝယ်ထားသည့် ပြောင်းဖူးတွေ၊ ကန်စွန်းဥတွေ ဖုတ်စားမည်။ လက်ဖက်သုတ်ချိုင့်





ကြီးကလည်း ဟီးလို့။ ရေနွေးကြမ်းနှင့်ပေါ့။

"တစ်ညလုံး ထိုင်နေကြမယ်ဟေ့။ ပင်လယ်ကြီးကို အပြီးနှုတ်ဆက်ကြမယ်"

"တစ်ညလုံးဆို အအေးပတ်ပြီး သေမှာပေါ့ဟ။ ငပလီဆောင်း၊ ငပလီနှင်းထဲ ငပလီမသာဆိုပြီး လိုင်းပေါ်တင်နေရမယ်"

တစ်ယောက်တစ်ပေါက်နှင့် အော်ဟစ်ဆူညံနေရတာကိုက အရသာ။ အားလုံးပင် ဦးထုပ်တွေ ဆောင်းထားသဖြင့် နှင်းပါးပါးက သူတို့ကို မနှောင့်ယှက်နိုင်ပါ။

မီးပုံပွဲလုပ်သည့် ထင်းတုံးကြီးက သစ်မြစ်ဆုံကြီးမို့ တစ်ညလုံး ခံလောက်သည်။ မီးတွေရဲလာတော့ ပြောင်းဖူးတွေ၊ ကန်စွန်းဥတွေ ထည့်ဖုတ်ကြသည်။

နိုင်စွမ်းက အရင်…ဂစ်တာကို ကိုင်သည်။

"ညီက နောက်မှတီး၊ ငါတို့ အဘိုးကြီး၊ အဘွားကြီးတွေအရင် ဆိုလိုက်၊ ကလိုက်ကြဦးမယ်"

"လုပ်ပါ…အကိုရာ၊ အကိုတို့ခေတ်ပဲ။ ဒါပေမဲ့ အပျော်လွန်ရင် ငိုရတတ်တာလေးလည်း သတိရဦး"

"ဖွဟဲ့…မပြောကောင်း မဆိုကောင်း။ အကို သိပါတယ်ညီရာ။ ဒါပေမဲ့ ကံငယ်လာရင် လွှဲဖယ်လို့ မရပါဘူး။ ကျားရဲရာ

ကြမ္မာမရှိးသာပါပဲ။ ကဲ…ဆိုကြမယ်၊ ပျော်ကြမယ်နော်”

နိုင်စွမ်းအနီးမှာ ခိုင်၊ မီးပုံကို ဝိုင်းပတ်ထားကြတာပါပဲ။ လူ (၈)ယောက်မို့ ပွဲက လှလှပပ။ ရဲဒီပါကတော့ ဝါဆို့အနားမှာ နေရာယူထားသည်။

အရက်တွေ၊ ဘီယာတွေ မပါဘဲ မီးပုံပွဲရိုးရိုးလေးက အပြစ်ကင်းစင်နေ၏။ လပြည့်ကျော် (၁) ရက်နေ့မို့ လကလည်း သာသာယာယာ။

‘ရင်သို့တိုးဝှေ့ဆဲပါ ခိုင်×××

မမြင်တာ ကြာပေမယ့်×××အသည်းက သံမှိုစွဲနှက်ထားသလို×××ထင်မိတယ်×××

ဩော်×××နွေတဲ့လား×××အသေအချာ ဝေဖန်သုံးသပ်ကြည့်တော့×××ရင်မှာတွယ်တဲ့ ကြိုးက ငြိပေါ့။ ယုံပါ×××ရင်သို့တိုးဝှေ့ဆဲပါ×××ခိုင်’

စာသားတွေ ဟုတ်လား၊ မဟုတ်လားလည်း မသိတော့ပါ။ မျက်စိကိုမှိတ်ပြီး နိုင်စွမ်း အပီအပြင် ဟဲနေတော့…

ခိုင့်နှလုံးသားလေးခမျာ ကန့်သတ်ထားသည့် စည်းဘောင်ထဲမှာ တဆတ်ဆတ်ခုန်လို့။

လူဆိုတာ မနောကံနဲ့တော့ ကမ္ဘာတစ်ပတ် ပတ်တတ်ကြတာပါပဲ။





စိတ်ထဲမှာ မောင့်ကို တစိမ့်စိမ့် ချစ်မိတာ အပြစ်လားကွယ်။

ခိုင့်နှလုံးသားက အတွက်မှားခဲ့တဲ့အတွက် အိမ်ထောင်တစ်ခုရဲ့ဒဏ်ကို သေတဲ့အထိ ပေးဆပ်သွားမှာ။ သစ္စာရှိသွားမှာပါ။

သူ မကောင်းပေမယ့် ခိုင့်ရင်သွေး သားနဲ့သမီးက လိမ္မာပါတယ်။ ခိုင် သားနဲ့သမီးအတွက် ကိုယ့်ဘဝကို စတေးပါ့မယ်။ ပေးဆပ်ပျိုးထောင်သွားပါ့မယ်။

နိုင်စွမ်းက စာသားတွေလည်း သေချာမရဘဲ သီချင်းကို (၂)ကျော့၊ (၃)ကျော့ ကျော့နေတော့ ယဉ်သူဇာက ပါမစ်ပိတ်လိုက်၏။

“ဟေ့…တော်ပြီ…တော်ပြီ။ နင်တစ်ယောက်တည်း ဒီသီချင်းတစ်ပုဒ်တည်း ပတ်လည်ရိုက်နေလို့ကတော့ ဘယ်တရားမလဲ…နင့်ကိုယ်နင် ဒီပွဲရဲ့ စပွန်ဆာဆိုပြီး ဗိုလ်မကျနဲ့။ ငါတို့တွေလည်း ဆိုရဦးမယ်”

“အေးပါ…အေးပါဟာ…ငါက စျာန်ဝင်သွားလို့ပါ”

“တော်လောက်ပြီ၊ နင်တို့ယောကျ်ားတွေက ရင်ထဲမှာ ဗလောကွက်လပ်ပေမယ့် ငါတို့ခိုင်က အသည်းနှလုံး တစ်ခွေလုံး ပေလီပင်လယ်ထဲ ပေါင်းစပ်စီးဆင်းသွားတော့မယ်”

“ယောကျ်ားမှာလည်း အသည်းနဲ့ပါဟ”

“အလကားပါ…နင်တို့ယောကျ်ားတွေ အလကား။ ငါ့မျက်စိထဲ မြင်နေတာတော့ ပွေလီမ့်နေတဲ့ ယောကျ်ားတွေတောင်မှ အိမ်က မိန်းမသာ အဓိကပါ။ ကျန်တာတွေက အပျော်ပါ။ ကဲ…ကဲ…သူငယ်ချင်းချင်း မျက်နှာ မပျက်ချင်ဘူးနော်။ ငါ အရင်ဆိုမယ်”

“ဂစ်တာနဲ့လိုက်မယ့် သီချင်းလည်း ဆိုဦးဟ။ အောင်ခြင်း (၈)ပါးတို့၊ မီးသတိပြုတို့ဆို ငါ မတီးတတ်ဘူး”

“နင် မတီးလည်း ငါ့ဘာသာ တစ်ယောက်တည်း ဆိုမှာ။ ဗလာ…ဗလာဆိုမှာ။ နင့်ဂစ်တာနဲ့လည်း လိုက်မှာမဟုတ်ဘူး”

“နင်က ဘာဆိုမှာလဲ”

“ဆရာမသီချင်းလေ”

“ဝိုး…ရတာပေါ့ဟ…ငါ တီးမယ်”

နိုင်စွမ်းက ဂစ်တာတီးပေးပြီး ယဉ်သူဇာက ဆရာမသီချင်းကို ဆိုသည်။ ကျန်သည့်လူတွေကလည်း အသံသေးအသံကြောင်တွေနှင့် ဝိုင်းဆိုကြတာပါပဲ။

တကယ့်ကို ပျော်စရာ။ လက်ခုပ်တွေကလည်း စီးချက်လိုက်သေးရဲ့။

“ငွေသော်တာ×××ရောင်ခြည်×××ထင်လင်းတော့သည်×××ဘုံကြိုးပြတ်တဲ့ နတ်မိမယ်×××သဒ္ဒါကပိုသည်×××ဆရာမကိုပဲ





အသည်းစွဲအောင် ချစ်တော့သည်×××

ဘယ်မိန်းမမှ မချစ်တော့ပြီ×××သဒ္ဒါကပိုသည်×××ဆရာမကိုပဲ အသည်းထဲမှာ ချစ်မိပြီ×××”

ယဉ်သူဇာလည်း သီချင်းကောင်းကောင်းရတာမဟုတ်။ သည်လိုပဲ တောင်ရောက်မြောက်ရောက်။ အဆိုကလည်း ကောင်းလှတာယ်မဟုတ်။ အပျော်ပေါ့။

စောစောက ‘နိုင်စွမ်း သီချင်းကြောင့် မျက်ရည်ဝဲနေသည့် ခိုင်ပင် ရယ်ကာပြုံးကာနှင့် အလွမ်းတွေကို တစ်စခန်း သိမ်းနိုင်ပြီ။

ခင်မာလာကလည်း ရှေးသီချင်းတစ်ပုဒ်ဖြစ်သည့် ‘အမုန်းခွန်အား ပေးသနားပါ’ကို ဆို၏။ ဂစ်တာနှင့် မဆိုင်တာမို့ သူတစ်ယောက်တည်း အပီအပြင် ဆွဲနေတော့၏။

“ဝဋ်ကြွေးတုံ့တင် ရှိပါရင်လည်း×××ကံကြမ္မာ မညီမျှ××သံသရာ သည်ဘဝ−××သည်မျှနဲ့ပဲ အဆုံးသတ်စေချင်ပြီ×××

အရှင့်ထံပါး×××လျှောက်ထားကိုးကွယ်×××ဘုရားတပည့်တော်ရင်မှာ×××ထောက်ထားမညှာတာ ဖောက်ပြားမစာနာ×××ယောကျ်ားမှာလည်း အသည်းနဲ့ဆိုတာ×××

အရှင့်ကိုယ်စား××တည်ထားကိုးကွယ်×××လွမ်းစေတီအနီးပန်း ရေ ဆီမီးတွေနဲ့×××”

သည်တစ်ယောက်လည်း ကပေါက်တိ ကပေါက်ချာ။ သို့သော် အသံက ကိုတင်လှိုင်ထက်ပင် ပိုပြီး လွမ်းဆွေးချွဲပျစ် နေသဖြင့် ပရိသတ်တစ်ခုလုံး ငြိမ်သက်လျှင့်မျောနေကြတာ အမှန်။

သူ့သီချင်းက အစမရှိ၊ အဆုံးမရှိ။

သူ့ဘာသာတော့ သီချင်းကို အဆုံးသတ်တတ်ပါ၏။

သီချင်းဆုံးတော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း။

ယဉ်ယဉ်အေးကတော့ ခပ်သွက်သွက်။

"အလွမ်းတွေ၊ အဆွေးတွေ တော်ပြီဟေ့။ ပျော်ချင်လို့ ပေလီလာပါတယ်ဆိုမှ တကယ့် ကိန္နရီ ကိန္နရာတွေနဲ့ တွေ့နေရတယ်။ ငါကတော့ ပျော်စရာသီချင်းကို ဆိုမယ်"

"ဘယ်ဟာလဲ"

"နဘန်းစံ"

"ကောင်းတယ်…ဝိုင်းဆိုကြတာပေါ့။ ကတာ ဘယ်သူကမလဲဟေ့"

ရဲဒီပါက ဝါဆို့လက်ကလေးကိုဆွဲပြီး အတင်းကခိုင်းသည်။

"ညီမလေး…က…ညီမလေး…ကရင် ကိုကိုတို့ ဆိုချမယ်"

"ဟုတ်လို့လား"

"ဟုတ်တယ်…ဟုတ်တယ်…တို့က ဝိုင်းဆိုမယ်။





သမီးက က,ပေါ့"

"အိုကေ"

ဘာဆန်းလို့လဲ။ ဝါဆိုတို့ငယ်ငယ်ကတည်းက ကျောင်းပွဲတွေမှာ က,နေရတာပဲ။ ဒီသီချင်း။

ယဉ်ယဉ်အေးက သီချင်းကို အစပျိုးလိုက်၏။

"တို့များ×××ကျေးတောရွာက×××ရှေးသရောအခါက××× သာလှတို့များ×××အသားရယ် ဖြူပြန်သတော့×××လူဟန်က သနားကမားပါပဲ×××ရပ်ထဲ×××ရွာထဲ×××အလှူပွဲရှိသမျှ××× သင်းက ပါမြဲ၊ ပိုးစာဖဲ×××အဖိုးမှာမနည်း×××ပုဆိုးစဆွဲ××× လူကြားထဲနွဲ့ သွန်ကပြန်×××ရွာခံလူတိုင်း ဝိုင်းလို့တောင်းပန်×× လာပြန်ချည်သေး×××တဖန် (မြန်မြန်ဆန်ဆန် မြန်မြန်)

ပါးတစ်ဖက်တစ်ချက် ပါးကွက်ကိုနှယ်×××မျက်နှာထား သနပ်ခါးခံ×××(ဟုတ်ပ) အသားညက်ညက်×××မပျက်စေဂုန် တစ်သက်တာသွား မှတ်ထားရန်×××နားထက်က ဇွေမှာ သူပန်းပန်××× (နားပန်းဆံ)၂ (ဟေလားကွယ် မောင်ရီး‥ ဟေလားကွယ်မောင်ရီး…ဝမ်းစမိုးနဲ့ သောသောညံ)၂

လက်ခုပ်တွေ ဝိုင်းတီးကြပြီး အဆိုကမြိုင်မြိုင်၊ ဝါဆိုကလည်း ကွေးနေအောင် က,လို့။ နပန်းဆံမင်းသားကလေးပေါ့။

သူတို့၏ မီးပုံပွဲလေးဟာ အလွမ်းအဆွေးတွေ တဒင်္ဂ

ကင်းပြတ်သွားပြီး အပျော်တွေနှင့် မြိုင်ဆိုင်ဝင်းပနေလေပြီ။

အဆိုပြီးသွားတော့ အကမင်းသမီးလေးကလည်း လှလှပပလေး အဆုံးသတ်လိုက်၏။

"ကဲ…ဆုတော်ငွေတွေ ပက်ပက်စက်စက် လက်ခံနေပါပြီ။ ဆုချကြပါ…ဆုချကြပါ။ စားပြီး နားမလည် မလုပ်ကြပါနဲ့"

ဒါကတော့ ကိုယ်ဆောင်းထားသည့် ဦးထုပ်ကို ပက်လက်လှန်ပြီး ရဲဒီပါ အလှူခံပေးနေတာပါ။ သူ့ချာတိတ်ခမျာ Pocket Money မရှိရှာဘူးလေ။

"ရော့…ရော့…ဦးဆရာက တစ်သောင်း"

"အန်တီက ငါးထောင်"

"မေမေက တစ်ထောင်"

"ဟင်…မေမေကလည်း ဈေးပျက်လိုက်တာ။ မင်းသမီးဈေးကျလိုက်တာ။ ဆုမချတာမှ ကောင်းဦးမယ်"

"မေမေလည်း ရှိတာလေး…ဆုချရတာ"

အားလုံးဆီမှ အလှူခံပြီးတော့ ရဲဒီပါလည်း တစ်သောင်းဆုချပါသည်။

ပေါင်းလိုက်တော့ ဆုတော်ငွေက သုံးသောင်းနှင့် တစ်ထောင်။

"အိုကေ…ညီမလေး…မနက်ဖြန် ရှော်ပင်ထွက်ဖို့ရပြီ"





"ကဲ…ဆက်…ဆက်ဆိုကြ…ဒီတစ်ခါ ရဲဒီပါ…ဆို။ ဘာသီချင်းဆိုဆို…ဆိုကြ၊ တီးကြ…ငါတို့ နားထောင်အလှည့်"

မီးပုံမှာ ဖုတ်ထားသည့် ပြောင်းဖူးများ၊ ကန်စွန်းဥများကလည်း မွှေးပျံ့လျက်။ စားချင်စဖွယ်။

နှင်းခပ်ပါးပါးအောက်မှာ မီးပုံပွဲက အရှိန်အဟုန်ကောင်းကောင်းနှင့် တောက်လောင်လျက်။

အားလုံးပင် ဦးထုပ်တွေ၊ အနွေးထည်တွေနှင့်မို့ လေပြည်ညင်းလေး တသုန်သုန်အောက်မှာ ပျော်ရွှင်နေမိကြပါသည်။

ရဲဒီပါက လေးဖြူသီချင်းတွေ၊ အငဲသီချင်းတွေရော၊ မနောတွေပါ ၃-၄ ပုဒ် ဟဲနေလေ၏။

အားလုံးပင် ပြောင်းဖူးတွေ စားကြ၊ ကန်စွန်းဥတွေ စားကြ၊ သီချင်းတွေ ဆိုကြ၊ ကကြနှင့်၊ ထိုညက (၁၂) နာရီလောက်ကျမှ မီးပုံပွဲလေး ပြီးဆုံးသွားကြသည်။

မနက် (၆) နာရီလောက်မှာ အိပ်ရာထပြီး ပေလီနံနက်ခင်းအလှကို တစ်ခါထပ်ကြည့်…

မာယာပင်လယ်ပြာကြီးရေ…

ငါတို့ရဲ့နှလုံးသားတွေကို ဖမ်းစားလိုက်စမ်းပါ။

နှင့်ရဲ့ အလှအပတွေမှာ ငါတို့ ကျဆုံးချင်လို့ပါ။

လောကဓံတရားတွေနဲ့ ငါတို့ဘဝတွေ မွန်းကျပ်လာတဲ့

အခါ . . .

နင့်ရဲ့ . . . ပင်လယ်ရင်ခွင်မှာ တဒင်္ဂဖြစ်ဖြစ် ခိုလှုံပျော်ရွှင်ခွင့် ပေးပါနော်။

တို့ဘဝရဲ့ အမောတွေကို ပင်လယ်ရေနဲ့ ဆေးကြောပြီးရင် . .

ငါတို့တွေ ရှေ့ဆက်မယ့် ခရီးအတွက် အကောင်းဆုံး ခွန်အားတွေ ရရှိနိုင်ပါလိမ့်မယ် . . .

ပျော်ရွှင်ပါစေ . . . မာယာပင်လယ်ပြာကြီးရေ။





## အခန်း (၁၈)

ဘန်ဂလိုပိုင်ရှင်မှ Breakfast ကို Free ကျွေးပါသည်။ သူတို့အဖွဲ့ မပြန်ခင် ညှော်ဆောင်မှာ စားကြသောက်ကြဖို့ ဝင်ကြသည်။

"ကြိုက်တာမှာ . . . ဘူဖေး"

"ထမင်းကြော် . . . ကြက်ဥကြော် . . . ကော်ဖီ၊ မုန့်၊ သစ်သီးတွေ အစုံပဲနော်"

"ကြိုက်တာ မှာ . . . ကုန်အောင်တော့ စားရတယ်"

အားလုံးပင် ထမင်းကြော်၊ ကြက်ဥကြော်နှင့် ကော်ဖီ မှာကြသည်။ သစ်သီးတွေလည်း ချပေးပါ၏။

"မဆိုးဘူးဟ…ဒီဘန်ဂလိုပိုင်ရှင်တော့ ထိုင်ငိုရလိမ့်မယ်။ တို့အဖွဲ့က ဖိုးတွမ်တီးတွေ"

"ဝေသာလီပြည် ဘီလူးကျတာထက် ဆိုးမယ်"

ဘန်ဂလိုမှာ တည်းသူတွေမှာ နိုင်ငံခြားသားတွေများပြီး ရှမ်းတွေ၊ တရုတ်တွေလည်း တွေ့ရ၏။ မြန်မာကတော့ ခပ်နည်းနည်း။

ရှမ်းခေါက်ဆွဲတွေ၊ ခေါက်ဆွဲကြော်တွေလည်း စားနေတာ တွေ့ရသည်။

စားသောက်ပြီးစီးကြတော့ သူတို့အားလုံးပင် ပင်လယ်ပြာကြီးကို ကသုတ်ကရက် နှုတ်ဆက်ကြသည်။

နောက်…ကားပေါ်သို့ ပစ္စည်းတွေတင်၊ ဘန်ဂလိုနှင့် ဓာတ်ပုံတွေရိုက်၊ ဆယ်ဖီတွေဆွဲ။

နံနက်ခင်းပင်လယ်နှင့် ပေလီရှုခင်းတွေကတော့ မနေ့ကလည်းရိုက်၊ ဒီနေ့လည်းရိုက်။

နံနက် (၈)နာရီလောက်မှာ သူတို့အဖွဲ့ ကားနှင့် ထွက်ခဲ့ကြသည်။

လမ်းမှာ လက်ဆောင်ပစ္စည်းရောင်းသည့်ဆိုင်တွေမှာ ဝင်ပြီး ဝယ်ကြခြမ်းကြတော့ ဝါဆိုတို့သားအမိလည်း ဆုတော်ငွေနှင့် ဝယ်ဖို့ ပြင်ကြသည်။





ရဲ့ဒီပါ ဝါဆိုကို အပြေးအလွှား တားရ၏။

"ချာတိတ်ဖို့ ကိုကို ဝယ်ပေးပြီးပြီလေ။ ကိုကို မနေ့က ဝယ်တာ ချာတိတ်ဖို့"

"အို…မယူပါဘူး။ ကိုကို့အစ်မတွေဖို့၊ အိမ်ဖို့ယူသွားပေါ့။ မိတ်ဆွေတွေ ပေးလည်းရတာပဲ"

"သူတို့ဖို့ အကို ဝယ်လိမ့်မယ်။ ကိုကိုဝယ်တာ ညီမလေးဖို့။ ညီမလေး မယူရင် လွှင့်ပစ်မှာ"

"အကျပ်မကိုင်နဲ့…ဝါဆို မယူချင်ပါဘူး"

"အားလုံးပေါင်းမှ ၃-၄ သောင်းဖိုးရှိပါတယ် ညီမလေးရယ်…ကိုကို ဆိုင်တစ်ခါထိုင် မရှိပါဘူး။ ခင်လို့မင်လို့ အမှတ်တရ ဝယ်ပေးတာပါ"

ပေးသူက အတင်းပေးချင်နေပြီး ယူရမည့်သူက အီလည်လည် ရှပ်ကလေးနှင့်။

နိုင်စွမ်းကလည်း ခိုင့်အတွက်ရော သူ့အိမ်အတွက်ပါ လက်ဆောင်တွေ ဝယ်နေ၏။

ပုစွန်ခြောက်တွေ၊ ငါးခြောက်တွေ၊ မှျင်ငါးပိတွေကအစ။

ခိုင်က ကိုယ့်အားကိုယ်ကိုးပြီး သူ့မိသားစုလေးရဲ့ စားဝတ်နေရေးကို ဖန်တီးနေရရှာသူမို့ သူ အတတ်နိုင်ဆုံး ပံ့ပိုးပေးချင်မိတာ ဖြူစင်သော စေတနာပါ။

ဘာနှောင်ကြိုးမှ မပါပါ။ ခိုင့်ကို ဘာမှမပြောဘဲ သူ့ဘာသာ စိတ်ကူးတည့်သလို ဝယ်နေတာပါ။

ပုစွန်ခြောက်၊ ငါးခြောက်၊ ရခိုင်ငါးပိ။

အိမ်ဖို့ရော ခိုင့်ဖို့ပါ ဝယ်ကတည်းက အထုပ်တစ်ခုတည်း စုထည့်ပြီးသား။

နောက်…ခိုင့်အတွက် ပုလဲဖန်စီလေး ဝယ်ပေးဖြစ်သည်။ လည်ဆွဲနှင့်လက်ကောက် အဖြူရောင်လေးတွေပါ။

ဝယ်ခြမ်းပြီးကြတော့မှ ကားပေါ်သို့ ပြန်တက်ကြပြီး သူတို့ငပလီမှ တကယ်ထွက်ခဲ့ဖြစ်တာ နံနက် (၉)နာရီမှပါ။

လမ်းမှာ ကမ်းသာယာကမ်းခြေကိုလည်း ဝင်ဖြစ်ကြသည်။ ငပလီနှင့် မဝေးလှသည့်ကမ်းခြေမို့ စည်ကားခြင်းမရှိတော့ပါ။

ရေချိုးသူတွေ၊ ဘန်ဂလိုတွေ မတွေ့ရ။ ဆိုင်ကြီးကြီးတစ်ခုနှင့် အောက်ဘက်မှာ တည်းခိုခန်းလို အဆောင်တစ်ခု၊ နှစ်ခုသာ။

ကမ်းသာယာကမ်းခြေက သဲသောင်ပြင်မရှိဘဲ ကျောက်ဆောင်၊ ကျောက်သားတွေနှင့် တစ်မျိုးတစ်ဘာသာ လှပါသည်။

သူတို့ရောက်ချိန်ဟာ ရေကျချိန်မို့ ဝါဆိုနှင့် ရဲဒီပါကတော့ ကျောက်ဆောင်လေးတွေဆီ အပြေးလျှောက်လိုက်သေးသည်။

နောက်…ကမ်းသာယာမှ ပြန်ထွက်တော့ နေ့လယ် (၁၂) နာရီ။ နေ့လယ်စာကို ကမ်းသာယာမှာပဲ စားလိုက်ကြရသည်။





“ဒီနေ့ည ရန်ကုန်ပြန်ရောက်မှ ဖြစ်မယ်။ မိန်းမက ရာဇသံပေးထားတယ်။ ဒီနေ့ညမှ ပြန်မရောက်ရင် အပြတ်ပဲတဲ့”

ရယ်ကျဲကျဲနှင့် နိုင်စွမ်း ပြောတော့ ခိုင့်မျက်နှာလေး ညှိုးနေ၏။

အပျော်ခရီးက ပြီးသွားပြီမို့ ဘဝမှာ လွမ်းခန်းတွေပဲ ဆက်တိုက်လာတော့မှာပေါ့ မောင်ရေ…။

ခိုင်တို့အဖြစ်က ကောင်းခန်းမှာ ရပ်မထားဘဲ မပြီးဆုံးသော ပန်းချီကားတစ်ချပ်ကို ပြီးဆုံးအောင် ဆက်ဆွဲမိလိုက်တဲ့အတွက်…

မော့်အိပ်မက်ကို အသက်သွင်းသလို…

ကျားသေကို အသက်သွင်းမိလိုက်သလို…

ခိုင်တို့မိန်းမသားတွေရဲ့ နှလုံးသားကိုပဲ တရိရိ နင်းချေလောင်မြိုက်တော့မှာပါ။

မောင်တို့ယောကျ်ားတွေအတွက်ကတော့ အချစ်ဆိုတာ အခန်းကဏ္ဍလေးတစ်ခုပါပဲ။ ဘဝနဲ့ချီပြီး ဘယ်သူမှ မလေးနက်နိုင်ကြပါဘူး။

တစ်လျှောက်လုံး ပျော်ခဲ့ကြသမျှ ယခုကစပြီး လွမ်းဆွေးရပါပြီ။

ပင်လယ်ကြီးကို နောက်ဆုံးအနေနှင့် မျက်စိတဆုံး ငေးမျှော်ရင်း ခိုင့်ရင်ထဲမှာ ကြေကွဲလှိုက်မြည့်နေမိသည်။

ကားရှေ့ခန်းမှာ ရဲဒီပါနှင့်ဝါဆို…

သူမတို့ကို ပြန်ပို့ပေးပြီးသည်နှင့် ညတွင်းချင်း ရန်ကုန်ထိ ပြန်တက်ရမှာမို့ ရဲဒီပါ ကားကို ဂရုတစိုက် မောင်းနေရသည်။

အလာတုန်းက သီချင်းတကြော်ကြော်နှင့် ပျော်ခဲ့ကြသည့် အဖွဲ့။

ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့ဆိုတာ ဒါမျိုးနေမည်။

မပျော်နိုင်သူတွေကတော့ နိုင်စွမ်းနှင့်ခိုင်။ ရဲဒီပါနှင့်ဝါဆို။

ဣန္ဒြေတွေ၊ သိက္ခာတွေနှင့် ထိန်းချုပ်ထားကြပေမယ့် နိုင်စွမ်းနှင့်ခိုင် ယှဉ်လျက်ထိုင်လာခဲ့ကြမိသည်။

အသားယူသည်မဟုတ်ပေမယ့် ချစ်ရသူနှင့် အသားချင်း ထိရသည်မှာ သည်တစ်ခါ နောက်ဆုံးမို့ပါ။

ဘဝတစ်လျှောက်လုံး ချစ်သူမပါဘဲ ပင်ပန်းကြီးစွာ လျှောက်လှမ်းရတော့မည်မို့ သည်တစ်ကြိမ်တော့ ခိုင် စိတ်အလို လိုက်မိပါပြီ။

ဒါပါပဲ…လူအများကြားထဲမှာ လူအများနှင့်အတူ တစ်ကားတည်းစီး၊ တစ်ခရီးတည်းသွား၊ ဒါပါပဲ။

စကားတွေလည်း မဆိုနိုင်တော့။

သောင်ယံမှာ အတူယှဉ်တွဲ လျှောက်ခဲ့ကြတာတွေ၊ မီးပုံပွဲမှာ သီချင်းတွေဆိုခဲ့ကြ၊ က,ခဲ့ကြတာတွေ…





အားလုံးဟာ ပုံပြင်ဖြစ်သွားပါပြီ။

ရာဇဝင်ထဲမှာ မောင့်ကို ထားခဲ့ရတော့မည်ပေါ့။

တိတ်တခိုးမျက်ရည်တွေလည်း ပင်လယ်ထဲမှာ ကျဆင်းခဲ့ ရပြီ။ စတေးပေးဆက်ခဲ့ရပြီ။

အိမ်ထောင်ရှင်မိန်းမတစ်ယောက်၊ သားနှင့်သမီးရဲ့ မိခင် တစ်ယောက်အနေဖြင့် ငယ်စဉ်က နှလုံးသားလေး သေဆုံးခဲ့ပြီး သည့် နှလုံးသားလေး၊ တစ်ခန်းရပ်ခဲ့ပြီးသည့် နှလုံးသားလေးကို‥

ပင်လယ်လှိုင်းများအောက်မှာ အသက်ပြန်သွင်းမိခဲ့တာကိုက ခိုင့်အမှားပါ။

မာမာအေး သီချင်းထဲကလိုပါပဲ။

မောင်တို့ ယောကျ်ားတွေကတော့×××မိန်းမတွေလို ကြာရှည်ခံစားနေကြမှာ မဟုတ်ပါဘူး။

ရင်ထဲမှာ ဆို့နစ်နေတာမို့ ခိုင် မျက်လုံးမှိတ်ပြီး အိပ်ချင် ယောင်ဆောင်နေခဲ့ပါသည်။

လေထဲမှာပါလာသည့် မောင့်ကိုယ်သင်းရနံ့ကို ငြင်းဆန်ရင် ခိုးရှူမိနေရသည့်အဖြစ်။

ဘေးမှ၊ နောက်မှ သူငယ်ချင်းများ၏ စကားများကို နားထောင်ရင်း ခိုင် ကိုယ့်စိတ်ကို မာန်တင်းဖြေဆည်နေရသည်။

* * *

ကားရှေ့ခန်းမှာ…

ရဲဒီပါ ကားကို ဂရစိုက်မောင်းနေသလို ဝါဆိုကလည်း ငြိမ်သက်စွာ လိုက်ပါနေခဲ့သည်။

နှလုံးသားကို အတင်းအံခဲပြီး တံခါးပိတ်ထားခဲ့ပေမယ့် အမှတ်မထင် ဝင်နေခဲ့သည့် လေနုအေးတွေနှယ် အချစ်တွေ သူတို့ ရင်ထဲမှာ အများအပြား။

အချစ်ဆိုတာ ဘဝလား…

မိန်းကလေးဘဝဆိုတာ ပန်းကလေးလိုပါပဲ။

လေယူရာသွေး၊ မွှေးပျံ့နေဖို့ ကိုယ်ကျင့်တရားဆိုတဲ့ ရနံ့လေး လိုအပ်တယ်။

ဝါဆို ပြန်တွေးကြည့်တော့ ကိုယ်မြင်တွေ့နေရသည့် ပတ်ဝန်းကျင်မှာတော့ အချစ်ဆိုတာ တန်ဖိုးမဲ့ပစ္စည်းတစ်ခု…

သူမနှင့် ရွယ်တူတွေ၊ သူမထက် ကြီးသူတွေ အများအပြား။

ခုပဲ မစဉ်းမစား ချစ်လိုက်ကြ…

ခုပဲ ကွဲလိုက်ကြ…

ပို၍ဆိုးဝါးတာက ကောင်လေးတွေက ကောင်မလေးတွေကို အသုံးချလာကြတာပါပဲ။

Sex ၏သားကောင်အဖြစ်…

သူတို့၏ သားကောင်ဖြစ်မှန်းမသိဖြစ်၊ ကောင်မလေးတွေ





ကလည်း ဘယ်လိုသဘောတွေနှင့် ချစ်သူဘဝသာ ရှိသေးသော ယောကျ်ားတစ်ယောက်ကို ဘော်ဒီ ထိုးကျွေးနေကြပါလိမ့်။

အတုံးလိုက်၊ အတစ်လိုက် တွေးကြည့်လျှင်တော့ အချစ်ဆိုတာ သာယာနာပျော်ဖွယ် မရှိ။

အထူးသဖြင့် မိန်းမငယ်လေးတွေအတွက် အချစ်ဆိုတာ ကျားနှင့် ကစားရသလိုပါပဲ။

ကြောက်တတ်လျှင် ဝန်ကင်းသတဲ့။

ကိုယ့်ရင်ထဲသို့ တစိမ့်စိမ့် ဝင်ရောက်နေသည့် သံယောဇဉ်တစ်ပင်တန်းကို သေခန်းရှင်ခန်း ဖြတ်လိုက်တာပဲ အေးပါသည်။

ထိုအတွေးတွေ များများဝင်လာတော့ ဝါဆို ဘာစကားတစ်ခွန်းမျှ မပြောတော့ဘဲ ကားထဲမှာ အရုပ်တစ်ရုပ်လို ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

ရဲဒီပါ ရင်ထဲမှာ ဗလောင်ဆူရပါ၏။ ခံစားနေရသည်။

သူ့လို (၁၅)နှစ်သမီးလေးက တည်ငြိမ်ရင့်ကျက်နေပြီး ငါ့မှာတော့ (၁၆)နှစ်သားလို ရင်ထဲမှာ လေးလံပူဆွေးလို့။

နောက်မှ ခင်မာလာက လှမ်းပြော၏။

"သားရေ…အခြေအနေကောင်းရဲ့လား။ ကားမောင်းလို့ဖြစ်သေးရဲ့လား"

"ဖြစ်ပါတယ် အန်တီရဲ့…အိုကေပါတယ်"

"အိုကေလည်း ပြီးရော…ကားရှေ့ခန်းက အသံတွေ တိတ်နေလို့။ အသံတိတ်တိုက်ပွဲများ ဖြစ်နေသလားလို့"

"မဖြစ်ပါဘူး…စိတ်ချပါ"

"အေး…အေး"

သူသူအေးလေးကလည်း အပြန်လမ်းကျမှ သီချင်းတွေ အော်ဆိုလို့။ ကပေါက်တိ ကပေါက်ချာ။ ယဉ်ယဉ်အေး၊ ယဉ်သူဇာနှင့် ခင်မာလာတို့ကလည်း ငပလီအကြောင်းတွေ ငြင်းခုံပြောဆိုလာကြတာမို့ ကားထဲမှာ စီစီဝေဝေ။

နိုင်စွမ်းကတော့ ရင်ထဲမှာ လှိုင်းထန်လျက် မိန်းမနှင့် ထုရေ လွှာတင်ဖို့ အားမွေးနေရသည်။

သူငယ်ချင်းတွေနဲ့ ခရီးသွားတယ်။ ကိုယ့်လို မပြည့်စုံတဲ့ ငယ်သူငယ်ချင်းတွေကို အပန်းပြေစေဖို့ ငပလီလိုက်ပို့တယ်။ သည်အထဲမှာ ငယ်ချစ်ဦးလည်းပါတယ်။ ဒါပဲမဟုတ်လား။

မရိုးမသား စကားတွေလည်း တစ်လုံးမှ မပြောခဲ့ပါဘူး။ ကိုယ့်အရွယ်၊ ကိုယ့်အခြေအနေဟာ အာကာကို လွှာပုံပြုလို့ မေယုကို စုတ်တံချီရမယ့် အနေအထားလည်း မဟုတ်တော့ပါ။

ပုထုဇဉ်ပီပီ ရင်ထဲမှာ သာယာမိခဲ့ပေမယ့် လိုက်ခနဲ ခုန်ခဲ့သည့်ရင်က အကန့်အသတ်နဲ့ပါပဲ။

စည်းကျော်ကြဖို့ သူတို့နှစ်ယောက်လုံး လုံးဝ မကြံစည်ခဲ့





ကြပါ။ စိတ်မကူးခဲ့ကြပါ။

ခရီးအတူသွားမိခဲ့တာလေးပါပဲ။ ပန်းရနံ့လေးတွေနှင့် လွမ်းမောသာယာခဲ့မိသမျှ ဖြူဖြူစင်စင်။

"ကိုနိုင်"

မောင်လို့တောင် ရင်ထဲမှာပဲ ခေါ်မိတာပါ။ နိုင် နားလည်ပါတယ် မောင်ရယ်။ နိုင့်ကြောင့် မောင့်ဘဝ တစ်ဆံခြည်မျှင်တောင် မထိခိုက်စေချင်တာ နိုင့်စိတ်ရင်းအမှန်ပါ။

"နိုင်"

"အဆင်ပြေပါတယ်နော်…နိုင်တို့ကို လိုက်ပို့ရတဲ့အတွက် ကိုနိုင် ပြဿနာများ တက်နေဦးမှာလားဟင်"

"နိုး…ပရော်ဘလန်ပါ နိုင်ရယ်၊ ကိုယ်တို့ ဘာဖြစ်ခဲ့ကြလို့လဲ‥ဒီလိုပဲ ငယ်သူငယ်ချင်းတွေ စုပြီး ခရီးသွားခဲ့တယ်။ နိုင်နဲ့ကိုယ် စကားတွေပြောခဲ့ကြတာလည်း သူ့ဘဝ၊ ကိုယ့်ဘဝ၊ သူ့မိသားစု၊ ကိုယ့်မိသားစုအကြောင်းတွေပဲ မဟုတ်လား။ ကိုယ်တို့ မရိုးမသားစကားတွေ တစ်လုံးမှ မပြောမိခဲ့ကြဘူးလေ"

"ဟုတ်ပါတယ်…နိုင်က စိုးရိမ်လို့ပါ"

"ကိုယ့်မှာ ယောကျ်ားမာနတော့ ရှိတယ်…နိုင်၊ ကိုယ် အမှားမလုပ်ဘူး။ တည်မိတဲ့အိမ်ထောင်အပေါ် သေသေချာချာ လုပ်ကိုင်ကျွေးမွေးတယ်။ လင့်ဝတ္တရား (၅)ပါးမက ဖြည့်ဆည်း

ပေးခဲ့တယ်။ ဒီကြားထဲက ပြဿနာတွေ အရမ်းရှာလာရင်တော့"

"မရှာလောက်ပါဘူး…ကိုနိုင်ရယ်၊ မိန်းမဆိုတာမျိုးက ရစ်စရာဖြစ်လာရင် ရစ်တတ်တာပေါ့လေ။ အဲဒီအခါ ကိုယ့်မှာ သားနဲ့သမီး ရှိနေပြီမို့ ကိုယ်က သည်းခံရမှာပေါ့"

"သည်းခံပါတယ် ခိုင်ရယ်၊ သူက သူဌေးသမီးဆိုပေမယ့် ကိုယ်က သူ့လောင်းရိပ်နဲ့ ပွင့်ခဲ့တဲ့သူ မဟုတ်ဘူး။ ယောကျ်ား တစ်ယောက်ရဲ့မာနကို အရမ်းထိလာရင်တော့ ကိုယ်လည်း မတတ် နိုင်ဘူးလေ။ ဟိုး…ဒီလိုပြောလို့ ခိုင့်အားကိုးနဲ့ ပြောတယ်မထင် နဲ့နော်။ ကိုယ့်ပယောဂကြောင့် ဘယ်သူ့အိမ်ထောင်ကိုမှ မထိခိုက် စေချင်တာ အမှန်ပါ"

"ဟုတ်ပါတယ် ကိုနိုင်ရယ်…ခိုင်တို့အဖြစ်က ထာဝရ သူငယ်ချင်းတွေပါ"

"ကောင်းပြီ…စိတ်ဆင်းရဲစရာအကြောင်းတွေ ခေါင်းထဲ က ထုတ်လိုက်တော့။ ကိုယ့်ကို အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက် လို သဘောထားပါ။ ခိုင့်မှာ ဘာပြဿနာတွေပဲ ရှိလာရှိလာ ကိုယ့်ကို အကြောင်းကြားပါ။ ခိုင်က တစ်ယောက်တည်း ရုန်းကန် ရသလိုမျိုး ဖြစ်နေတာမို့ အစစအရာရာ အကူအညီလိုတတ်ပါ တယ်။ ကိုယ် ဖြူစင်စွာ ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုနိုင်ရယ်"





သည့်တစ်ခါ ခိုင် မျက်ရည်ကျတာ ဝမ်းသာဝမ်းနည်းဖြစ်ရ လွန်းလို့ပါ။

ကိုယ့်ခင်ပွန်းက ကိုယ့်ဘဝအတွက် အားမကိုးရဘဲ ချစ်သူ က အားပေးဖေးမနေသောအခါ ခိုင် ချုံးပွဲချပြီးတော့သာ ငိုလိုက် ချင်ပါတော့သည်လေ။

## အခန်း (၁၉)

ခိုင်တို့ကို အသီးသီး ပြန်ပို့ပေးပြီးတော့ နိုင်စွမ်းနှင့်ရဲဒီပါတို့ ရန်ကုန်သို့ ညတွင်းချင်းပဲ ပြန်တက်ခဲ့ကြသည်။

ရင်ထဲမှာတော့ အတွေးကိုယ်စီနှင့် အဆွေးကိုယ်စီ ခံစားရတာပေါ့။

မျက်ရည်မကျအောင် တောင့်ထားရင်း အပြုံးယဲ့ယဲ့နှင့် နှုတ်ဆက်ခဲ့သည့် ငယ်ချစ်ဦး။

သည်ဘဝအတွက်တော့ မဆုံချင်တော့ပါဘူး ခိုင်ရယ်။ သံသရာဆိုတာ ရှိလာဦးမယ်ဆိုရင်တော့ ကိုယ် အမှားပြင်ဆင်ချက်တွေနဲ့ အယူခံဝင်ချင်ပါသေးတယ်။





ရဲဒီပါကလည်း ဝါဆို့ကို ကတိတွေ အထပ်ထပ်တောင်းခဲ့ပါရဲ့။ ချာတိတ်ကသာ အင်းမလှုပ်၊ အဲမလှုပ်။ ပြောခဲ့ကြတာတွေ

"ဝါဆို…ဝါဆို အရွယ်ရောက်လို့ အိမ်ထောင်ပြုမယ်ဆိုရင် ကိုကို့ကိုပဲ လက်ထပ်နော်။ ရှပ်ပါတယ်ကွာ…ကိုကို့ကိုပဲ ရွေးလိုက်။ ကိုကို ဝါဆို့ကို ဦးထားလိုက်ပြီ"

"ဘာတွေပြောနေမှန်းလည်း မသိဘူး။ ရည်းစားစကားလည်း မဟုတ်ဘူး"

"ချစ်စကားပြောတာလေ…လက်ထပ်ဖို့အထိ ရည်းစူးတဲ့ချစ်သူ"

"ဝါဆို…Fb ထဲမှာ ဖတ်ဖူးတယ်"

"ဘာတွေလဲ"

"အိမ်ထောင်ပြုတာက လေယာဉ်ပျံစီးတာနဲ့တူပြီး ရည်းစားထားတာကတော့ နွားလှည်းစီးတာနဲ့ တူတယ်တဲ့"

"ရှင်းပါဦး"

"နွားလှည်းက အချိန်မရွေး ခုန်ဆင်းလို့ရတယ်။ လေယာဉ်ပျံကျတော့ ခရီးဆုံးထိ ကြိတ်မှိတ်ပြီး စီးသွားရတယ်တဲ့"

"အဲဒါနဲ့ ကိုကိုနဲ့ ဘာတူ…ဘာဆိုင်"

"ဆိုင်တာပေါ့…ကိုကိုတို့ယောကျ်ားတွေက လေယာဉ်ပျံပေါ်ကတောင် လေထီးနဲ့ ခုန်ဆင်းကြမယ့်လူတွေ။ နွားလှည်းပေါ်

ကဆို တဇတ်ဇတ် ခုန်ဆင်းလိုက်၊ ခုန်တက်လိုက် လုပ်နေကြမှာ ပေါ့"

"ဝါဆိုကလည်းကွာ…ကိုကိုက အဲလိုအစားမျိုး မဟုတ်ပါဘူး"

"အေးဆေးနေစမ်းပါဗျာ…ဝါဆိုတို့ဘဝက စိတ်ကူးယဉ်နေလို့ မရဘူး။ အမှားလည်း မခံနိုင်ဘူး။ ဝါဆို…ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်လေး လျှောက်ပါရစေ။ ကိုကို…တွေ့ဦးမှာပါ။ ဝါဆိုက ဘာမှမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ပါ"

"ဘာမဟုတ်တဲ့ကောင်မလေး မဟုတ်ပါဘူးကွာ…ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစမ်းပါ"

"ထားတာပေါ့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလို့ ဘာမဟုတ်၊ ညာမဟုတ်အလုပ်တွေ မလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဝါဆို ရည်းစားလည်းမထားဘူး။ ယောကျ်ားလည်း မယူဘူး။ ယောကျ်ားတွေကိုလည်း မယုံဘူး။ ဖေဖေတစ်ယောက်နဲ့တင် သံဝေဂရလှပါပြီ"

ဝါဆိုနှင့်ပြောခဲ့သည့် စကားလေးတွေ။ ဝါဆိုက ယခုထိ ဖုန်းလည်းမကိုင်ရသေးပါ။ သူ့မေမေက ဆင်းရဲတော့ သားသမီးကို ဖုန်းဝယ်မပေးနိုင်သေး။

ရဲဒီပါ ဝယ်ပေးလည်း ယူမှာမဟုတ်ပါ။ အဆက်အသွယ်





ကို ပြတ်တော့မှာ။

အင်းလေ…အိုင်တီခေတ်ကြီးထဲမှာ ကိုယ့်ချာတိတ်က ဖုန်းမရှိသေးတော့ ဒုက္ခပေါ့။

ကိုယ်ကလည်း ကိုယ့်ဒုက္ခနှင့်ကိုယ်။ အန်တီခိုင် ဖုန်းနံပါတ်တော့ တောင်းခဲ့တာပဲ။ လိုလိုမယ်မယ် ကိုယ့်ဖုန်းနံပါတ်ပေးတော့ ဝါဆိုက ယူတောင်မယူ။

"ဝါဆို့မှာ ဖုန်းမရှိဘူး…နေပါစေ"

နိုင်စွမ်းနှင့်ရဲဒီပါတို့ ဘာစကားမှ မပြောနိုင်ကြဘဲ ကားကိုသာ တစ်ယောက်တစ်လှည့်မောင်းကာ မနက် (၅)နာရီလောက်မှာ ရန်ကုန်အိမ်သို့ ပြန်ရောက်ကြသည်။

ရောက်တာနှင့် ရဲဒီပါရော နိုင်စွမ်းပါ ကိုယ့်အိပ်ခန်းကိုယ်ဝင်ပြီး ခြေပစ်လက်ပစ် အိပ်ပစ်မိလိုက်ကြပါသည်။

* * *

"ကဲ…နှစ်ယောက်လုံး တဆိတ်…ကြွခဲ့ကြပါဦး။ စစ်ကြောရေး ဝင်စရာရှိလို့"

သူတို့ အိပ်ယာမှနိုးတော့ နံနက် (၈) နာရီ။

နိုင်စွမ်း ကမန်းကတန်းပင် ရေချိုး၊ အဝတ်အစားလဲကာ ဆေးခန်းသွားဖို့၊ ဆေးရုံသွားဖို့ အပြေးထွက်လာပေမယ့် ကြည်သာ

ချိုက ခါးထောက်ပြီး ခေါ်နေတာကြောင့် အာရုံနောက်သွားရသည်။

"စစ်ချင်လည်း ပြန်လာမှစစ်...ကိုယ် ဆေးခန်းပြေးရဦးမယ်"

"ဆေးခန်းမှာ သက်မင်းအောင် ရှိသားပဲ။ ဒီတစ်နေ့တော့ ထားလိုက်...ရှင်တို့နဲ့ စာရင်းရှင်းစရာကို ရှိတယ်။ သားနဲ့သမီး ကျူရှင်သွားနေတုန်း ပြောရမှာ။ ဒီပါကိုလည်း ခေါ်ထားတယ်"

သူ ထမင်းစားခန်းထဲ လှမ်းကြည့်လိုက်တော့ ရဲဒီပါရုပ်က ညောင်နာနာ။ ရည်းစားပူမိနေသည့်ရုပ်။ အိပ်ရေးမဝသည့်ရုပ်။

သို့သော် ကြည်သာချို အထင်အမြင်လွဲမည်ဆို လွဲနိုင်သည့်ရုပ်ပေါ့။

လာမယ့်ဘေး ပြေးတွေ့ရမှာပဲ။

ကြောက်မွေးပါ...ဓာကနာနဲ့ နတ်ရုံပေါ့။

နောင်ခါလာ နောင်ခါရှေးပဲလေ။

နိုင်စွမ်း ထမင်းစားခန်းသို့သာ ချီတက်ရပါတော့သည်။

"တော်တော်ခက်တဲ့ မိန်းမ...ငါ့မှာ ဆေးခန်းလက်ထောက်နဲ့ လွှဲထားရတာ (၅)ရက်တောင် ရှိပြီ။ ပြန်လာမှ ပြောပါဆိုတာ မရဘူး"

"မအောင့်နိုင်ဘူး၊ ရှင် ငပလီမှာ ကဲနေတုန်းကတော့





ဆေးခန်းကို သတိမရပါဘူးနော်"

"မင်းကို ငါ အသိပေးပြီး၊ ခွင့်တောင်းပြီးမှသွားတာ။ ပြဿနာမရှာနဲ့"

"ရှင် ပြောတာက ဖြောင့်ကွယ်,ကွယ်သွားတာလေ။ ငယ်သူငယ်ချင်းတွေနဲ့ သွားမှာဆိုတော့ ယောကျ်ားတွေလည်း ပါမယ်မှတ်လို့ပေါ့။ အခုကျ မိန်းမတွေချည်းပဲ။ ငယ်ငယ်လေးတွေလည်း ပါတယ်"

"နေစမ်းပါဦး...ငါနဲ့အတူ မင်းမောင်ပါ ပါတယ်လေ။ ငါက ဘာဖြစ်ရမှာတုန်း။ သူငယ်ချင်းက သူငယ်ချင်းပေါ့"

ထမင်းစား စားပွဲမှာ ထိုင်ပြီး ရန်တွေဖြစ်နေရပြီ။ ရဲဒီပါ သူ့အစ်မကို တားဆီးရပါ၏။

"မမ...ကိုယ့်ယောကျ်ားကို နိုင်တိုင်းဖိမပြောနဲ့ဗျာ။ အခြေအမြစ် မရှိတာတွေနဲ့လည်း မစွပ်စွဲနဲ့။ ကျွန်တော်က အရူးမှ မဟုတ်တာ"

"နင်တို့နှစ်ယောက်လုံး ငါ့နောက်ကျောကို ဓားနဲ့ထိုးကြတယ်။ နှစ်ယောက်လုံး သစ္စာမရှိကြဘူး။ ကောင်မတွေနဲ့ အကြည်ဆိုက်နေကြတယ်။ ဒီမှာ နင်တို့အုပ်စုပုံတွေ ငါ အကုန် Save ထားတယ်။ Like တွေကလည်း ပလူပျံလို့။ Comment တွေ ဖတ်ကြည့်ပြီးပြီ။ ဒီအုပ်စုထဲက အချောဆုံးတစ်ယောက် နင့်အနား

မှာ အမြဲရှိတဲ့တစ်ယောက်က နင့်ငယ်ရည်းစား။ ကဲ…ဘာငြင်းချင်သေးလဲ"

ရဲဒီပါ ဘာပြန်ပြောမှန်းမသိ။ ခေတ်က အင်တာနက်ခေတ်မို့ လိုင်းပေါ်တင်သည့်ပုံတွေအောက်မှာ comment တွေက ပလူပျံလို့။

သူ မျက်လုံးပြူးပြီး အကို့ကိုကြည့်တော့ အကိုက တည်တည်ငြိမ်ငြိမ်။

"လူတိုင်းလူတိုင်းမှာ ငယ်ရည်းစားတွေ၊ ကြီးရည်းစားတွေရှိတာ ဆန်းသလား။ မင်းရော ငါနဲ့မယူခင် ရည်းစား ၃-၄ ယောက် အနည်းဆုံး မရှိခဲ့ဘူးလား။ တစ်ဒါဇင်တောင် ကျော်ချင်ကျော်ဦးမယ်။ ငါ ဘာတစ်ခွန်းပြောသလဲ"

"ရှင့်စိတ်နဲ့ မနှိုင်းနဲ့၊ ကျုပ်က ဘယ်သူနဲ့မှ ခိုးကြောင်ခိုးဝှက်တွေ့ပြီး ရှင့်လို အပျော်ခရီးတွေ ထွက်နေတာမဟုတ်ဘူး"

အသံတွေက ခပ်ကြိတ်ကြိတ်မှ ကြိတ်မနိုင် ခဲမရတွေ ဖြစ်လာတော့ ရဲဒီပါ ကိုယ့်အစ်မကို တောင်းပန်လိုက်၊ ယောက်ဖကို တောင်းပန်လိုက်။

"တော်ပါတော့ အစ်မရာ…အကိုက သူ့သူငယ်ချင်းအုပ်လိုက်ကြီးနဲ့ သွားတာပါ။ ကျွန်တော်လည်း ပါပါတယ်။ တည်းတော့လည်း သူတို့က ဘန်ဂလိုတစ်လုံး၊ ကျွန်တော်တို့နှစ်ယောက်





က ဘန်ဂလိုတစ်လုံးပါ။ ဘန်ဂလိုတွေကလည်း လှမ်းမြင်ရရုံပါ"

"နင်က ဘယ်လောက်တောင် ရထားလို့ ယောက်ဖဘက်က ရှေ့နေလိုက်ပေးနေရတာလဲ။ သွား…နင့်ကို ပြီးမှ သတ်သတ်စစ်မယ်။ ငါတို့လင်မယားကြားမှာ နင် ဘာမှဝင်ပြီး စွက်ဖက်စရာ မလိုဘူး။ ငါတို့လင်မယားကွဲရင် နင့်ကြောင့်"

ကြည်သာချို ဒေါသပုပ်နတ်တွေ ထနေလျှင် ရဲဒီပါ စိတ်ဆိုးရသည်။ ကိုယ့်အစ်မဆိုပေမယ့် အရာရာ ကိုယ့်အတွက်သာ ကြည့်သည့် အစ်မ..အတ္တကြီးသည့် အစ်မ။

"ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး။ မမသာ ကိုယ့်ယောက်ျားကိုယ် တရားခံတစ်ယောက်လို သဘောထားပြီး အာဏာတွေ၊ ပါဝါတွေ ကျပ်ကျပ်ပြ၊ ယောက်ျားမှာလည်း မာနရှိတယ်ဗျ။ ကိုယ့်ကိုချစ်လို့ ဘယ်လောက်ပဲ အလျှော့ပေးပေး လူဆိုတာ limit ရှိတယ်။ အတိုင်းအတာကျော်ရင် ဘောင်ကျော်ရင် ပေါက်ကွဲတတ်တယ်။ ကျုပ်က စေတနာနဲ့ သတိပေးတာ…ဒါပဲ"

ရဲဒီပါ ကိုယ့်အစ်မ ကိုယ်စိတ်ကုန်လို့ သူတို့အိမ်ပေါ်မှ ဆင်းခဲ့သည်။

"အကိုရေ…အဲဒီမှာ ကြည့်ရှင်းပေတော့။ ဘာပဲဖြစ်ဖြစ် သားနဲ့သမီးမျက်နှာတော့ ထောက်ပေါ့ဗျာ"

"အေးပါ ညီရာ…ငါ အကုသိုလ်တွေ၊ ဝဋ်ကြွေးတွေ

မကုန်သမျှတော့ ဆပ်နေရမှာပေါ့"

ရဲဒီပါ ဆင်းသွားတော့ နိုင်စွမ်း ကိုယ့်မိန်းမကို စိတ်ပျက်စွာ မျက်နှာချင်းဆိုင်မိသည်။ ဒီမိန်းမဟာ တော်တော်အလိုရမ္မက်ကြီး ပါလား။

သူက ယောက်ျားကို ရေးဘိုးတော်ဘုရားခေတ်က အပျိုလေးလို မိုင်းကောင်းကျောက်ဖိ ဖြစ်စေချင်နေသူ။

သူထိုင်ဆိုထိုင်၊ ထဆိုထ ဖြစ်စေချင်သူ။

ဒီကောင်ကရော နွားကြီးလား။

အိမ်ထောင်တစ်ခုခုကို တည်ဆောက်ပြီးလျှင် သေတပန် သက်တဆုံးပေါင်းဖို့လည်း စိတ်ကူးထားပြီးသားပါ။

သံယောဇဉ်ကြိုးလေး (၂)ချောင်းလည်း သူ့မှာ ရှိပြီးသားပါ။

နေစမ်းပါဦး…သူ ကျူးလွန်မိခဲ့သည့် အပြစ်ကရော တော်တော်ကြီးမားသလား။ အိမ်ထောင်ရေးဖောက်ပြန်မှုဖြစ်သွား ပြီလား။

ကြည်သာချိုက သူ့ကို ဒေါသထွက်နေသည့် မျက်လုံးများ နှင့် စူးစူးရဲရဲကြည့်ပြီး…

"ကဲ…ရှင်…ပြော၊ ရှင်တို့ ဘယ်အခြေအနေထိ ဖြစ်ခဲ့ကြ သလဲ။ ကျွန်မကို အနံ့အ,အ,မကြီး…သုံးစားမရတဲ့ မိန်းမလို့ ရှင် ထင်နေသလား"





"မထင်ပါဘူး…မင်းအရည်အချင်းတွေ ငါ တစ်ချိန်လုံး မြင်နေရတာပဲ။ စောစောက မင်းမောင် ပြောသွားပြီလေ။ ငါတို့ အုပ်စုလိုက် ခရီးသွားကြတယ်။ ငယ်သူငယ်ချင်းတွေ အဖွဲ့လိုက် ရိုးရိုးသားသား ပျော်ပျော်ရွှင်ရွှင် သွားခဲ့ကြတယ်။ အလုပ်တွေ အများကြီး ပင်ပန်းကြတဲ့အခါ အပန်းဖြေခရီး ထွက်ကြတဲ့သဘော ပါပဲ"

"မိသားစုနဲ့သွားလည်းရတာပဲ…ရှင့် ငယ်ရည်းစားနဲ့ သွားတာ လုံးဝ မကျေနပ်ဘူး"

"ဟ…မိသားစုနဲ့လည်း သွားတာပဲလေ။ ငါ့သူငယ်ချင်း တွေက လခစား၊ ကျောင်းဆရာမတွေ။ သူတို့ မသွားနိုင်လို့ ငါ့ကို လိုက်ပို့ခိုင်းတယ်။ ကုသိုလ်တောင်ရသေးတယ်"

"ဩ…ရှင်က ရေမြွေရှင် ဒကာတေတော်ကြီးပေါ့လေ။ ရှင်တို့ (၃)ရက်လုံးလုံး ငပလီမှာ အကြည်ဆိုက်ခဲ့ကြတာ ကျွန်မ မသိဘူးမှတ်လို့လား။ ရှင် ဒီအခြေအနေထိဖြစ်လာတာ ဘဝမမေ့ ပါနဲ့။ ကျုပ်မိဘရဲ့ အထောက်အပံ့နဲ့နေရတဲ့ တိုက်၊ စီးရတဲ့ ကားဆိုတာလည်း မမေ့နဲ့"

သူက မဆိုင်တာတွေပါ ဆွဲထည့်ပြောလာလျှင် နိုင်စွမ်း၏ နလုံးသွေးတွေ ပွက်ပွက်ဆူလာ၏။

"မင်းက ဘာဖြစ်ချင်တာလဲ…ပြော…ငါ့ကို ဒီတိုက်ပေါ်

က မောင်းထုတ်ချင်တာလား။ ကားက ငါ ဝယ်ထားတဲ့ကားပါ"

"ကျုပ်က သဘောပြောတာပါ။ ရှင် ဘဝမေ့ပြီး အောက်ခြေလွတ် ထင်ရာစိုင်းနေလို့ ပြောရတာ"

နိုင်စွမ်း မျက်ခုံးပင့်သွားရပါ၏။

သည်အလုံးကမှ ပိုပြီး နာဖို့ကောင်းတာ။ ရှင် ဘဝမေ့ပြီး အောက်ခြေလွတ် ထင်ရာစိုင်းနေလို့ ပြောရတာတဲ့။

နေစမ်းပါဦး…ကြည်သာချိုနှင့် လက်ထပ်တော့ သူ သွားဆရာဝန်ကြီး ဖြစ်နေပါပြီ။ ဆေးခန်းဖွင့်ပြီး လူနာတွေလည်း သဘောကျနေပါပြီ။

ကြည်သာချိုနှင့် လက်ထပ်သည့်အတွက် ဘာတွေတိုးတက် သလဲ၊ သူဌေးသမီးကိုရပေမယ့် ကိုယ်ပဲ ရှာကျွေးနေတာပါ။

သူမကလည်း စတိုးဆိုင်ဖွင့်ပါ၏။ နောက်…သူ့မိဘခြံထဲ မှာ တိုက်ဆောက်ခွင့်ရသည်။

သို့သော် ကိုယ်ဖွင့်နေသည့် ဆေးခန်းနှင့်တိုက် ကိုယ့်ငွေနှင့် ဝယ်ထားတာပါ။

ကားကလည်း ကိုယ့်ကားပါပဲ။

အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနှင့် ပညာမဲ့စွာ၊ ဂုဏ်မဲ့စွာ ယောက္ခမအိမ် တက်လာတာကျနေတာပဲ။

"ကောင်းပြီ…မင်းပြောတဲ့စကားတွေ မင်း ပြန်ပြီးသုံးသပ်၊





မင်းစကားတွေက ငါ့မာနကို ထိတယ်။ မင်း ငါ့ကို ပြန်ပြီး တောင်းပန်မှ ငါ ကျေနပ်နိုင်မယ်။ ဒါပဲ"

နိုင်စွမ်း…ကြည်သာချိုကို ကျော်ခိုင်းခဲ့ပြီး ကိုယ့်အိတ် ဆွဲကာ ကားပေါ်တက်၊ ဆေးခန်းသို့၊ ဆေးရုံသို့သွားရန် ထွက်ခဲ့ ပါတော့သည်။

## အခန်း (၂၀)

အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်ဆိုတာ ဒါလား။

သည်ဇာတ်လမ်းမှာ ဘယ်သူလွန်သလဲ။ ဘယ်သူမှားသလဲ။

ရဲဒီပါ စိတ်မချမ်းသာ။ ကိုယ်က ဇာတ်ပို့လား၊ ဇာတ်ရန်လား။

ကိုယ့်ကိုပဲ အစ်မတွေက သစ္စာဖောက်ကြီးအဖြစ် စွပ်စွဲလို့။

ကိုယ့်ဇာတ်လမ်းကရော မပြောမိက ကြိုသိနေရပြီ။

ဝါဆိုဟာ အရွယ်ငယ်ပေမယ့် အသိအလိမ္မာရှိသည့် မိန်းကလေးပါ။ သူများမိန်းကလေးတွေလို ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား မဟုတ်။





ရုပ်ကရော…

အပြင်အဆင်၊ အခြယ်အသ မပါဘဲနှင့်ကို ချောမောလှပပြီး ချစ်စရာကောင်းသည့် မိန်းမငယ်လေးပါ။

သူကလေးက ခြယ်ခြယ်သသ မနေသေးလို့သာ။ ကျောက်ရိုင်းတုံးလေး။ ဆွဲဆောင်မှုရှိသည့် မိန်းကလေးပါ။

ဖူးစာပါရင်တော့ ဆုံရမှာပေါ့လေ။

ဟာ…မဟုတ်သေးပါဘူး။ ကျားရဲရာ ကြမ္မာမရှိးသာဆိုသလို သည်လောက် ချောမောချစ်စရာကောင်းသည့် စိတ်သဘောထားဖြူစင်ပြီး လိမ္မာသည့် ကောင်မလေးတစ်ယောက်ကို သူ ချိတ်မထားလိုက်နိုင်ရင် သူများ ဦးသွားမှာပေါ့။

မသမာသူတွေရဲ့လက်ထဲမှာ ပန်းဖူးလေး ပါသွားမှာပေါ့။

ရဲဒီပါ သူ့အစ်မတွေလို မိန်းမမျိုးကို လုံးဝ မလိုချင်ပါ။

ရုပ်တွေချောပေမယ့် ယောကျ်ားနိုင်ပြီး တော်တော်မိုလ်ကျစိုးမိုးတတ်သည့် သူ့အစ်မတွေ။

မိဘက ပစ္စည်းရှိ၊ ရုပ်တွေကချော၊ ပင်ကိုမူလ စိတ်ဓာတ်တွေအရလည်း မာနကြီးကြသေးရာ ရဲဒီပါကတော့ ကိုယ့်အစ်မတွေလိုမျိုး မိန်းမများကို ဝေးဝေးက ရှောင်မည်။

ယောကျ်ားပဲ။

ဘယ်လိုမိန်းမမျိုးကိုယူယူ ကိုယ်ရှာကျွေးရမှာ အသေအချာ။

ကိုယ်ကလည်း ရှာကျွေးရသေး၊ သားကို သခင်၊ လင်ကို ဘုရားလို သဘောမထားမည့် မိန်းမမျိုးကိုတော့ မလိုချင်ပါ။

သူ့အစ်မတွေဟာ ရဲဒီပါ ပြောစကားလည်း မယုံကြပါ။ လိုင်းပေါ်တင်လိုက်ကြသည့် ဓာတ်ပုံတွေကိုကြည့်ပြီး သဝန်တွေတို၊ စွပ်စွပ်စွဲစွဲတွေလုပ်။

ဓာတ်ပုံတွေကတော့ အုပ်စုလိုက် ပျော်ရွှင်နေကြသည့်ပုံတွေ။ ရေကူးနေကြသည့်ပုံတွေ။ ပုလဲကျွန်းမှာ ထမင်းစားနေကြသည့်ပုံတွေ။

ထုံးစံအတိုင်း အကို့အနားမှာ အန်တီခိုင်၊ သူ့အနားမှာ ဝါဆို။ ကျန်အန်တီတွေလည်း ဝိုင်းပတ်ပြီး ပျော်ရွှင်နေကြတာပါပဲ။

ပုံထဲမှာ အန်တီခိုင်ကလည်း လှပနေသဖြင့် သူ့အစ်မ ပိုပြီး မနာလိုဖြစ်ရသည်။

"နင်က…သူ့သမီးကို ထိုးပေးထားတော့ ဘာမှ မမြင်မကြားတော့ဘူးပေါ့။ ကိုယ့်အစ်မအရင်းကိုတောင် သစ္စာဖောက်တဲ့ကောင်…အံ့ပါရဲ့။ ဟိုကောင်မကလည်း ကိုယ့်သမီးတစ်ယောက်လုံးကိုတောင် ထိုးပေးသတဲ့။ ဘယ်လို အပေအတေတွေ၊ အောက်တန်းစားတွေပါလိမ့်"

"ကိုဒီ…နင် အဲဒီ့လူတွေ၊ အဲဒီကောင်မတွေနဲ့ အဆက်အသွယ်ရှိသလား…မှန်မှန်ပြော"





နာဇီစစ်စခန်းလိုလို၊ ဖက်ဆစ်စခန်းလိုလို။ ညီအစ်မ (၃) ယောက်ပေါင်းပြီး ရဲဒီပါကို နှိပ်ကွပ်မေးမြန်းနေကြတော့…

ရဲဒီပါလည်း အိမ်မကပ်တော့ပါ။ လျှောက်လေနေတာမျိုး မဟုတ်ဘဲ ရရာအလုပ်ကို လျှောက်နေလေ၏။

သူငယ်ချင်းများနှင့်အတူ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ခွင့်ရသွားလို့ တော်သေးသည်။ သူက ဘီအီးဘွဲ့ရမို့ လစာတော့ အကောင်းသား။ တစ်လကို (၅)သိန်းတောင်။

သူကလည်း ကွန်ပျူတာတွေ၊ ဒီဇိုင်းတွေ အကုန်ကျွမ်းကျင်သည်။

အိမ်မှာလည်း ဖေဖေနှင့်မေမေကို သူ အပြတ်ပြောထားလိုက်ပြီ။

"ဖေဖေရော…မေမေရော သား ပြောထားမယ်နော်။ မမကြည်သာက သူ အကိုင်အတွယ်မတတ်လို့ သူ့ယောကျ်ားနဲ့ အဆင်မပြေဖြစ်နေတာ။ သားကို ရှုံးမဲမဲတယ်။ ကျန်တဲ့အစ်မ (၂)ယောက်ကလည်း သားကိုပဲ ဖိကြဝိုင်းပြောကြတယ်"

"ငါ့သားလေး သနားပါတယ်။ လိမ်လိမ်မာမာလေးကို မေမေ ပြောပေးပါ့မယ်"

"မေမေလည်း ပြောထား၊ သားကို စိတ်ညစ်အောင်လုပ်ကြရင် သား အဆောင်မှာ သွားနေမယ်။ ကုမ္ပဏီမှာနေလည်း ရတာ

ပဲ။ မေမေ့သမီးတွေက လွန်လွန်းတယ်။ သား မိန်းမယူရင် အဲဒီလို ယောကျ်ားကို တအားနိုင်စားတဲ့ မိန်းမမျိုး တစ်သက်လုံး မယူဘူး"

"အေး…ဟုတ်တယ်…မင်း…သမီးတွေကို စွာလွန်းတယ်။ ယောကျ်ားအပေါ် နားလည်မှုမရှိကြဘူး။ သူတို့က မလှုပ်နိုင်အောင် တုပ်ထားတယ်ထင်ပေမယ့် ကြာရင် ယောကျ်ားတွေက ရုန်းထွက်သွားတတ်တယ်။ အိမ်ထောင်တစ်ခုဆိုတာ ဖမတ္တာနဲ့ ချည်နှောင်မှ မြဲကြတာ။ ဩဇာအာဏာနဲ့ ချည်နှောင်လို့ မမြဲဘူးဆိုတာ မင်းရဲ့သမီးတွေကို ပြောပြလိုက်ဦး"

"ကျွန်မလည်း မနိုင်ပါဘူး…အကိုရယ်၊ တစ်သက်လုံးက အလိုလိုက်ထားတော့ ခုမှ ပြောမနိုင်တော့ဘူး"

"သူတို့က အိမ်ထောင်ခွဲတွေဖြစ်ပြီး ဖေဖေတို့…မေမေတို့ကိုလည်း လာ..လာပြီး ဩဇာပေး။ သားကိုလည်း လာပြီးဗိုလ်ကျ၊ သား ပြောထားတယ်နော်။ မေမေတို့ မဆုံးမရင် သား ကုမ္ပဏီမှာ သွားနေလိုက်မယ်…ဒါပဲ"

"ပြောပါ့မယ် သားရယ်…ပြောပါ့မယ်။ မေမေ့သား အငယ်ဆုံးလေး…အလိမ္မာဆုံးလေးကို မေမေက ကိုယ့်ရင်ခွင်ထဲမှာပဲ ထားချင်တာပါ"

တော်ပါသေးရဲ့။ ဖေဖေနှင့်မေမေက သူ့ဘက်မှ ရပ်တည်ပေလို့။

ရဲဒီပါ အလုပ်သွားဖို့အတွက် အိမ်မှ ကားနှင့် သွားရပါသည်။

ရင်ထဲမှာတော့ သက်ထားဝါဆိုကို သတိရနေမိပါသည်။

ချာတိတ်ရေ…

ကိုကို အတောင်ပံတွေ သန်စွမ်းအောင် စတင်ပြီး ကြိုးစားနေပါပြီ။

အိမ်က သဘောမတူလည်း ချာတိတ်ကိုပဲ ကိုကို ရအောင်ယူမှာပါနော်။

# အခန်း (၂၁)

နိုင်စွမ်း ဆေးခန်းမှာပဲနေသည်။ ဆေးခန်းက အကျယ်ကြီး။ သူတစ်ယောက်တော့ ချောင်ချောင်ပင် နေလို့ရသည်။ ချက်စားလို့လည်း ရသည်။ ဝယ်စားလို့လည်း ရသည်။

မိန်းမကတော့ အမျိုးမျိုး စွပ်စွဲနေတာပါပဲ။ သူ အာရုံနောက်သည်။ ကိုယ်က ဖောက်ပြားမည့်လူမျိုးလည်း မဟုတ်။

လောလောဆယ် နားငြီးသက်သာအောင် ဆေးခန်းမှာ နေလိုက်တာပါ။

တော်ပြီ…ကိုယ်ကတော့ ဘယ်တော့မ မိန်းမအိမ်ပေါ် သူ မခေါ်ဘဲ ပြန်မတက်တော့ဘူး။





သူခေါ်ရင်တော့ တစ်မျိုးပေါ့။ သူကလည်း မာနမင်းသမီးမို့ ဇာတ်လမ်းက ထူးမခြားနား။

ခိုင်က အခြေအနေတွေ ဖုန်းဆက်မေးတာမို့ သူ ဖြောင့်ကွယ်ကွယ်ရသည်။

"နည်းနည်းတော့ ပြဿနာတက်တာပေါ့ ခိုင်ရယ်။ ဒါပေမဲ့ (၂)ယောက် မရိုးမသား မလုပ်ခဲ့တာ နတ်၊ သိကြားတွေ သိပါတယ်ကွာ။ ဘာမှမစိုးရိမ်ပါနဲ့။ ခိုင်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်…ကိုနိုင် ပေးလိုက်တဲ့ ပုစွန်ခြောက်တွေ၊ ငါးခြောက်တွေနဲ့ သားအမိတွေ စိုပြည်နေကြတယ်။ ကျေးဇူးပါ ကိုနိုင်ရယ်။ ဒါပေမဲ့ စိတ်ထဲမှာ လိပ်ပြာမသန့်ဘူး။ ကိုနိုင့်ကို ခိုင် မြူစားချူစားသလိုဖြစ်နေမှာ အရမ်းစိုးမိတယ်"

"တော်…တော်…ခိုင်၊ ကိုယ်က မိဘညီအစ်ကို မောင်နှမတွေကို ထောက်ပံ့သလိုမျိုး ခိုင့်ကို စေတနာသန့်သန့်နဲ့ ထောက်ပံ့ခဲ့တာ။ ဘာကိုမှ မမျှော်ကိုးဘူး"

"ခိုင် သိပါတယ်ရှင်…ကိုနိုင် မကြိုက်ရင် မပြောတော့ပါဘူး"

ပေလီမှ ပြန်လာကတည်းက တစ်လပြည့်တော့မည်။ သူကလည်း အိမ်မပြန်။ ကြည်သာချိုကလည်း လာမခေါ်။ သားနှင့်သမီးကတော့ သူတို့ဦးလေး ရဲဒီပါနှင့်အတူ သူ့ဆီ လိုက်လိုက်

လာကြသည်။

*သူကတော့ ပုံမှန်ချီတက်လျက်ပါပဲ။ ဆေးခန်းမှရသည့်* ငွေတွေကို များလျှင်ဘဏ်ထဲသွင်းထားသည်။ သူ အလဟဿ လုပ်မပစ်ပါ။

မိဘများထံ တစ်လ (၂)သိန်း ထောက်ပံ့သည်။ ညီအစ်ကို မောင်နှမများက လိုအပ်လျှင် ချေးသည်။ ဉာတကာနဉ္စ သင်္ဂဟော မဟုတ်ပါလား။

ကိုယ့်မိဘ၊ ညီအစ်ကို၊ မောင်နှမက ကိုယ့်ကို ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့ကြတာ။

မိန်းမက ဒါတွေလည်း သိပ်ကျေနပ်တာ မဟုတ်။ သူက ယောက်ျားရှာလို့ရသမျှ သူပဲ အားလုံး လက်ဝါးကြီးအုပ်ချင်တာ။

သူကတော့ တည်မြဲတဲ့ဘုရား ဋ္ဌင်းတပဲနားနား။ သားနှင့်သမီးတို့၏ မျက်နှာကို ထောက်ထားပြီး သည်ထောင်၊ သည်လှောင်အိမ်ထဲမှ ရုန်းမထွက်တော့ပါ။

လည်စင်း၊ အံခဲပြီး ခံလိုက်ပါတော့မည်။

* * *

ရဲဒီပါ အလုပ်လုပ်သည့်ကုမ္ပဏီမှာ မိန်းကလေးတွေလည်း အများအပြား။ အရောင်းဝန်ထမ်းတွေပေါ့။





သည်နေ့ သူ အလုပ်နောက်ကျလို့ ကားရပ်သည်နှင့် အလျင်အမြန် ကိုယ့်နေရာသို့ သွားဖို့ပြင်ရသည်။

ခါတိုင်းလို ဣန္ဒြေနှင့်မဟုတ်ဘဲ အပြေးအလွှားဖြစ်နေတော့ ဓာတ်လှေကားထဲမှ ထွက်လာသည့် ကောင်မလေးတစ်ယောက်နှင့် တိုက်မိလိုက်သည်။

"ဒုန်း"

"အိုး"

သူ့ကို တမင်ငြိအောင် ဓာတ်လမ်းထွင်တာလားရယ်လို့ သူ စိတ်တိုတိုနှင့် ကြည့်မိတော့..

"ဝါဆို"

ကုမ္ပဏီယူနီဖောင်းဖြစ်သည့် စပို့ရှပ်အဖြူနှင့် စကတ်နက်ပြာက ဒူးအထက် လက်တစ်လုံး။ ရှင်းသန့်လှပနေလိုက်တာကလည်း သိသိသာသာ။

ခါတိုင်းလို သနပ်ခါးမလိမ်းဘဲ မိတ်ကပ်ပါးပါးလိမ်းထားရတာကြောင့် အစစအရာရာ အဆင်ပြေနေလေ၏။

"ဝါဆို"

"ကိုကို"

အခြားသူတွေ ဓာတ်လှေကားထဲ ဝင်ကြထွက်ကြနှင့် အလုပ်ရှုပ်နေကြပေမယ့် ရဲဒီပါကတော့ ပျောက်ဆုံးသွားသည့်

ရတနာကို ပြန်တွေ့ရသည့်နှယ်။

ကုမ္ပဏီတစ်ခုထဲမှာ လာပြီးဆုံတွေ့ရတယ်လို့ကွယ်။

"အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ။ ကိုကိုနဲ့ တစ်ခါမှ မဆုံဘူးနော်။ ဒီနေ့မှ ကံကောင်းလို့ တွေ့ရတာ"

"ဝါဆို အလုပ်ဝင်တာ (၁၀) ရက်လောက်ပဲ ရှိပါသေးတယ်ရှင်...ကိုကိုရော"

"ကိုကိုက (၂)ပတ်လောက် ရှိပြီ။ ငပလီက ပြန်လာကတည်းက အိမ်က အစ်မတွေ ပြဿနာရှာလို့ ချက်ချင်း အလုပ်ရှာ၊ အလုပ်ဝင်လိုက်တာ။ အေးရော"

"ဩော်"

သူမအသွင်က ဆွေးဆွေးမြည့်မြည့် ဖြစ်သွားသဖြင့် ရဲဒီပါ ဖျောင်းဖျရပါသည်။

"ဘာမှမဟုတ်ပါဘူးကွာ... ကိုကို့အစ်မတွေကိုက အင်မတန် ပစိပစပ်များတယ်။ နားလည်မှု...ညှိနှိုင်းမှု မရှိကြဘူး။ သူတို့သာ လွှတ်တော်အမတ် ခန့်လိုက်ရရင် တိုင်းပြည်တော့ ဝက်ဝက်ကွဲသွားမှာပဲ"

"အခု ဝါဆို ဘယ်မှာနေလဲ"

"ဒီကုမ္ပဏီမှာပါပဲ ကိုကို၊ အလုပ်သမားတွေ နေဖို့ အဆောင်ရှိတယ်လေ"





"ဩော်...အမျိုးသားတွေရော နေကြသလား"

"တစ်ဆောင်စီပါ...အတူတူ မဟုတ်ပါဘူး"

"တော်ပါသေးရဲ့၊ ဒါထက် ဝါဆို့မှာ ဖုန်းရှိပြီလား"

"ဖုန်းမရှိလည်း ဝါဆိုက ဘာလုပ်တာမှတ်လို့။ ပြဿနာမရှိပါဘူး။ အိမ်ဆက်ချင်ရင် ပိုက်ဆံပေးဆက်လိုက်တာပဲ"

"ကိုကို ပေးမယ်၊ ကိုကို့မှာ ဖုန်း (၃)လုံး ရှိတယ်။ တစ်လုံး ပေးမယ်"

"ဟင်...(၃)လုံးကြီးတောင်...ဘာလုပ်ဖို့"

"ဘာရယ်မဟုတ်ဘူး...အဘိုးက ပေးလိုက်၊ အဘွားက ပေးလိုက်၊ ကိုယ့်ဘာသာ ဝယ်လိုက်...ကဲ...နေ့လယ်ကျမှ တွေ့မယ်နော်။ ကိုကို အလုပ်လုပ်လိုက်ဦးမယ်"

"အင်းပါ"

ဝါဆိုလည်း သူ့အလုပ်ကျရာနေရာသို့ သွားလေတော့မှ သူ ခတ်လေ့ကားထဲသို့ ဝင်လိုက်သည်။

ရဲဒီပါ အလွန်ဝမ်းသာနေမိပါ၏။ ပျောက်ဆုံးနေသည့် ယမင်းရုပ်ကလေးကို ပြန်တွေ့ပြီ။ ရေစက်ဆိုတာ ဒါမျိုးလား။

ရဲဒီပါ လေတချွန်ချွန်နှင့် ကိုယ့်အလုပ်စားပွဲသို့ ရောက်လာခဲ့ပါသည်။

* * *

နေ့လယ် ထမင်းစားချိန်မှာ…

ကုမ္ပဏီက နေ့လယ်စာ ကျွေးပါသည်။

ရဲဒီပါ…ဝါဆိုရှိရာနေရာသို့ ကိုယ့်ပန်းကန်ယူပြီး သွားစားလိုက်တာပေါ့။

သူတို့ကတော့ အရာရှိစာရင်းဝင်။ ဝါဆိုတို့က အောက်ခြေဝန်ထမ်း အရောင်းစာရင်းလေး။

"ဝါဆို…ပြောပြပါဦး၊ ဘယ်လိုတွေဖြစ်"

"ဘယ်လိုမှ မဖြစ်ပါဘူး။ ဝါဆို ဘယ်မှမတက်တော့ဘူး။ အဝေးသင်နဲ့ပဲ ဘွဲ့ယူမယ်။ ဘွဲ့ရမှ ကျောင်းဆရာမ လျှောက်မယ်။ လောလောဆယ် အလုပ်ဝင်လုပ်လိုက်တော့ မေမေ အဆင်ပြေသွားမှာပေါ့"

"ဝါဆို့မေမေက ဝါဆို့လစာရမှ အဆင်ပြေမှာလား"

"ဟာ…ကိုကို…ဒီခေတ်လူနေမှုစရိတ်နဲ့ မေမေ့လစာလေးနဲ့ ကျပ်တာပေါ့။ ဝါဆို အလုပ်လုပ်တော့ ကိုယ့်အတွက်လည်း စားစရိတ်သက်သာ၊ မေမေ့ကိုလည်း ငွေလေးဘာလေး ပြန်ပေးနိုင်မယ်"

"အင်း…ဝါဆိုနော်…ငွေနောက်လည်း ကောက်ကောက်ပါအောင် လိုက်မနေနဲ့။ နီနီနိုင်ရေးတဲ့ ကမ်းမဲ့ပင်လယ်ထဲကလို စက်ရုံမှာ အလုပ်လုပ်နေတဲ့ ကောင်မလေးတွေကို လူကုန်ကူးတဲ့





မိန်းမတွေက ထိုင်းမှာ တစ်လ (၅) သိန်းရမယ်၊ (၄)သိန်းရမယ်နဲ့ စည်းရုံးသိမ်းသွင်းပြီး ရောင်းစားခံရတာမျိုး ဖြစ်နေဦးမယ်။ သူများပြောတိုင်း မယုံနဲ့။ ဝါဆိုက ခုမှ ကလေးသာသာ ရှိသေးတယ်။ လောကအကြောင်း၊ ဘဝအကြောင်း ဘာမှ ရေရေရာရာ သိတာ မဟုတ်သေးဘူး"

ထမင်းစားရင် ရသည့်အချိန်လေးမှာ ကိုယ့်ချာတိတ်ကို လိုရင်းဆုံးမရသည်။ ကိုယ်ချစ်ရဖို့ထက် ကိုယ့်ချာတိတ်လေး ဘေးမသီ ရန်မခ ရှိစေချင်တာပါ။

"ဝါဆို…သိပါတယ်၊ ဘဝအကြောင်းလည်း သိပါတယ်။ မေမေနဲ့အတူ ဘဝကို ရင်ဆိုင်ခဲ့ရပါပြီ"

"မတူဘူး…ဝါဆို ရင်ဆိုင်ခဲ့ရတဲ့ဘဝက ရိုးရှင်းတယ်။ မိဘရဲ့အရိပ်အောက်မှာ…မိဘရဲ့အကာအကွယ်ပေးမှုအောက်မှာ ရင်ဆိုင်ခဲ့ရတာ။ ဘာအန္တရာယ်မှ မရှိဘူး။ ကြက်မကြီးရဲ့ ရင်ခွင်ထဲက ကြက်ပေါက်လေးလို နေခဲ့ရတာ။ အရေးကိစ္စရှိရင် မိခင်က အသက်စွန့်ပြီး ကာကွယ်ပေးတာ"

"အခုကျ…ဝါဆို့အဖြစ်က ငါးကလေး၊ ပုစွန်ဆိတ်ကလေး တစ်ကောင် အပြောကျယ်တဲ့ ပင်လယ်၊ မာယာပင်လယ်ကြီးထဲ ရောက်လာသလိုပဲ။ ရော့…ကိုကို့ဖုန်းတစ်လုံး ယူထား။ ဆင်းကဒ်အသစ် ထည့်ပေးထားတယ်။ ကိုကို့ဖုန်းနံပါတ်တွေ

ထည့်ပေးထားတယ်။ ရဲစခန်းဖုန်းနံပါတ် ထည့်ပေးထားတယ်။ ဦးဆရာရဲ့ ဖုန်းနံပါတ်လည်း ရှိတယ်။ အရေးကြုံတိုင်း ဆက်ပါ။ အကူအညီတောင်းပါ''

''ကိုကိုပြောတာနဲ့ အသက်တောင် မရှူရဲတော့ဘူး''

''တွေ့လာပါလိမ့်မယ်…ကောက်ကျစ်စဉ်းလဲတဲ့ လောကဓံတွေနဲ့ မကြုံပါစေနဲ့လို့သာ ကိုကို ဆုတောင်းပေးပါတယ်''

ရဲဒီပါပေးသည့် ဖုန်းလေးကို မယူချင်ပေမယ့် ဝါဆို ယူလိုက်ရပါသည်။ ဝါဆိုက ဖုန်းတွေဘာတွေလည်း နားမလည်။ လိုချင်မျက်စိလည်း မရှိလို့ သည်ဖုန်းဟာ နာမည်ကြီးတံဆိပ်တစ်ခု ဖြစ်မှန်းလည်း မသိ။

ဘယ်လောက်တန်မှန်းလည်း မသိပါ။

''ကိုကို့ဖုန်းကို ခဏငှားတာနော်။ ဝါဆို ဝယ်နိုင်ရင် ပြန်ပေးပါ့မယ်''

''ကိုကို့မှာ (၃)လုံးတောင် ရှိတာပါကွာ…အပြီးယူထားစမ်းပါ။ ကိုကိုပေးတဲ့ ဖုန်းနဲ့ ကောင်လေးတွေကို ဖုန်းကျူမနေရင် ပြီးတာပါပဲ''

''ဟင်…ဝါဆို့မှာ ယောကျ်ားလေးသူငယ်ချင်းတောင် မရှိပါဘူးရှင်…ဖေဖေနဲ့မေမေရဲ့ ဖုန်းနံပါတ်တွေတော့ ကိုကို ရိုက်ထည့်ပေးဦး။ ဝါဆို မလုပ်တတ်ဘူး''





သူကလေးပြောသည့် မိဘတွေ၏ ဖုန်းနံပါတ်များကို ဖုန်းထဲ ရိုက်ထည့်ပေးရသည်။

ဝါဆို့စိတ်ထဲမှာ ထင့်နေမိသည်။

ပေလီကအပြန် ကိုကို လက်ဆောင်တွေပေးတုန်းကလည်း ဝါဆို ယူချင်တာမဟုတ်။ မိန်းကလေးတွေ ယောကျ်ားတွေကို မြူစားတယ်၊ ချူစားတယ်လို့ အပြောမခံနိုင်။

''ဝါဆို မယူချင်ဘူး…ကိုကို့အိမ်ကိုသာ ယူသွားပါ။ ဝါဆို ပေလီ ရောက်ဖူးရတာနဲ့ကို ကျေးဇူးတင်လှပါပြီ''

''အို…အစကတည်းက အိမ်ဖို့ ဝယ်တာမှမဟုတ်ဘဲ။ ကိုကို့အစ်မ သူဌေးမကြီးတွေ…ပဂေးမကြီးတွေကလည်း ဒီခရုပုတီးတွေ…ခရုရုပ်တွေကို အရေးမစိုက်ပါဘူး။ ဝါဆိုသာ မျက်လုံးလေးတွေ အရောက်တောက်အောင် ပျော်မှာပါ။ ကိုကို သိပါတယ်။ ယူ…ဝါဆို့ဖို့ ဝယ်တာ''

ကိုကိုပေးသည့် ခရုရုပ်တွေ၊ ခရုပုတီး၊ ဖန်စီပုလဲပုတီး၊ ပုလဲလက်ကောက်တွေက တစ်ထုပ်ကြီး။ ဝါဆို ရင်ထဲမှာ နင်နေသည်။

''အများကြီးပဲ…ဘယ်လောက်ဖိုးတောင် မသိဘူး။ ဒီလောက် တန်ဖိုးအများကြီး ဝါဆို မလိုချင်ပါဘူး''

''ကဲ…မမ…အားလုံးပေါင်းမှ သုံးလေးသောင်းဖိုးပဲ

ရှိတယ်နော်…ကိုကို ဆိုင်တစ်ခါထိုင်ပဲ ရှိတယ်။ ဘာမှမဟုတ်ဘူး”

အတင်းပေးခဲ့ရသည့် ချာတိတ်မလေး။

ယခု ဝါဆို စိတ်ထဲ ထင့်ပြန်ပြီ။ ကိုကို့ဖုန်းက ပန်းသီး Apple လေးနှင့်။ ဒါဆို ဈေးကြီးမှာ။

“ဈေးပေါတဲ့ဖုန်း ငှားပါလားဟင်…တော်ကြာ”

“ဘာမှတွေးမနေနဲ့…ဒါ…ကိုကို့ပစ္စည်း”

သည်လိုနှင့် ရင်လေးလေးနှင့်ပင် ဝါဆို ကိုကို့ဖုန်းကို လက်ခံခဲ့ရသည်။

ငှားတာပါလေ။ ငါ ဖုန်းဝယ်နိုင်ရင် ကိုကို့ကို ပြန်ပေးမှာပါ။

သည်လိုတွေးလိုက်မှ ရင်ထဲမှာ နည်းနည်းနေသာထိုင်သာ ရှိသွားခဲ့ရသည်။





# အခန်း (၂၂)

အလုပ်ပိတ်ရက်မှာ ရဲဒီပါ ဝါဆို့ကို အိမ်သို့ အလည်ခေါ်လာခဲ့သည်။ ဝါဆိုက ကြောက်လို့မလိုက်ရဲ။ မလိုက်ချင်ပါ။

“ကိုကို့အစ်မတွေက မာနကြီးတယ်ဆို…ဝါဆို့ကို တစ်မျိုးထင်ပြီး ဝိုင်းပြောကြဆိုကြရင် အချောင်ခံနေရပါဦးမယ် ကိုကိုရယ်…ဝါဆို့ဘာသာ အေးအေးပဲ နေပါရစေ”

“မပြောစေရပါဘူး…အခု ဝါဆို့ကို ခေါ်တာလည်း ကိုကို့ညီမလေး…ကိုကို့မိတ်ဆွေအနေနဲ့ ခေါ်တာပါ။ ဝါဆိုက ငယ်သေးတော့ ကိုကို ချစ်စကားတွေတောင် မပြောရက်သေးပါဘူး”

ဝါဆိုက မျက်စောင်းလေးယောင်ယောင်ထိုးပြီး…

“ပြောပါတယ်နော်…ဝါဆို ကြီးရင် ကိုကို့ကို ယူရမယ်ဆို”

“အဟဲ…ဒါ…နေရာဦးထားတာပါ။ ကိုယ့်သက်လှယ်ကငယ်သေးတော့ ချစ်သူအဖြစ်တောင် တွဲရမှာ အားနာပါတယ်။ ကိုယ်ကသာ အားနာနေတာ။ သူကဖြင့် ရည်းစားတွေ ဘယ်နှယောက်တောင် ရှိခဲ့သလဲမသိ”

“ကိုကိုနော်…လူကိုများ သူ့လိုမှတ်လို့”

ကားပေါ်မှာ ရဲဒီပါ ဝါဆို့ကို စနောက်သွားတာပါ။ သည်နေ့ ဝါဆို့ကို အိမ်ခေါ်လာမည့်အကြောင်း မိဘတွေကို သူခွင့်ပန်ပြီးသား။

“သားချစ်သူ မဟုတ်ဘူးနော်။ သားညီမလေးလို ချစ်ရတဲ့ကောင်မလေးပါ။ ငယ်ပေမယ့် မိဘကို လုပ်ကျွေးနေတာ။ သူကနယ်ကပါ။ ဒီရန်ကုန်မှာ သားလုပ်တဲ့ ကုမ္ပဏီမှာ အရောင်းဝန်ထမ်း လာလုပ်နေရတယ်။ ရတဲ့လခ မိဘပေး၊ သူက အဝေးသင်တက်မယ်။ ဘွဲ့ရတော့ အလုပ်တစ်ခုခု လုပ်မှာပေါ့”

“သားက ဘာရည်ရွယ်ချက်နဲ့ အိမ်ခေါ်လာတာလဲ။ သားရည်ရွယ်ထားလို့လား”





“သူ့ခမျာ ကုမ္ပဏီကကျွေးတဲ့ ထမင်းစား၊ ညကျတော့လည်း ဖြစ်သလိုလေး စားနေရတာ သနားလို့ပါ။ ဖွယ်ဖွယ်ရာရာလေး စားစေချင်လို့ ခေါ်လာတာပါ။ ဘာမှမဟုတ်ပါဘူး”

“မေမေ မအားဘူးနော် သား၊ သွားစရာရှိဦးမယ်”

သူတို့အိမ်က အိမ်ဖော်တွေ ဘာတွေ ထားလေ့မရှိ။ တစ်ယောက်လောက်ပဲထားကာ ချက်တာပြုတ်တာက မေမေ။ သူလည်း ချက်တတ်ပါသည်။ ကိုယ်စားချင်တာ ချက်စားတာပါပဲ။

“အင်းပါ…ဝါဆို…သူ စားချင်တာလေးတွေ ချက်စားပါလိမ့်မယ်”

“အေး…ပြီးရော၊ သားမိတ်ဆွေလောက်ဆိုတော့ မေမေဧည့်ခံစရာ မလိုပါဘူးနော်”

“ဝါဆိုဝင်လာရင် နှုတ်ဆက်ရုံတော့ နှုတ်ဆက်ပေါ့ မေမေရယ်”

“အေး…ပြီးရော”

မေမေ့ကို ခွင့်တောင်းထားခဲ့ပြီးမို့ ရဲဒီပါ အိမ်ကိုခေါ်လာရင်း လမ်းမှာ ဈေးဝင်ဝယ်လိုက်သေး၏။

“ညီမလေး…စားချင်တာလေးတွေဝယ်၊ ကိုကိုတို့ အတူ

ချက်စားကြမယ်”

ဝါဆို သူစားချင်သည့် အသီးအရွက်လေးတွေ ဝယ်သည်။ သူမက အသီးအရွက်ကြိုက်သူ။ အသားငါး သိပ်မကြိုက်။

“ဝါဆိုက ငါးပိချက်၊ တို့စရာ စားချင်တာ ကိုကိုရ… ကိုကိုတို့အိမ်မှာ ရှိလားဟင်…ငါးပိ”

“ရှိတယ်…မေမေက ဖျာပုံသူလေ။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ကြိုက်တယ်။ ကိုကိုတို့လည်း စားပါတယ်။ မေမေ့ လောက်သာ မကြိုက်တာ”

“တော်ပါသေးရဲ့…ဝါဆိုက သူဌေးတွေဆိုတော့ ငါးပိ မစားဘူးလားလို့ပါ”

“သူဌေးလည်း ပါးစပ်နဲ့ပဲလေ။ ကဲ…ဝါဆိုရော…ကြီးလို့ သူဌေးဖြစ်ရင် ငါးပိ မစားတော့ဘူးလား”

“ဘယ်နေနိုင်မလဲ…စားမှာ”

“အေး…အဲလိုပေါ့”

သူတို့ကားလေး ခြံထဲရောက်သွားတော့ ဖေဖေနှင့်မေမေက အပြင်ထွက်တော့မည်။

“သား…ဘွားဘွားတို့ လာမှာ။ ဘုတာသွားကြိုမလို့… သမီးလေး…ကိုယ်စားချင်တာသာ ချက်စား၊ အန်တီတို့အတွက်





ပါ ပိုချက်နော်”

“ဟုတ်…ဟုတ်ကဲ့ပါ…အန်တီ”

လူကြီးတွေ ထွက်သွားတော့ အိမ်မှာ အိမ်အကူအဒေါ်ကြီး တစ်ယောက်နှင့် သူတို့ (၂)ယောက်။

“ကဲ…လာ…မီးဖိုထဲဝင်ကြစို့။ ဒေါ်သူ…လုပ်စရာရှိတာ လုပ်နော်။ ကျွန်တော်တို့က ကိုယ်စားချင်တာ ချက်စားကြမှာ”

“သြော်…အေး…ဒါဆို ဒေါ်သူ အိမ်ရှင်းမယ်။ မီးပူတိုက် မယ်…အဝတ်လျှော်မယ်”

“လုပ်…လုပ်”

မီးဖိုထဲမှာ (၂)ယောက်အတူ ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်ကြရင်း စကားတပြောပြော။

ဝါဆိုကတော့ ကိုယ်စားချင်တာလည်းချက်၊ သူတို့အိမ် အတွက်လည်း ချက်သည်။ ရဲဒီပါက လက်ထောက်အကူ။

ဝါဆိုကြိုက်တာကတော့ ငါးပိချက်၊ တို့စရာမျိုးစုံ။ မြင်းခွာ ရွက်သုပ်နှင့် ကန်စွန်းပလိန်းကြော်။

အိမ်သားတွေအတွက်ကတော့ အသားငါး။

နေ့လယ် (၁၁) နာရီလောက်မှာ လူကြီးတွေ ပြန်ရောက် လာတော့ အားလုံး ချက်ပြုတ်ပြီးနေပြီ။

"လာ…သမီး…အားမနာနဲ့၊ အန်တီတို့အိမ်ကို စားအိမ်သောက်အိမ်လို့ သဘောထား"

"ဟုတ်ကဲ့…ကျေးဇူးပါ…အန်တီ"

ဝါဆို ထမင်းပွဲတွေ ချူးခပ်ပေးပြီး လူကြီးတွေနှင့်အတူ ထမင်းစားနေစဉ် အပြင်မှပြန်လာသည့် ကြည်သာချိုနှင့် ကျန်ညီအစ်မ (၂)ယောက် ထမင်းစားခန်းထဲသို့ ဝင်လာကြသည်။

"ဟင်…ဒါ…ဒါ…ခိုင်နွဲ့ဝါသမီး မဟုတ်လား"

ကြည်သာချို လိုင်းပေါ်မှာ ပုံတွေ Save ယူထားတာမို့ ခိုင်နွဲ့ဝါရော၊ ဝါဆို့ကိုပါ သေချာသိသည်။ ဒါသက တချောင်းချောင်း ထွက်ပြီ။

သက်ထားဝါဆို ကြောက်လန့်ရပေပြီ။ ရဲဒီပါ သူ့မရှေ့မှ ရပ်ရတော့မည်ပေါ့။

"မမ…အဘွားတို့ရှေ့၊ လူကြီးတွေရှေ့မှာ စိတ်ကိုထိန်း"

"နင်က မျိုးကောင်းရိုးကောင်းတွေနဲ့ ခုထိ ပတ်သက်နေတုန်းကိုး…ကိုယ့်အစ်မရဲ့အိမ်ထောင်ရေး ကသိကအောက်ဖြစ်နေတာတောင် ဒီမျိုးဆ၂က်ကို အိမ်ထဲဆွဲသွင်းတုန်း…ကိုးကွယ်တုန်းလား"

ရဲဒီပါ မေမေ့ကို လှမ်းပြီးစစ်ကူတောင်းတော့ မေမေ သူ့





သမီးတွေကို တားရသည်။

"ဒီမှာ…ဖွားဖွားတို့ ထမင်းစားပျက်မယ်။ စိတ်ကိုထိန်း စမ်း…ကြည်သာ…နင့်ဒေါသနဲ့နင် ဖြစ်နေရတာ။ သူများတွေကို ဆွဲမထည့်စမ်းနဲ့။ သွား…ဧည့်ခန်းထဲမှာနေကြ"

သည်တော့မှ ညီအစ်မတွေ အပြင်သို့ ထွက်သွားကြသည်။ သြော်…ဥစ္စာမာန်၊ အလှမာန်၊ ယောကျာ်းမာန်တွေ တက်နေလိုက်ကြတာ။ လူကို လူလို့ပင် မမှတ်ထင်ကြတော့ပါလား။

ဝါဆို ထမင်းဆက်စားလို့ မရတော့ပါ။ ငေးမိငေးရာ ငေးရင်း မျက်ရည်တို့က မျက်ဝန်းမှာ ဖွဲ့အိုင်လာကြသည်။

လူကြီးတွေ စားသောက်နေတာတွေကြည့်လိုက်၊ ကျိုးကား သည့် လျှပ်စစ်ရေနွေးအိုးကို ကြည့်လိုက်··

"စားလေ…ဝါဆို"

"ဟုတ်"

လူကြီးများကတော့ ဝါဆိုချက်သည့် ဟင်းများကို ခံတွင်း တွေ့နေကြပုံ။ သူမ ချက်တတ်သလို ချက်လိုက်တာက သူတို့ နေ့စဉ်ချက်တာနှင့် မတူဘဲ တစ်မျိုးတစ်ဘာသာ စားလို့ကောင်း သွားကြပုံ။

"မြင်းခွာရွက်သုတ်လေး ကောင်းတယ်"

"ကန်စွန်းရွက်ကြော်လေးကလည်း အတော်ပဲ"

"အကောင်းဆုံးက ငါးပိချက်ပဲဟေ့…ဘယ်လိုဖျော်လိုက်တယ် မသိဘူး"

ဖိုးဖိုး၊ ဖွားဖွားနှင့် ရဲဒီပါ၏ မိဘ (၂)ပါးဖြစ်သည့် ဦးအေးသာနှင့် ဒေါ်ချိုချိုဝင်းတို့ပါ (၄)ယောက်လုံး ထမင်းစားလို့ မြိန်နေကြသည်။

ဝါဆိုကတော့ အပြုံးနွမ်းလေးနှင့် မချိသွားဖြဲရယ်လျက်…

မေမေ့ကို ဖောက်ပြန်နေတဲ့သူလို့ စွပ်စွဲနေကြတယ်။ ဦးဆရာရဲ့ ငယ်ရည်းစားဖြစ်တာနဲ့ ခရီးတစ်ခုတည်းကို အုပ်စုလိုက်သွားမိတာနဲ့ မေမေ့ကို ပက်ပက်စက်စက် ပြောရက်ကြတယ်။

ငါ လိုက်လာမိတာကိုက မှားပါတယ်လေ။ ကိုကို့ကို မခင်သင့်ဘူး။

ဝါဆို ဒီအိမ်ရောက်မှ ဦးဆရာနှင့် ဒေါ်ကြည်သာချိုတို့တွေ စကားများခဲ့ကြတာ၊ ဦးဆရာ အိမ်ကို ပြန်မလာတာ တစ်လရှိပြီဆိုသည့်အကြောင်းတွေ သိရပါသည်။

"မင်း…ငါ့ကို ပြန်ပြီးတောင်းပန်မှ ငါ ကျေနပ်နိုင်မယ်" တဲ့။





ဦးဆရာတို့လင်မယား၏ ကြားထဲမှာ မြေစာပင်က မေမေနှင့်ဝါဆို။

ကျွဲနှစ်ကောင်ခတ်သည့်ကြားမှာ အချောင်အမုန်းခံရသူတွေက မေမေနှင့်သူမ။

ကလေး (၂)ယောက်ကလည်း မြေစာပင်မဖြစ်။ ဒေါ်ကြည်သာချို တောင်းပန်လိုက်လျှင် အားလုံးကောင်းသွားမည့်ကိစ္စ။

"အား"

သည်စဉ် လျှပ်စစ်ရေနွေးအိုး မြှောက်ခဲဖြစ်ပြီး ပေါက်ကွဲလွင့်စင်ထွက်လာသည်ကို ဝါဆို အရင်ဆုံး မြင်လိုက်ရသဖြင့်…

လွင့်လာသည့်လမ်းကြောင်းရှေ့ရှိ ဒေါ်ချိုချိုဝင်းနှင့်အဖွားကို ဝါဆို လှမ်းပြီး ဆွဲချလိုက်ပါသည်။

"ခွမ်း"

ရေနွေးအိုးက နံရံကို ထိမှန်ပြီး ဂွမ်းခနဲ ပြုတ်ကျသွားလျှင် အားလုံးပင် ရင်တုန်ပန်းတုန်။

ဥက္ကာပျံလို လွင့်စင်လာသည့် ရေနွေးအိုးသာ ထိလိုက်ရလျှင် သားအမိ (၂)ယောက်လုံး တွေးရဲစရာမရှိ။

ရေနွေးပူရော၊ အိုး၏အရှိန်ရော အားလုံးပင် ထမင်းစားခန်းထဲမှာ ရုတ်ရုတ်သဲသဲ။

ဝါဆိုက ထမင်းစားချင်စိတ်မရှိတော့လို့ ကြည့်မိကြည့်ရာ ကြည့်ရင်း ရေနွေးအိုး လွင့်စင်ပေါက်ကွဲတာကို မြင်ရခြင်းပါ။

"အမလေး…သမီးရယ်…သမီးလေးရယ်…ကျေးဇူးတင်လိုက်တာ…ကျေးဇူးတင်လိုက်တာ"

"ငါ့သမီးပေးတဲ့အသက်ပဲ ရှိတော့တယ်။ နို့မို့…အပူလောင်တာရော၊ လန့်တာရော၊ အိုးအရှိန်နဲ့ပေါင်းပြီး ရှော့ရနိုင်တယ်"

"ဘာဖြစ်တာလဲ…ဘာဖြစ်တာလဲ"

ဧည့်ခန်းထဲမှ သမီး (၃)ယောက်လုံး ပြေးဝင်လာကြပြီး ထမင်းစားခန်းထဲမှာ ဝိုင်းပြီး ပြုစုဖေးမကြရစဉ်…

ရဲဒီပါ အကို့ကို လှမ်းခေါ်လိုက်သည်။

"အကို…အိမ်မှာ မေမေနဲ့ဖွားဖွား ဒဏ်ရာရထားတယ်။ လျှပ်စစ်ရေနွေးအိုး ထပေါက်ပြီး လွင့်စင်သွားတာ"

"ဟင်…ဒုက္ခပါပဲ…လာပြီ…လာပြီ…အကို လာပြီ"

ရေနွေးအိုးနှင့် တိုက်ရိုက်မထိပေမယ့် လန့်ပြီး နလုံးတုန်ကုန်ကြတာရယ်၊ ရေနွေးပူစင်တာရယ်တော့ ရှိနေတာပါပဲ။

လေတစ်လုံး၊ မိုးတစ်လုံးနှင့်ပြော၊ ဆင်းပြီး အတာက်ခက်နေသည့် အကို့ကို အိမ်ပြန်လာဖို့က ဒီနည်းပဲ အကောင်းဆုံး။

သူ့မမ မာနအိုးကြီးကလည်း ယောက်ျားကို ဘယ်လိုမှ ဝန်ချ





တောင်းပန်မှာ မဟုတ်။

ပြန်မလာရကောင်းလားရယ်လို့ တစ်မိသားစုလုံးကို ပတ်ရမ်းနေတာ။

ထမင်းပွဲကို ထားခဲ့ကြပြီး အားလုံးပင် ဧည့်ခန်းထဲရောက်ကြ၊ အဖွားနှင့်မေမေ့ကို တတ်သမျှ၊ မှတ်သမျှ ပြုစုကြရင်း ဒေါက်တာနိုင်စွမ်းအလာကို သူတို့ စောင့်နေကြရသည်။

အခြေအနေအရ ဝါဆိုက ဟီးရိုးဖြစ်သွားသဖြင့် ရန်လုပ်လည်း မခံကြရတော့။

ဝါဆိုကတော့ ဧည့်ခန်းထောင့်တစ်နေရာမှာ ကုပ်ကုပ်ကလေး ထိုင်နေမိပါ၏။

ရဲဒီပါ မေမေနှင့်ဖွားဖွားအနားမှာ စပါယ်ရှယ်နာ့(စ်) လုပ်နေရသည်။

မကြာမီ နိုင်စွမ်း၏ကား တိုက်ရှေ့သို့ ထိုးရပ်လိုက်ပြီ ဆေးအိတ်နှင့် ရေးကြီးသုတ်ပျာ ဆင်းလာလေ၏။

ရဲဒီပါစိတ်ထဲ ပြုံးချင်ချင်…

"ငါ့အကိုကတော့ အိုက်တင်ကတော့ ခပ်မိုက်မိုက်ပဲ"

"ဘာဖြစ်သွားသေးလဲ…မေမေ၊ ဖွားဖွား…လျှပ်စစ်ရေနွေးအိုးတွေက တစ်ခါ…တစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်လေ

ကံကောင်းလို့ပေါ့”

“ရေနွေးပူ နည်းနည်းပါးပါး စင်တာပါပဲကွယ်။ ရင်တွေ အရမ်းတုန်သွားလို့…မောတာ၊ ရင်တုန်တာပဲ ရှိပါတယ်”

နိုင်စွမ်း ယောက္ခမများကို ပြုစုကုသ ဆေးလိမ်းဆေးထိုး လုပ်ပေးပြီး ပြန်ဖို့ပြင်လျှင် မထင်မှတ်စရာ…

ဝါဆိုက ဦးဆရာ၏ရှေ့မှာ လက်အုပ်လေးချီပြီး မျက်ရည် လည်ရွှဲနှင့် တောင်းပန်လေတာ…

“ဦးဆရာ…ဦးဆရာတို့ ဇနီးမောင်နှံ မာနပြိုင်နေကြတာ တော်ကြပါတော့… ရပ်ကြပါတော့။ ကြားထဲက ဦးဆရာရဲ့ သားနဲ့သမီးလည်း စိတ်ဆင်းရဲနေကြပါပြီ။ ကလေးတွေ အရိပ်မဲ့ သလို ခံစားနေရပါပြီ”

“အဆိုးဆုံးက မေမေနဲ့ဝါဆို့ကို ဗီလိန်တွေ ဖြစ်စေတာပါပဲ။ မေမေက ဦးဆရာရဲ့ အရင်းနှီးဆုံး ငယ်သူငယ်ချင်း။ သူတို့ ပြောနေကြတဲ့ ငယ်ချစ်ဦးပဲ ထားပါဦးတော့။ မိသားစုကိုယ်စီ၊ ဘဝကိုယ်စီနဲ့ ကိုယ့်ခရီး ကိုယ်နှင်နေကြတဲ့အဖြစ်မှာ…ဦးဆရာ ခုလိုလုပ်နေတော့ မေမေဟာ သူများအိမ်ထောင်၊ သူများမိသားစုကို ဝင်ရှုပ်နေတဲ့ ဗီလိန်မကြီး၊ ဂုဏ်သိက္ခာမရှိတဲ့ မိန်းမကြီး ဖြစ်ရ တော့မှာပေါ့”





“ဦးဆရာ…အန်တီကို ခွင့်လွှတ်လိုက်ပါ။ ကိုယ့်ယောက်ျား ကိုယ်ချစ်လို့ သဝန်တိုတဲ့၊ ရန်လုပ်တဲ့ ကိုယ့်မိန်းမကို နားလည်ပေး လိုက်ပါ…စာနာပေးလိုက်ပါ။ ဝါဆိုတို့၊ မေမေတို့ကိုလည်း သူများလက်ညှိုးထိုးခံရတဲ့အဖြစ်က လွတ်ကင်းအောင် ဦးဆရာ နေပေးလိုက်ပါ”

“မေမေလည်း ဖေဖေနဲ့အတူ နေပြည်တော်ကို အလည် လိုက်သွားရတယ်တဲ့။ အားလုံး အဆင်ပြေနေကြတဲ့ ဘဝတွေကိုပဲ ဝါဆို မြင်ပါရစေ။ ဝါဆို ဘယ်လောက်ပင်ပန်းပင်ပန်း ဝါဆို့ ပတ်ဝန်းကျင်၊ ဝါဆို့အသိုင်းအဝိုင်းကြီးတစ်ခုလုံး ရယ်မောသံတွေ နဲ့ပဲ စိုပြည်သာယာစေချင်ပါတယ်ရှင်”

နိုင်စွမ်း တွေတွေကြီးရပ်ပြီး ရင်ထဲနင့်နေရစဉ် သူ့သားနှင့် သမီး၏ ကျောင်းကားထိုးဆိုက်လာပြီး ကလေး (၂)ယောက်လုံး သူ့ကို ပြေးဖက်လိုက်ကြသဖြင့် ဒေါက်တာကြီး အရှည်ပျော်သွား ရပါသည်။

“အိမ်ပြန်ကြမယ် ဖေဖေ၊ မေမေ ညတိုင်း တိတ်တိတ်လေး မျက်ရည်ကျနေတာ။ ဖေဖေ့ကို လွမ်းလို့တဲ့”

“ဟုတ်တယ် ဖေဖေ…နေ့တိုင်းပဲ ဖေဖေကြိုက်တဲ့ ပုစွန် ထုပ်ဟင်းတွေ ချက်လိုက၊ ဖေဖေက ပြန်မလာတော့ သားတို့ချည်း

စား…စားပစ်နေရတာ။ ပုစွန်ထုပ်တောင် မုန်းလာပြီ”

သားနှင့်သမီးက ဖအေ့လက်ကိုဆွဲပြီး သူတို့တိုက်ဘက်သို့ အတင်းခေါ်သွားတော့ နိုင်စွမ်း ယက်ကန်ကန်နှင့် ပါသွားရပေပြီ။

“ကြည်သာ…လိုက်သွားလေ၊ ညည်းအေ…ပြတ်နိုင်တာလည်း မဟုတ်ဘဲနဲ့။ မိန်းမ…ဒီတစ်လအတွင်း ပေါင် (၂၀) လောက် ဝိတ်ကျသွားတာ ငါ သိပါတယ်”

“ဝိတ်ချပြီးသား ဖြစ်သွားတာပေါ့။ လှသွားတာပေါ့… မမရယ်…လိုက်…လိုက်”

“နေပစေ…သူ့သား…သူ့သမီးနဲ့ အဆင်ပြေနေသားပဲ”

ကြည်သာချို ရှက်လို့ကပ်နေတာပါ။ ဝါဆို ဖြည်းညင်းစွာနှင့် တရွေ့ရွေ့ ကပ်လာပြန်သည်။ လက်အုပ်လေးချီလျက်…

“အန်တီ…သမီးတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရရင် ရှိခိုးတောင်းပန်ပါတယ်နော်။ ဦးဆရာက သူတော်ကောင်းပါ။ ဆင်းရဲချို့တဲ့တဲ့ ငယ်သူငယ်ချင်းတွေ စားဝတ်နေရေး အရေး (၃)ပါးနဲ့ပဲ လုံးလည်လိုက်နေတဲ့ သူငယ်ချင်းတွေကို တစ်သက်မမေ့အောင် ငပလီ လိုက်ပို့ပေးတာပါ။ အခြားရည်ရွယ်ချက်ဘာမှမရှိပါဘူး။ ငပလီကို ပို့ပေးတဲ့အတွက် ဦးဆရာကိုရော အန်တီကိုပါ အရမ်းကျေးဇူးတင်ပါတယ်”





“အန်တီ အာရုံနှောက်အောင် မလုပ်ပါဘူး။ ဝါဆို နောက်ဒီကို လိုက်မလာတော့ပါဘူးနော်”

လူလိမ္မာသမီး၊ လူယဉ်ကျေးမလေးမို့ နူးညံ့သော နှလုံးသားဖြင့် အားလုံးကို တောင်းပန်အဆင်ပြေအောင် လုပ်ပေးပြီး ဝါဆို အဆောင်ပြန်ဖို့ ထလိုက်ပါသည်။

“တစ်လုပ်စားဖူး သူ့ကျေးဇူးပါ။ ကိုကို့ကိုရော ဟောဒီက အဖွားတို့၊ အန်တီတို့အားလုံးကို ဝါဆို ကျေးဇူးတင်ပါတယ်။ ဝါဆို့ကို ခွင့်ပြုပါဦးနော်”

သက်ထားဝါဆို၏ အရည်အသွေး၊ နူးညံ့သိမ်မွေ့မှု၊ ပြဿနာတစ်ရပ်ကို ကြားဝင်ဖြေရှင်းနိုင်မှု။

အရည်အချင်းတွေကတော့ အံ့မခန်း။ (၁၀) တန်းအောင်ပြီး အသက်ကလေး (၁၇) နှစ်လောက်နှင့် မိဘကို ရှာဖွေထောက်ပံ့။

ကိုယ့်ဘဝအတွက်လည်း အဝေးသင်တက်၊ ဘွဲ့ယူ၊ ကွန်ပျူတာတွေ၊ သင်တန်းတွေ အလုပ်တစ်ဖက်နှင့်တက်မှာ။

ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ။

အလိမ္မာမလေး…

သည်ဘက်ခေတ်ရဲ့ ရှားပါးအဆင်လေး။

အဖိုးတန် မြ…

တရွေ့ရွေ့ ထွက်ခွာတော့မည့် သက်ထားဝါဆိုလေးကို အားလုံးပင် ကမန်းကတန်း ဆွဲထားလိုက်ကြပါသည်။

"ဟဲ့…ဟဲ့…နေစမ်းပါဦး သမီးရယ်…ကျေးဇူးရှင်ရယ်"

"သမီးကို အဖွားတို့က ချစ်ပါတယ်…ခင်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်အေ…ဒီလိုပဲ တစ်ပတ်တစ်ခါလာပြီး ချက်ပါ…စားပါ"

"မေမေတို့အိမ်ကို ကိုယ့်စားအိမ်သောက်အိမ်လို့ သဘောထားပါ။ အဆောင်မှာ ဘယ်နေရစားရတာ အဆင်ပြေမလဲ"

"ပြေပါတယ်…အန်တီ၊ မနက်ဘက် ကုမ္ပဏီက ကျွေးပါတယ်။ ညစာကျ ဝယ်စားပါတယ်"

"ဘာတွေဝယ်စားလဲ"

"ထမင်းဖြူနဲ့ ချဉ်ပေါင်ကြော်လေး၊ လက်ဖက်သုတ်လေးပေါ့"

"အိုအေ…အစားဆင်းရဲလိုက်တာ။ နေဦး…မေမေ ထည့်ပေးလိုက်မယ်။ ဟဲ့…သား…ဘာလချောင်ကြော်ဗူးနဲ့ ငါးရံ့ခြောက်ဖုတ်ပြီးသားတစ်ဗူး ထည့်ပေးလိုက်စမ်း"

"ဟုတ်…မေမေ"

ရဲဒီပါ မီးဖိုခန်းထဲ သွက်လက်စွာ ပြေးဝင်သွားရင်း ရင်ထဲ





မှာ ပီတိတွေ ဖြာနေရပါသည်။

ချာတိတ်နှင့်သူဟာ ရေစက်တွေ ဆုံမှာမို့ အစစအရာရာ အဆင်ပြေချောမွေ့သွားခဲ့တာ။ ယခုဆို သူ့အစ်မနှင့်အကိုတို့ အိမ်ထောင်ရေးကလည်း ဝါဆို၏ လိမ္မာပါးနပ်စွာ ကြားဝင်ပေးမှုကြောင့် အဆင်ပြေသွားပြီ။

အန်တီခိုင်နှင့်ဝါဆို့အပေါ် မြင်နေသည့် အရိပ်မည်းကြီးလည်း လွင့်သွားပြီ။

ရေနွေးအိုးပေါက်ကွဲမှုကြောင့်လည်း ဝါဆို့ကို လူကြီးတွေ ပိုပြီး ကြည်ဖြူသွားကြပေ၏။

အခြေအနေ အိုကေပြီဖြစ်ကြောင်း အနေအထားကြည့်လိုက်ရုံနှင့် သိပြီ။

နို့မို့…မေမေလား ယခုလိုပေးမှာ။

လူပျို့အမေ ဆန်တစ်စိတ်နဲ့…

တောင်ပေါ်ရိုးမှာ ပုန်းအိပ်ရမယ်ဆိုသည့် မေမေ။

အင်မတန် သားဂုဏ်မောက်သည့် မေမေ…

ခါတိုင်း သူခေါ်လာသည့် မိတ်ဆွေတွေ၊ အီစီကလီမလေးတွေဆို သူ ပညာပြလွှတ်လိုက်တာချည်းပါပဲ။

"ကြည့်မရပါဘူး…ငါ့သားရယ်၊ ရုပ်တွေ…အသံတွေ

ကိုက ပီလောပင်…ပက်ကျိတက်မတွေ။ လင့်လုပ်စာ ထိုင်ဖြန့်မယ့်ဟာမတွေ”

ယခုလို စားသောက်စရာတွေ ဘာတွေထည့်ပေးဖို့ဆိုတာ ဝေးရော…

သူကလည်း အီစီကလီနှင့် ခွာမရသည့် မိန်းကလေးတွေဆို အစ်မတွေနှင့် မေမေ့ဆီသာ ခေါ်လာလိုက်။

တစ်ခါတည်း တပ်လန့်သွားရုံ။

ယခု ချာတိတ်ကိုကျ မေမေရော အစ်မတွေပါ ကြည့်လို့ရသွားပြီ။ ကရုဏာမိးတွေ ရွာသွန်းဖြိုးနေကြပေပြီ။

မေမေ ပေးခိုင်းသည့် ဗာလချောင်ကြော်ဖူးနှင့် ငါးရံ့ခြောက်ထည့်ထားသည့်ဖူးကိုယူ လက်ဆွဲအိတ်ထဲထည့်ကာ သူ အပြင်ပြန်ထွက်လာတော့…

ဝါဆိုကို သူ့အစ်မများက ဝိုင်းပြီး အင်တာဗျူးနေကြ၊ သူ့အကြောင်း ချောက်တွန်းနေကြတာနှင့် တိုးလေ၏။

“ဒီပါက အငယ်ဆုံး၊ အိမ်မှာ အဆိုးဆုံး၊ အဲဒီလိုကောင်မျိုးကို ဝါဆို ဘယ်လိုကိုင်လိုက်တာလဲ။ တစ်ခါတည်း ငြိမ်ဝပ်ပိပြားသွားတာပဲ”

“ငါတို့ ဝင်မှုလိုက်မှာဟဲ့…ငါတို့က ကိုယ့်ယောကျ်ားတွေ





ကို အသေနိုင်တော့ ငါတို့မောင်လေးကိုလည်း အသေနိုင်တဲ့သူပေါ်လာဦးမှာပေါ့”

“မမတို့ပြောတာ မှားနေပြီ။ ဝါဆိုက ကိုကို့ကို အကိုတစ်ယောက်လိုပဲ အားကိုးတာ၊ ခင်မင်တာပါ။ ဝါဆို အခုလိုက်လာတာလည်း အဆောင်မှာ စားသောက်မကောင်းလို့ အိမ်ထမင်း၊ အိမ်ဟင်းလေးတွေ ကျွေးမယ်ဆိုလို့ လိုက်လာမိတာပါ”

“ကလေးကို ငါးပိချက်နဲ့မျှားပြီး ခေါ်လာတာပေါ့…ဟုတ်လား။ ငါတို့က သဘောတူပါတယ်ဟဲ့…မကြောက်ပါနဲ့”

“မဟုတ်ပါဘူး…ဝါဆို တကယ်ပြောတာပါ။ ကိုကို့ကို အကိုတစ်ယောက်လို ခင်တာပါ”

သူ့အစ်မတွေ လှည့်ပတ်မေးနေသမျှ ဝါဆို့မှာ ချွေးတွေပြန်ပြီး နှာခေါင်းလှလှလေးမှာ ချွေးစို့နေစဉ် ရဲဒီပါ မဏ္ဍပ်တိုင်ဖက်တက်ရပါတော့သည်။

“ထ…ဝါဆို…သူတို့ကို ဘာမှရှင်းချက်ထုတ်မနေနဲ့။ တကယ်အရစ်တွေ…သူတို့ဒဏ် သူတို့ယောကျ်ားတွေပဲ ခံလိမ့်မယ်။ ထ…ကိုကို ညီမလေးကို ပြန်ပို့ပေးမယ်”

“နေဦး…ကိုကို…ဝါဆို လူကြီးတွေကို ကန်တော့လိုက်ဦးမယ်”

ပြောပြီး ညည့်ခန်းထဲရှိသမျှ လူကြီးသူမ၊ ရဲဒီပါ၏မိဘများ၊ အဘိုးအဘွားများကို ရှိခိုးဦးချနေလျှင် မြန်မာ့ယဉ်ကျေးမှုကို လေးစားလိုက်နာ ပျက်ဝပ်ရိုကျိုးသည့် ဝါဆိုအား အားလုံးပင် သဘောတွေကျ၊ ဆုတွေပေးနေတော့သည်။

သက်ထားဝါဆို အားလုံးကို နှုတ်ဆက်ပြီး ပြန်ထွက်လာတော့ ညနေ (၄) နာရီ။

ရဲဒီပါ ကားမောင်းရင်း ပီတိတွေ ဖြစ်နေ၏။ ယခုမှ ထီးလို မင်းလို ဖြစ်တော့တာ။ ရှေ့ဆက်ဖို့ ရဲပြီ။

"ဝါဆို"

"ရှင်…ကိုကို"

"ပျော်စရာကြီးနော်…ရေနွေးအိုးပေါက်လို့ အားလုံး အိုကေသွားတာနော်"

"ကိုကိုကလဲ…ကံကောင်းလို့ကို၊ မဟုတ်ရင် လူကြီးတွေ ထိခိုက်ဒဏ်ရာရကုန်မှာ"

"ဘာပဲဖြစ်ဖြစ် အဆိုးထဲက အကောင်းလေ။ အဲဒီဖြစ်စဉ်ကြောင့် ရယ်…ဝါဆို့ရဲ့ ပင်ကိုစိတ်ရင်းလေး ကောင်းတာ၊ ထက်မြက်တာတွေကြောင့်သာ ပြဿနာအားလုံး ပြေလည်သွားရတာ"





"ဝါဆိုကတော့လေ… မေမေ့ကို ဗီလိန်မကြီးဘဝက လွတ်အောင်လုပ်ပေးနိုင်ခဲ့တာကိုပဲ ဝမ်းသာလို့မဆုံးဘူး"

"ဟုတ်တာပေါ့…ညီမလေးရယ်၊ ခုဆို ကိုကိုတို့ရှေ့ရေး လည်း ပူစရာမလိုတော့ဘူး။ အားလုံး အိုကေသွားပြီ"

"ဘာတုန်း…ကိုကိုရဲ့"

"ဝါဆိုနဲ့ ကိုကိုတို့ရဲ့ ချစ်ခရီးလေ…ရှေ့လျှောက်ပြီး ပန်းခင်းလမ်းပဲ"

"အောင်မယ်…ကိုကို့ကို ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"မပြောလည်း သိတယ်လေ…ဝါဆို အပျိုကြီးလုပ်လို့ မဖြစ်ပါဘူး။ ကိုကို့လို လိမ်လိမ်မာမာ မသောက်မစားနဲ့ အမျိုးမှန် အဖိုးတန် ရိုးရိုးသားသားလေးကို ရတုန်းဆွဲထား၊ မှုမနေနဲ့"

"အောင်မာ…သူ့ကိုယ်သူ သိဒ္ဓိတွေတင်နေလိုက်တာ။ လူလည်ကြီး"

"ချာတိတ်ကလည်းကွာ…ကိုကိုက အသက်အစိတ်ပြည့်တော့မယ်ကွ။ မိန်းကလေးဆိုတာ (၁၈) နှစ်ဆို အတော်ပဲ။ သမီးရည်းစားဘဝနဲ့ ဒီတစ်နှစ်နေလိုက်။ ရှေ့နှစ်ကျ လက်ထပ်ကြမယ်၊ အိုကေ"

"အောင်မယ်…မေမေ့ကို လုပ်ကျွေးချင်လို့ ရန်ကုန်တက် အလုပ်လုပ်ပါတယ်။ သူက ဝါဆို့ရည်ရွယ်ချက်တွေကို ဖျက်နေတယ်။ မယူပါဘူးနော်။ ဝါဆို မေမေတို့ကို (၁၀) နှစ် လုပ်ကျွေးဦးမှာ။ ဝါဆို အသက် (၂၇) ကျမှ ယူမှာ"

"ဟင်း…အဲဒီ့အရွယ် အပျိုဟိုင်းကြီးဆို ဘယ်သူက ယူမှာတုန်းကွ။ မသိဘူးကွာ…ကိုကိုကတော့ ရှေ့နှစ်ယူမှာပဲ။ အကို့လို သူ့မိဘတွေ တစ်လ (၂) သိန်း ထောက်ပံ့သလိုမျိုး ကိုကိုကလည်း ယောက္ခမတွေကို တစ်လ (၂)သိန်း ထောက်ပံ့ပါ့မယ်တဲ့ဗျာ"

"နောင်ခါလာမှ နောင်ခါချေးပဲ"

ချစ်စရာမျက်နှာပေးလေးနှင့် ကောင်မလေးကို ရဲဒီပါ ငုံ့နမ်းမိတာ ချစ်လွန်းလို့ပါနော်။

မာယာတွေ၊ မဆလာတွေ မပါပါဘူးတဲ့ဗျာ…

ချမ်းမြေ့ကြပါစေ…

ကြယ်စင်မှူးဝေ

၁၃-၃-၂၀၁၈